# ကြေးမုံ
# The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-9-2015) (၈၃၃၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် ဆဲလ်မန် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ရွာရန်ရာနှုန်းပြည့်

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။



°C
၃၃-၂၅

# ကယ်ဆယ်ရေးနှင့် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ကူညီထောက်ပံ့သည့်အဆင့်များ ဆောင်ရွက်ခဲ့ပြီးဖြစ်

# မြေပြိုမှုကြောင့် ပျက်စီးသွားသည့်နေအိမ်များကို ဆောင်းရာသီမရောက်မီ ပြန်လည်ဆောက်လုပ်ပေးရန်လို

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် ဟားခါးမြို့သို့ရောက်ရှိရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမသို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ကြောင့် မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားချိန်မှစပြီး မိမိကိုယ်တိုင် လာရောက်အားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေ မပေးသဖြင့် နှစ်ကြိမ်တိုင်တိုင် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း။

သဘာဝဘေးကျရောက်ချိန်တွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် (၃)ရပ်အနက် ကယ်ဆယ်ရေးနှင့် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ကူညီထောက်ပံ့သည့်အဆင့်များကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။**

(သတင်းစဉ်)


မြောက်ဖျားခရီးသွား ပွဲ့ဖြိုးရေး
စာမျက်နှာ - ၂

ကုလသမဂ္ဂတွင် ငြိမ်းချမ်းရေးခေါင်းလောင်းထိုးပွဲ အခမ်းအနားကျင်းပ
စာမျက်နှာ - ၄

လက်ဝှေ့ပရိသတ်တစ်ဦးပါလို့ဆိုတဲ့ မန်ယူတိုက်စစ်မှူး ရွန်းနီ
စာမျက်နှာ - ၁၃





**ကြေးမုံ စာတည်း ရှုထောင့်** — ၂၃-၉-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# မြောက်ဖျားခရီးသွားဖွံ့ဖြိုးရေး

မြန်မာနိုင်ငံသည် သဘာဝကပေးသော ရေမြေအနေအထားများအရ လှပတင့်တယ်သည့် ပတ်ဝန်းကျင်ကောင်းများကို ပိုင်ဆိုင်ထားသည်။ နိုင်ငံတစ်ဝန်းလုံးတွင် နှစ်လိုဖွယ်သဘာဝပတ်ဝန်းကျင်များ အမြောက်အမြားရှိသည့်အနက် မြန်မာပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့သည် ခရီးသွားများအား အထူးနှစ်သက်စေသော နေရာကောင်းများဖြစ်သည်။

မကြာသေးမီကာလက သစ်တောဦးစီးဌာန၊ ယူနက်စကိုနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်း၍ ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်ပိုင်းတိုးချဲ့ဒေသကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်ရန် ဒေသခံများအား တိုးချဲ့ပညာပေးရေးနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အချက်အလက်များစုဆောင်းရန် ကွင်းဆင်းသုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဟု ကြားသိခဲ့ရပေရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအားတက်မိပါသည်။

လက်ရှိတွင် ကချင်ပြည်နယ်အတွင်းရှိ ခါကာဘိုရာဇီတောင်၊ ဂန်လန်ရာဇီတောင်နှင့် ခါကာဘိုရာဇီတောင်၏ တောင်ဘက်ခြမ်းရှိ တိုးချဲ့နယ်မြေများကို စုပေါင်း၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုအဖွဲ့နှင့် အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ခါကာဘိုရာဇီတောင်ပိုင်း တိုးချဲ့ဒေသကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်၍ ပိုမိုကောင်းမွန်သော လုပ်ငန်းတစ်ခု ဖြစ်လာပေသည်။

ခါကာဘိုရာဇီတောင်ဝန်းကျင်ဒေသသည် ပေပေါင်း တစ်သောင်းကိုးထောင်ကျော်မြင့်မားသော ဆယ့်နှစ်ရာသီရေခဲဖုံးလွှမ်းထားသည့် လှပသောတောင်တန်းကြီးနှင့် ပတ်ဝန်းကျင်တွင် သဘာဝအလှအပများ၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ပေါက်ပွားရာဒေသဖြစ်သည်။ အဆိုပါဒေသသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ တြိဂံနယ်မြေတွင် ထူးခြားမှုအရှိဆုံး နေရာဒေသဖြစ်သည်။ မြင့်မားသော ခါကာဘိုရာဇီတောင်ကြီးသည် တောင်တက်ခရီးသွားများ စိတ်ဝင်စားသောနေရာဒေသဖြစ်ပြီး ရှေးယခင် ကတည်းက အခြားနိုင်ငံမှ တောင်တက်ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြဖူးသည်။

ခါကာဘိုရာဇီတောင်တည်ရှိရာ မြန်မာပြည်မြောက်ဖျားနှင့် တစ်ဆက်တည်းဖြစ်သည့် တရုတ်နိုင်ငံဘက်ခြမ်းတွင် ခါကာဘိုရာဇီတောင်ကဲ့သို့ ကျောက်စိမ်းနဂါးနှင်းတောင်တည်ရှိသည်။ အမြင့်မှာ ပေပေါင်း တစ်သောင်းရှစ်ထောင်ကျော်ရှိသဖြင့် ခါကာဘိုရာဇီတောင်ထက်နိမ့်သည်။ သို့သော် ထိုတောင်ကြီးပေါ်သို့ တောင်တက်သမားမဟုတ်သော ခရီးသွားများ နေ့စဉ် အဆက်မပြတ်လာရောက်လျက်ရှိရာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိနေသည်။

ထိုကဲ့သို့ဖြစ်ထွန်းနေသည်မှာ တောင်ပေါ်ဒေသဖြစ်သော်လည်း နယ်မြေဒေသ အေးချမ်းသာယာခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ခရီးသွားလုပ်ငန်းများမှ ဧည့်သည်များအား အဆင်ပြေချောမွေ့စွာဖြင့် လွယ်လင့်တကူပို့ဆောင်ပေးခြင်း စသည့်အချက်များကြောင့် ခါကာဘိုရာဇီနှင့်အလားတူဒေသတစ်ခု ဖွံ့ဖြိုးနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ထိုသို့ ဖွံ့ဖြိုးလာရန်အတွက် လွယ်ကူသောကိစ္စမဟုတ်သော်လည်း ယခုကဲ့သို့ အစပျိုးကြိုးပမ်းအားထုတ်မှုများအား ပူးပေါင်းပါဝင်ကြိုဆိုကြရမည်ဖြစ်သည်။

ခါကာဘိုရာဇီတောင်ပိုင်းတိုးချဲ့ဒေသကို သဘာဝနယ်မြေအဖြစ် သတ်မှတ်မည်ဆိုလျှင် ကြေးတိုင်လုပ်ငန်းအရ ကြာမြင့်မည်ဖြစ်၍ မြို့ရွာများအား ချန်လှပ်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်နှင့် ဒေသခံတို့၏ သဘောတူညီချက်ဖြင့် စီမံအုပ်ချုပ်နိုင်မည့်ဧရိယာကိုသာ သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှသိရသဖြင့် လျော်ကန်သင့်မြတ်မှုရှိပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမြောက်ဖျားရှိ သဘာဝအလှတရားကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် သဘာဝနယ်မြေတည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကကျသော နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်စေရန် တိုက်တွန်းအပ်ပါသည်။ ။

# အရှေ့တောင်ဒေသ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးညီလာခံ မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၂**

ငြိမ်းချမ်းရေးသည် လူသားအားလုံး ရရှိခံစားသင့်သည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ ပါဝင်မှုအခန်းကဏ္ဍ ညှိနှိုင်းရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းခွင်တွင် ပိုမိုပါဝင်လာနိုင်ရန်နှင့် ပြည်သူလူထုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအရှေ့တောင်ဒေသ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ငြိမ်းချမ်းရေးညီလာခံကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက် ထိ မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ညီလာခံကျင်းပရေးဦးဆောင်ကော်မတီ ဦးမင်းအောင်ထူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP မှ Mr.Peter Barwick (UN Peace and Development Advisor) တို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်း အကြောင်းကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့ (SD) မှ KNU ဒုတိယ ဥက္ကဋ္ဌ နော်စီဖိုးရာစိန်က လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက လည်းကောင်း အသီးသီးပြောကြားခဲ့ကြသည်။

အဆိုပါညီလာခံတွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကို ဒေသအလိုက်တင်ပြခြင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဒေသအသီးသီးရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အမြင်သဘောထားစာတမ်းများတင်ပြခြင်း၊ အရပ်သားကာကွယ်ရေးနှင့် အရပ်သား အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေးလုပ်ငန်း နိုင်ငံတကာအတွေ့အကြုံများ၊ Public Dialogue အကြောင်းများ တင်ပြခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်နိုင်သည့်အခန်းကဏ္ဍ ဆွေးနွေးဖော်ထုတ်ခြင်း၊နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်(NCA)အကြောင်း သုံးသပ်ခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ ဆောင်ရွက်နိုင်မည့် ကဏ္ဍများအပေါ် မူတည်ပြီး ပြည်နယ်/တိုင်းဒေသကြီးအလိုက် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

"အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ပါဝင်နိုင်တဲ့ကဏ္ဍတွေ ဒီညီလာခံကတစ်ဆင့် ပိုပြီးတော့ ပီပီပြင်ပြင်ပေါ်လာမယ်လို့ ကျွန်တော်တို့ယူဆတယ်"ဟု ဦးဆောင်ကော်မတီဝင် ဦးမင်းအောင်ထူးက ပြောသည်။

ညီလာခံသို့ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ အရပ်ဘက်လူမှုအဖွဲ့အစည်း ပေါင်း ၂၈၀ ကျော်မှ ကိုယ်စားလှယ်များ၊ UNDP နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့် ဦးဆောင်ကော်မတီဝင်များ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

အရှိုချင်းအမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ခနိုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတားတည်ဆောက်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာတို့အား ဆက်သွယ်ပေးမည့် ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် Best Asia Myanmar ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက်တံတားသည် အရှည်ပေ ၅၀ အကျယ် ၁၂ ပေရှိကာ တံတားတည်ဆောက်ပြီးစီးပါက ကျေးရွာနှစ်ရွာအတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကိစ္စရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

**ဥတုရာသီ တောကိုမှီ**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၇၂၀၀၀ - ၇၇၃၀၀၀ |
| မန္တလေး ရွှေဈေး | ၇၇၂၀၀၀ - ၇၇၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၄၂. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၂. ၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၉၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၁. ၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၆၂၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၀. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၉. ၃၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၉. ၂၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၂. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြေပြိုမှုကြောင့် ပျက်စီးသွားသည့်နေအိမ်များကို ဆောင်းရာသီမရောက်မီ ပြန်လည်ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း၊ မြို့သစ်သို့ ရွှေ့ပြောင်းမည့် မိသားစုများအတွက် ရေ၊ လျှပ်စစ်မီး၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများကို မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ပေးရန် လိုအပ်ကြောင်း။

ယခု ယာယီပြင်ဆင်ထားသော လမ်း၊တံတားများကိုလည်း မူလအနေအထားထက်ပိုကောင်းအောင် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော စာသင်ကျောင်းများကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ပြင်ဆင်ဆောက်လုပ်သွားမည်ဖြစ်၍ ပြည်နယ်၏ အနေအထားနှင့် ကိုက်ညီအောင် ပုံစံရေးဆွဲဆောက်လုပ်ရန် လိုအပ်ကြောင်း။

ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်တွင်း/ပြည်ပ စေတနာရှင်များနှင့် ဒေသခံပြည်သူများ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရုံသာမက မူလထက်ပိုမိုကောင်းမွန်သော အခြေအနေကို ရရှိမည်ဖြစ်ကြောင်း။

တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စီမံခန့်ခွဲရန်၊ တက်တက်ကြွကြွ ဦးဆောင်ရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်လာအောင် စည်းရုံးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဌာနအလိုက် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သဘာဝဘေးကြောင့် ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အားပေးစကားပြောကြားပြီး သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် မဝတ်လုံချည် အထည် ၂၀၀၀၊ ပလတ်စတစ်ဖျာ အချပ် ၁၀၀၀၊ ခြုံစောင် အထည် ၁၀၀၀ နှင့် ဆိုလာလက်ဆွဲမီးအိမ်အလုံး ၁၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် သဘာဝဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝန်းအတွင်း ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ ယာယီအမိုးတဲများ ဆောင်ရွက်ပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ အဆိုပါကျောင်းခန်းမ၌ ဆက်လက်ကျင်းပသည့် သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့က ချင်းပြည်နယ်သဘာဝဘေးအတွက် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဩဝါဒစကားမြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် သီတဂူသာသနာပြုအဖွဲ့အတွင်းရေးမှူးက ချင်းပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများအတွက် အလှူငွေကျပ် သိန်း ၁၅၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လက်ခံရယူသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးကိုယ်စား သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ချင်းပြည်နယ်အစိုးရအတွက် အလှူငွေကျပ်သိန်း ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် သီတဂူသာသနာပြုအဖွဲ့မှ ဆရာတော် ဘဒ္ဒန္တကောဝိဒက ချင်းပြည်နယ်အတွင်းရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအတွက် အလှူငွေကျပ် သိန်း ၁၅၀၀ ကို ပေးအပ်လှူဒါန်းရာ ကက်သလစ်ဘုန်းတော်ကြီး ဖာသာ ဖီးလစ်ဇဟေးက လက်ခံရယူသည်။

ယင်းနောက် သီတဂူအလှူရှင်များက ဆေးရုံများအတွက် အမေရိကန်ဒေါ်လာ ၈၀၀၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးကိရိယာများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ဘမောင်က လက်ခံရယူသည်။

ထို့နောက် ဒေသခံတစ်ဦးက ထိုသို့ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရိပ်သာ၌ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ကလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့ ပျဉ်သာကျေးရွာသို့ရောက်ရှိပြီး မြစ်သာမြစ် ရေကြီးရေလျှံမှုမှကာကွယ်ရန် ကလေးမြို့ ရေဘေးကာကွယ်ရေးတာ ဆောင်ရွက်မည့်နေရာအား ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျီကုန်းကျေးရွာအနီးရှိ မြစ်ကျဉ်း(၁) သို့ရောက်ရှိပြီး မြစ်သာမြစ်ရေစီးရေလာကောင်းမွန်စေရန် မြစ်ကြောင်းချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျောက္ကာကျေးရွာသို့ ရောက်ရှိပြီး နေအိမ်သစ် ၁၀၁ လုံး တည်ဆောက်ခြင်း လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ကျေးရွာများအား ရွှေ့ပြောင်းနေရာချထားမှု၊ နေအိမ်သစ်များ တည်ဆောက်ပေးရန်လိုအပ်မှု၊ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မှာကြားပြီး တည်ဆောက်လျက်ရှိသည့် နေအိမ်သစ်များနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

### ချင်းပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် မြေသားခိုင်မာမှုမရှိ၍ ပျက်စီးခဲ့သော မြို့နယ်အလိုက် လူနေအိမ်များစာရင်း (၂၁-၉-၂၀၁၅ ရက်နေ့အထိ)

| စဉ် | မြို့နယ် | မြို့ပေါ် | ကျေးလက် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဟားခါး | ၃၇၇ | ၁၅၃ | ၅၃၀ | |
| ၂။ | ထန်တလန် | - | - | - | |
| ၃။ | ဖလမ်း | ၅ | ၃ | ၈ | |
| ၄။ | တီးတိန် | - | ၆၈ | ၆၈ | |
| ၅။ | တွန်းဇန် | - | ၉၂ | ၉၂ | |
| ၆။ | မင်းတပ် | ၂ | ၃၄ | ၃၆ | |
| ၇။ | ကန်ပက်လက် | - | ၃၀ | ၃၀ | |
| ၈။ | မတူပီ | - | - | - | |
| ၉။ | ပလက်ဝ | ၁၃၇ | ၂၂၅ | ၃၆၂ | |
| | ပြည်နယ်ချုပ် | ၅၂၁ | ၆၀၅ | ၁၁၂၆ | |

### ချင်းပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် မြေသားခိုင်မာမှုမရှိ၍ အန္တရာယ်ရှိပြီး ဆက်လက်နေထိုင်ရန်မသင့်သည့် ပြောင်းရွှေ့ရမည့် လူနေအိမ်များစာရင်း (၂၁-၉-၂၀၁၅ ရက်နေ့အထိ)

| စဉ် | မြို့နယ် | မြို့ပေါ် | ကျေးလက် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဟားခါး | ၃၂၂ | ၁၈ | ၃၄၀ | |
| ၂။ | ထန်တလန် | - | ၂ | ၂ | |
| ၃။ | ဖလမ်း | ၂၁ | ၈၃ | ၁၀၄ | |
| ၄။ | တီးတိန် | - | ၃၇၄ | ၃၇၄ | |
| ၅။ | တွန်းဇန် | - | ၂၇၁ | ၂၇၁ | |
| ၆။ | မင်းတပ် | - | ၉၆ | ၉၆ | |
| ၇။ | ကန်ပက်လက် | - | ၉ | ၉ | |
| ၈။ | မတူပီ | ၂၃ | ၁၈ | ၄၁ | |
| ၉။ | ပလက်ဝ | ၃၁၀ | ၂၇၈ | ၅၈၈ | |
| | ပြည်နယ်ချုပ် | ၆၇၆ | ၁၁၄၉ | ၁၈၂၅ | |



**ဟားခါးမြို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို တွေ့ရစဉ်။** (သတင်းစဉ်)

# ကုလသမဂ္ဂတွင် ငြိမ်းချမ်းရေးခေါင်းလောင်းထိုးပွဲ အခမ်းအနားကျင်းပ

**နယူးယောက် စက်တင်ဘာ ၂၂**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရင်ဆိုင်နေရသည့် ပဋိပက္ခများကို ပြီးဆုံးသွားသည်အထိ ဆက်လက်ရုန်းကန်လှုပ်ရှားသွားမည်ဖြစ်ကြောင်း နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် ပြောကြားသည်။

အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အဆိုပါမှတ်ချက်စကားကို တနင်္လာနေ့က အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပသည့် ငြိမ်းချမ်းရေးခေါင်းလောင်းထိုးပွဲ နှစ်ပတ်လည်အခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။ အဆိုပါငြိမ်းချမ်းရေးခေါင်းလောင်းကို ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ လှူဒါန်းကြသည့် ဒင်္ဂါးပြားများ၊ ဆုတံဆိပ်များဖြင့် သွန်းလောင်းခဲ့သည့် ခေါင်းလောင်းဖြစ်သည်။

ငြိမ်းချမ်းရေးခေါင်းလောင်းထိုးပွဲ အခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီး မိုတိုဟီဒီ ယိုရှီကာဝါနှင့် အမေရိကန်ရုပ်ရှင်မင်းသား မိုက်ကယ် ဒေါက်ဂလက်စ်တို့ တက်ရောက်ခဲ့ကြသည်။



ဘန်ကီမွန်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စစ်ပွဲများအတွင်းမှ အနာဂတ်မျိုးဆက်သစ်များကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုသီတင်းပတ်နှောင်းပိုင်းတွင် ကျင်းပမည့် ကုလသမဂ္ဂထိပ်သီးညီလာခံတွင် ဖွံ့ဖြိုးမှုပန်းတိုင်သစ်များကို သဘောတူလက်ခံသွားမည်ဖြစ်သည်။ အထွေထွေညီလာခံကို လာမည့်သီတင်းပတ်တွင် ကျင်းပသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ခိုလှုံခွင့်တောင်းခံသူများအား မျှဝေလက်ခံရေးအစီအစဉ်ကို ချက်သမ္မတနိုင်ငံ ပယ်ချ

**ဘရပ်ဆယ် စက်တင်ဘာ ၂၂**

ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံများအတွင်း ခိုလှုံခွင့်တောင်းခံသူ ဒုက္ခသည်များကို မည်ကဲ့သို့ နေရာချထားပေးနိုင်မည့် အစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍ ချက်သမ္မတနိုင်ငံက စက်တင်ဘာ ၂၂ ရက်တွင် လုံးလုံးလျားလျား ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။



ဥရောပတစ်လွှားနိုင်ငံများသို့ ဝင်ရောက်လာခဲ့ကြသော တရားမဝင်ရွှေ့ပြောင်းအခြေစိုက်သူများအား နိုင်ငံများက မျှဝေလက်ခံရေး အစီအစဉ်တစ်ရပ်ကို အီးယူပြည်ထဲရေးဝန်ကြီးများက ဆွေးနွေးရန်ရှိနေစဉ် ချက်သမ္မတနိုင်ငံက ယင်းအစီအစဉ်ကို ယတိပြတ် ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်သော အီးယူ အဖွဲ့ဝင်နိုင်ငံများက ဒုက္ခသည် ၁၂၀၀၀၀ အား အသီးသီးမျှဝေလက်ခံရေးအစီအစဉ်ကို လက်မခံနိုင်ကြောင်း ချက်ဝန်ကြီးချုပ် ဘိုဟူစလက်ဗ် ဆိုဘော့ကာ**(ဓာတ်ပုံ)**က ပြောကြားသည်။

စစ်ဖြစ်ပွားခြင်းနှင့် ဆင်းရဲမွဲတေခြင်းတို့မှ ဝေးရာသို့ ထွက်ပြေးခိုလှုံရန် ကြိုးပမ်းသူ လူငါးသိန်းခန့်ရှိပြီး ၎င်းတို့အနက် ငါးပုံနှစ်ပုံမှာ ဆီးရီးယားနိုင်ငံမှ ဖြစ်ကြသည်။

တရားမဝင်ရွှေ့ပြောင်းသူများသည် ယခုနှစ်အတွင်း ဥရောပသို့ ရောက်ရှိရန် မြေထဲပင်လယ်ကို ဖြတ်သန်းခဲ့ကြသည်။ အီးယူ၏ တောင်ပိုင်းနိုင်ငံများသို့ တရားမဝင်ရွှေ့ပြောင်းသူများ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ပြီး နယ်စပ်ဒေသများ၌ သောင်တင်လျက်ရှိကြသည်။

အီးယူနိုင်ငံများက မျှဝေလက်ခံမည့် အစီအစဉ်အရ ဒုက္ခသည် ၁၂၀၀၀၀ ကိုသာ လက်ခံမည်ဖြစ်ကြောင်း၊ ယင်းအရေအတွက်မှာ လက်ရှိ ဝင်ရောက်မှုနှုန်းအရ ခြောက်ရက်မျှသာကြာသည့် ကာလတစ်ရပ်အတွင်း ဝင်ရောက်လာနိုင်သည့် ဒုက္ခသည်ဦးရေ ပမာဏသာ ဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဝေဖန်ပြောကြားသည်။

**ရိုက်တာ။**

# ရှီကျင့်ဖျင် နှစ်ကြိမ်သွားရောက်လည်ပတ်ခဲ့သည့် အိုင်အိုဝါပြည်နယ်၌ တရုတ်ယဉ်ကျေးမှုစင်တာတည်ဆောက်မည်

**ကျိုနန် စက်တင်ဘာ ၂၂**

တရုတ်ယဉ်ကျေးမှုစင်တာတစ်ခုကို အမေရိကန်ပြည်ထောင်စု အိုင်အိုဝါပြည်နယ် မက်ကာတင်းမြို့တော်ရှိ တရုတ်-အမေရိကန်ချစ်ကြည်ရေးတိုက်၌ စတင်တည်ထောင်မည်ဖြစ်ကြောင်း တရုတ်ကွန်ဖြူးရှပ်ဖောင်ဒေးရှင်းက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

တရုတ်-အမေရိကန်ချစ်ကြည်ရေးတိုက်ကို လူဦးရေနှစ်သောင်းနီးပါးရှိသော အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်း မက်ကာတင်းမြို့တော်၌ ယခုလအစောပိုင်းက ခရီးသွားများအတွက် ဖွင့်လှစ်ထားသည်။ အဆိုပါမြို့မှာ ၂၀၁၃ ခုနှစ် မတ်လက သမ္မတအဖြစ် စတင်တာဝန်မထမ်းဆောင်မီ သမ္မတ ရှီကျင့်ဖျင် နှစ်ကြိမ်သွားရောက်လည်ပတ်ခဲ့သောကြောင့် တရုတ်နိုင်ငံတွင် နာမည်ကျော်ကြားသောမြို့ဖြစ်လာခဲ့သည်။တရုတ်-အမေရိကန် ချစ်ကြည်ရေးပြတိုက်မှာ တရုတ်-အမေရိကန်ချစ်ကြည်ရေးကို အစဉ်တန်ဖိုးထားသော အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးသော ပြတိုက်ဖြစ်သည်။ နိုင်ငံရပ်ခြားယဉ်ကျေးမှုစင်တာတစ်ခုကို တရုတ်ယဉ်ကျေးမှုအတွက် ဝင်ပေါက်တစ်ခုအဖြစ်ဆောင်ရွက်ရန် နိုဝင်ဘာလတွင် ယင်းပြတိုက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းမှ ဒုတိယညွှန်ကြားရေးမှူး လီချန်မင်းက ပြောကြားသည်။

၁၉၈၅ ခုနှစ်က သမ္မတ ရှီသည် တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ် ကျောင်ဒင်စီရင်စုတွင် တာဝန်ထမ်းဆောင်နေစဉ် တရုတ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့်အတူ မက်ကာတင်းမြို့သို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုအချိန်က သမ္မတရှီသည် ယင်းတိုက်၌ နေထိုင်ခဲ့ပြီး နွေးထွေးသောကြိုဆိုမှုရရှိခဲ့သည်။ အဆိုပါတိုက်ကို ပိုင်ဆိုင်သောစုံတွဲက ယင်းတိုက်အား တရုတ်-အမေရိကန် ဖလှယ်ရေးဆောင်ရွက်မှုများ မြှင့်တင်ပေးသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် China Window Group ထံရောင်းချပြီးနောက် ဖလော်ရီဒါပြည်နယ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ သမ္မတရှီ၏ မက်ကာတင်းမြို့သို့ သွားရောက်သည့် ဒုတိယမြောက်ခရီးစဉ်မှာ တရုတ်နိုင်ငံ၏ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေချိန် ၂၀၁၂ ခုနှစ်က ဖြစ်သည်။

**ဆင်ဟွာ။**

# အာဖဂန်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် တာလီဘန်ခေါင်းဆောင်သစ် အရိပ်အမြွက်ပြော

**ကဘူး စက်တင်ဘာ ၂၂**

အာဖဂန်အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်သည့် အလားအလာရှိကြောင်း အာဖဂန်တာလီဘန်အဖွဲ့၏ ခေါင်းဆောင်သစ် မူလာမန်ဆောက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

ကွယ်လွန်သူ မူလာအိုမာ၏အရိုက်အရာကို ဆက်ခံခြင်းနှင့်ပတ်သက်၍ သဘောထားကွဲလွဲသူ တာလီဘန်တပ်မှူးများပါဝင်သော အုပ်စုတစ်စုက မူလာမန်ဆောအားရှုတ်ချခဲ့ပြီး ရက်ပိုင်းအကြာတွင် ၎င်းက အထက်ပါအတိုင်း အရိပ်အမြွက် ပြောကြားခြင်းဖြစ်သည်။

ကျင်းပအံ့ဆဲဆဲ မွတ်စလင်အိဒ်ပွဲတော်အထိမ်းအမှတ်သဝဏ်လွှာပေးပို့ရာတွင် မူလာမန်ဆောက အာဖဂန်အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ဖွယ်ရှိမှုကို ရေးသားထားသည်။

သို့ရာတွင် တာလီဘန်အဖွဲ့အတွင်း သဘောထားကွဲလွဲမှုဖြစ်ပေါ်နေခြင်းကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနိုင်မည့်အလားအလာမှာ မှေးမှိန်နေကြောင်း သတင်းတွင် ဖော်ပြသည်။

အိုမာကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဟု အာဖဂန်ထောက်လှမ်းရေးသတင်း ပေါက်ကြားမှုပေါ်ပေါက်လာခဲ့ပြီးနောက် ဇူလိုင်လတွင် တာလီဘန်ခေါင်းဆောင်အဖြစ် မန်ဆောအားခန့်အပ်ခဲ့သည်။ မန်ဆောသည် အိုမာ၏ လက်ထောက်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

**ရိုက်တာ။**

# ဖိလစ်ပိုင်တောင်ပိုင်း အပန်းဖြေကျွန်း၌ လူလေးဦး ပြန်ပေးဆွဲခံရ

**မနီလာ စက်တင်ဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ရေပန်းစားသော အပန်းဖြေကျွန်းတစ်ကျွန်း၌ သေနတ်သမားများက ကနေဒါလူမျိုးကမ္ဘာလှည့်ခရီးသည်နှစ်ဦး၊ နော်ဝေလူမျိုး အပန်းဖြေစခန်းမန်နေဂျာတစ်ဦးနှင့် ဖိလစ်ပိုင်လူမျိုး အမျိုးသမီးတစ်ဦးတို့ကို ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း ကြည်းတပ်အရာရှိတစ်ဦးက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း၏ အကြီးဆုံးမြို့ကြီးဖြစ်သော ဒါဗောင်မြို့အနီး ဆာမယ်ကျွန်းရှိ အိုးရှင်းဗျူးအမည်ရှိ အပန်းဖြေစခန်း၌ စက်တင်ဘာ ၂၁ ရက်ညက သေနတ်သမားများ စီးနင်းဝင်ရောက်လာပြီး လူလေးဦးကို ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း ဖိလစ်ပိုင်ကြည်းတပ်မှ ဗိုလ်ကြီးအယ်လ်ဘာတိုကာဘာက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် မကြာမီကစ၍ အစိုးရက ကြိုးပမ်းခဲ့ပြီးနောက် နိုင်ငံခြားသားသုံးဦး ပြန်ပေးဆွဲခံရသည့်ဖြစ်ရပ် ပေါ်ပေါက်လာခြင်းအတွက် စစ်ဘက်နှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ အံ့အားသင့်မှုဖြစ်ခဲ့ကြရသည် ဆို၏။

ဒါဗောင်ဒေသသည် ဆယ်စုနှစ်တစ်စုကျော်မျှ ယခင်ကာလကထက် ပိုမိုတည်ငြိမ်အေးချမ်းလာသည့် ဒေသဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတောင်ပိုင်း၌ ခြေကုပ်ပြုထားသော အကြီးဆုံးသူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ရာ ၄၅ နှစ်ကြာ စစ်ရေးပဋိပက္ခပြီးဆုံးခဲ့သည်။ ယင်းပဋိပက္ခအတွင်း လူပေါင်း ၁၂၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး လူနှစ်သန်းခန့် အိုးအိမ်များကို စွန့်ကာ ထွက်ပြေးခဲ့ကြရသည်။

ပြန်ပေးဆွဲသူများမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရသေးကြောင်း ဗိုလ်ကြီးကာဘာက ပြောကြားသည်။

**ရိုက်တာ။**



ဖိလစ်ပိုင်နိုင်ငံတွင် ပြန်ပေးဆွဲခံရသော ကနေဒါနိုင်ငံသားနှစ်ဦး။

ပြည်တွင်းရေးရာ

# နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော်　　စက်တင်ဘာ　၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မီနိုရုကီယုချီနှင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ယိုဟဲ ဆာဆာကာဝါ ဦးဆောင်သော ဂျပန်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးရန်လိုအပ်သကဲ့သို့ လက်တွေ့ပိုင်းကိုလည်း လေ့ကျင့်ပေးရန်လို

**နေပြည်တော်　　စက်တင်ဘာ　၂၂**

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်း အမှတ်စဉ်(၄/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ Australian Electoral Commission နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်၊ မဲရုံမှူးအနေဖြင့် မဲရုံတွင် ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း။

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ခန့်အပ်ရာတွင် ဝန်ထမ်းများကို ဦးစားပေးခန့်အပ်ရမည်ဖြစ်သော်လည်း မဲရုံအဖွဲ့ဝင်များအနေဖြင့် အဆိုပါမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် (သို့မဟုတ်) အဆိုပါမဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံပြည်သူများလည်းဖြစ်နိုင်ကြောင်း၊ သင်တန်းပို့ချသည့်အခါ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးရန် လိုအပ်သကဲ့သို့ လက်တွေ့ပိုင်းကိုလည်း လေ့ကျင့်ပေးရန် လိုကြောင်း။

ထို့ပြင် ပြည်တွင်း ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဖိတ်ခေါ်ထားကြောင်း၊ နိုင်ငံတကာမှလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ သေးငယ်သော အမှားကိုပင် ပုံကြီးချဲ့ဝေဖန်မှုများရှိနိုင်၍ မိမိတို့အားနည်းချက်ဖြစ်ပါက နိုင်ငံ၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ကြောင်း။



၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၆၇)နှစ်အတွင်း (၆)ကြိမ်မြောက် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတွေ့အကြုံဗဟုသုတ နည်းပါးသဖြင့် ကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတော်လူကောင်းများ ရွေးချယ်နိုင်ရေးကို ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ CSO များ၊ ပါတီများကိုလည်း ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါကြောင်း၊ လူတော်လူကောင်းများကို ရွေးချယ်မှသာ နိုင်ငံတော်၏ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူလူထုတောင့်တနေသော ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော်ဖြစ်လာမည် ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် ပြည်သူလူထုကို ရွေးကောက်ပွဲ၏ အနှစ်သာရ၊ ရည်ရွယ်ချက်တို့နှင့်အညီ လူထုကိုယ်စားလှယ်များ မှန်ကန်စွာ ရွေးချယ်နိုင်ရေးအတွက် ပညာပေးဆောင်ရွက်ကြရန် လိုကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် အလေးထားဆောင်ရွက်ပေးရန်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို သင်တန်းပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင်ဖြင့် ထိထိရောက်ရောက်ပို့ချရန် လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အထောက်အကူရမည်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းနောက် Australian Electoral Commission မှ Ms. Robyn Whitney က ယခုသင်တန်းသည် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း၊ သင်တန်းသားများကိုယ်တိုင် ပြန်လည်သင်ကြားရမည်ဖြစ်၍ သင်ခန်းစာများကို အလေးအနက်ထားသင်ယူကြရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၁ ဦးဖြင့် စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　စက်တင်ဘာ　၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒဲလ် ဘင်အာမတ် အယ်လ် ဂျူဘီယာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ခေတ္တလမ်းပိတ်မည်

**ရန်ကုန်　　စက်တင်ဘာ　၂၂**

ကုက္ကိုင်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း Abutment A2 ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်စဉ် ယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ကမ္ဘာအေးစေတီလမ်း (အနုပညာအထက်တန်းကျောင်းမှ ကုက္ကိုင်းမီးပွိုင့်အထိ)ကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ လမ်းခေတ္တပိတ်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံဆရာဝန်အသင်း ကင်ဆာရောဂါပညာရပ်ဆိုင်ရာအဖွဲ့နှင့် ပူးပေါင်းပြီး ၂၀၁၅ ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ (1st Joint Cancer Forum, Myanmar 2015) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲကို ကင်ဆာရောဂါ စောစီးစွာတွေ့ရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကုသမှုခံယူစေခြင်းဖြင့် ကင်ဆာရောဂါကုသမှု ပိုမိုအောင်မြင်စေနိုင်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ပိုမိုဂရုပြုမိလာစေရန် ရည်ရွယ်၍ **"စောစီးစွာတွေ့ရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကုသမှုခံယူစေခြင်းဖြင့် ကင်ဆာရောဂါကုသအောင်မြင်စေနိုင်သည်"** ဟူသော ဆွေးနွေးပွဲဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ကင်ဆာရောဂါလူနာများအား ဆေးကုသရာတွင် အတူပူးပေါင်းဆောင်ရွက်ရသော ကင်ဆာဆေးပညာ၊ ကင်ဆာဓာတ်ရောင်ခြည်ပညာ၊ ရောဂါဗေဒပညာ၊ ဓာတ်မှန်ပညာ၊ အထွေထွေဆေးကုပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးဆေးပညာ စသည့် ဘာသာရပ်အသီးသီးမှ သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်ဆွေးနွေးဟောပြောကာ အတွေ့အကြုံများ နှီးနှောဖလှယ်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ အထွေထွေရောဂါကုဆရာဝန်များ၊ ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်များနှင့် ဘွဲ့လွန်သင်တန်းသားများ တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ ဆွေးနွေးပွဲသို့ တက်ရောက်မည့် လူဦးရေကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၉-၇၃၁၅၄၉၇၄၊ ၀၉-၅၁၅၄၀၄၇၊ ၀၁- ၅၃၂၄၃၈ နှင့် ၀၁-၅၃၂၄၄၇ တို့သို့ စက်တင်ဘာ ၂၄ ရက်နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ယနေ့မိုးလေဝသအခြေအနေ

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

## ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော်　　စက်တင်ဘာ　၂၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးရန် အဆင့်သို့ ရောက်ရှိနေပြီး တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်ကြောင်းကို ကြေညာထားပြီးဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်ပြီး နိုင်ငံရေးအရအမြတ်မထုတ်ဘဲ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး အမှန်တကယ်တိုးတက်အောင်လုပ်မည်ဆိုသည့် စိတ်ရှိရန်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro ASO အား ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro ASO နှင့်အတူ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE၊ နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. Yohei SASAKAWA နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi HIGUCHI နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**(ယာပုံ)**



တွေ့ဆုံစဉ် ဧည့်သည်တော်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းမှုများကြောင့် NCA လက်မှတ်ရေးထိုးရန်အဆင့်သို့ ရောက်ရှိနေကြောင်း၊ နိုင်ငံတစ်ခုတွင် တည်ငြိမ်အေးချမ်းမှုသည်အရေးကြီးပြီး တည်ငြိမ်အေးချမ်းမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်၏အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း၊

မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများတွင် တပ်မတော်က ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် တပ်မတော်အပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှုပိုမိုရရှိမည် ဖြစ်ကြောင်း၊ ရေဘေးဒဏ်ကြောင့် စာသင်ကျောင်းများပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးနှင့် ရေဘေးသင့်ဒေသများတွင် သောက်သုံးရေရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ရနိုင်သမျှ ထုတ်နုတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်က လုပ်ဆောင်ပေးခဲ့သော်လည်း ပြည်သူကများစွာမသိရှိကြောင်း၊ ယခုအခါ မီဒီယာများနှင့်ထိတွေ့မှုများပြီး Public Relation များ ပိုမိုလုပ်ဆောင်ခြင်းကြောင့် တပ်မတော်အပေါ် ပြည်သူကပို၍ သိရှိနားလည်လာပြီး ယုံကြည်မှုပိုမိုရရှိလာပါကြောင်း၊ တပ်မတော်၏ အင်အားနှင့်ပေါင်းစပ်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအရှိန်ရရှိစေပါကြောင်း၊ စာသင်ကျောင်းများအတွက် ဂျပန်နိုင်ငံမှ ယန်း ငါးဘီလီယံကူညီမည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ တပ်မတော်ကလည်း စာသင်ကျောင်းများအပါအဝင် ရေဘေးသင့်ဒေသများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် ကူညီဆောင်ရွက်နေပါကြောင်း၊ ရေကောင်းရေသန့်ရရှိရေး၊ စိုက်ပျိုးရေရရှိရေးလိုအပ်လျက်ရှိပြီး မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လေးနှစ်ကျော်ကာလရောက်ပြီဖြစ်ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရှိပြီး ကျော်လွှားရန် ကြိုးစားနေရမှုများလည်းရှိကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ယင်းလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သန္နိဋ္ဌာန်ချပြီးလုပ်ဆောင်လျက်ရှိပါကြောင်း၊ လာမည့် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန်၊ လွတ်လပ်ပြီးတရားမျှတမှုရှိရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင် သွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ သင်တန်းသားများ ပိုမိုစေလွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ခရီးစဉ်များသည်လည်း မိမိတို့၏ ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် အတွေ့အကြုံများရရှိစေပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)**

## ❒ မြန်မာ- ထိုင်းမှ

အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ သစ်တောထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများ ပါဝင်ကြောင်းသိရသည်။

ဈေးရောင်းပွဲတော်များကျင်းပခြင်းဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်လာပြီး နှစ်နိုင်ငံဒေသထွက်ကုန်များ အပြန်အလှန်ရောင်းဝယ်ပြီး ကုန်ပစ္စည်းများဖလှယ်ကာ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

ဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်ထိကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ❍ MNL မှ

ရတနာပုံအသင်းက ၁၆ ပွဲကစား ၃၃ မှတ်၊ ကမ္ဘောဇအသင်းက ၁၇ ပွဲကစား ၃၁ မှတ်၊ မကွေးအသင်းနှင့် ဧရာဝတီအသင်းတို့က ၁၆ ပွဲကစား ၃၀ မှတ်စီ၊ ချင်းယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၁၉ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၆ ပွဲကစား ၁၇ မှတ်၊ နေပြည်တော်အသင်းက ၁၇ ပွဲကစား ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၇ ပွဲကစား ၁၅ မှတ်၊ ဇွဲကပင်၊ မနော‌မြေနှင့်ရခိုင်အသင်းတို့က ၁၇ ပွဲကစား ၁၄ မှတ်စီရရှိထားသည်။

ယခုတစ်ပတ်ယှဉ်ပြိုင်မည့်ပွဲစဉ်များတွင် အကြိတ်အနယ်ရှိမည့် ပွဲကောင်းများ ပါဝင်လျက်ရှိသည်။ အံ့အားသင့်ဖွယ်ရာ နည်းပြအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းနည်းပြချုပ် ဦးတင်မောင်ထွန်း၏ ပွဲဦးထွက်ပွဲတွင် မကွေးအသင်းကို မည်သို့ရင်ဆိုင်မည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေသည်။

တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့် အသင်းများမှာလည်း ပွဲကျပ်ကစားရဖွယ်ရှိနေပြီး ဟံသာဝတီအသင်းမှာ ရတနာပုံ၊ ဇွဲကပင်အသင်းမှာ ကမ္ဘောဇတို့နှင့် ကစားရမည်ဖြစ်ကာ ဇေယျာရွှေမြေ-နေပြည်တော်၊ မနောမြေ-ရခိုင်တို့မှာ ထိပ်တိုက်တွေ့ဆုံနေသည်။

**နောက်နှစ်ရက်အတွက်**
**ခန့်မှန်းချက်**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် **ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou ၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဦးဆောင်သောအဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ FAO, MND အကြီးအကဲ Rear Admiral Guan Youfei နှင့်တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးမြင့်သိန်းနှင့် တာဝန်ရှိသူတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou က ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည့် အခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ရုံးချုပ် Ba Yi ခန်းမဆောင်ရှေ့ စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။**(အပေါ်ယာပုံ)**



ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်တို့သည် အစည်းအဝေးခန်းမ၌ ဒေသတွင်းဆိုင်ရာ အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ဆက်ဆံရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နယ်စပ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံတို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့်အတူ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chang Wanquan နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုအခြေအနေ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့်လုံခြုံရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသနေပြည်သူများ အေးချမ်းစွာကူးလူးဆက်ဆံနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou တို့သည် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့မှုအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လှူဒါန်းခဲ့သည့် တရုတ်ယွမ် ၁၀ သန်းနှင့်ပတ်သက်၍ သဘောတူစာချုပ်ကို အပြန်အလှန်လက်မှတ်ရေးထိုးကြပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ပေကျင်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (NDU)သို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ကြီး Zhang Shibo နှင့်တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ပြီး ဒုတိယဗိုလ်မှူးကြီး Liu Ming က သမိုင်းအကျဉ်းနှင့် သင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကာ စာသင်ခန်းဆောင်၊ စာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေပိုင်းတွင် မြန်မာစစ်သံရုံးသို့သွားရောက်ပြီး မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ခေါင်းဆောင်အသီးသီးက တပ်မတော်၏ အစဉ်အလာကောင်းများ လိုက်နာရန်နှင့် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ရန်မှာကြား



**နေပြည်တော် စက်တင်ဘာ ၂၂**

တည်ငြိမ်အေးချမ်းမှုတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေနှင့်အညီ လုပ်ဆောင်နိုင်ရေးတို့ မရှိမဖြစ်လိုအပ်ကြောင်း၊ သို့ဖြစ်၍ တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့သို့ ရောက်ရှိကြရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လွိုင်ကော် တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပြီး မိမိတို့နိုင်ငံသည် လူဦးရေသန်း ၅၀ ကျော်ရှိပြီး တိုင်းရင်းသားများဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ကိုလိုနီဖြစ်ခဲ့စဉ် ခွဲခြားအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားများအကြား အထင်အမြင် လွဲမှုများဖြစ်ပေါ်ကာ စည်းလုံးညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်ပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်အစိုးရ၊ တော်လှန်ရေးကောင်စီအစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၊ တပ်မတော်အစိုးရနှင့် ယခုရွေးချယ်ခံ အစိုးရအထိ အစိုးရအဆက်ဆက်က လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ကြကြောင်း၊ အောင်မြင်သည့်အဖွဲ့များရှိသကဲ့သို့ ညှိနှိုင်းဆဲအဖွဲ့များလည်းရှိကြောင်း၊ ယခုအချိန်တွင် ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ပြည်နယ်အဆင့်၊ တိုင်းအဆင့်နှင့်ပြည်ထောင်စုအဆင့် ပြုလုပ်ခဲ့ပြီး NCA စာချုပ် ချုပ်ဆိုရန် နောက်ဆုံးမူကြမ်းအတည်ပြုပြီးသည့်အဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် လွှတ်တော်အရပ်ရပ်အတွက် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ မဲဆန္ဒပေးရာတွင် တိုင်းပြည်အပေါ် ကောင်းအောင်လုပ်နိုင်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင် လေးမြင်ရှိသူနှင့် တပ်မတော်အပေါ် နားလည်မှုရှိသူများကို အခြေခံစဉ်းစားပြီး တိုင်းပြည်အပေါ် စိတ်ကောင်း၊ စေတနာကောင်းနှင့် လုပ်ဆောင်မည့် ပုဂ္ဂိုလ်မျိုးကို ရွေးချယ်ရန်လိုကြောင်း။

တပ်မတော်၏မူလတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရန်ဖြစ်သည့်အတွက် တိုက်စွမ်းရည်ရှိရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တပ်မတော်သားများ ပညာရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးကိုတိုးမြှင့်လုပ်ဆောင်နေကြောင်း၊ တပ်မှူးများအနေဖြင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ် မှန်မှန်ကန်ကန်လုပ်ဆောင်၍ တိုက်စွမ်းရည်တိုးတက်အောင် လုပ်ဆောင်ကြရန် စစ်သည်များ မိမိကိုယ်ကိုထိန်းသိမ်းရန်၊ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ ခေါင်းဆောင်အသီးသီးက တပ်မတော်၏ အစဉ်အလာကောင်းများကိုလိုက်နာရန်၊ တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိတာဝန်ထမ်းဆောင်ကြရန်မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များနှင့် ကျောင်းသုံး ဗလာစာအုပ်များကိုပေးအပ်ရာ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အေးလွင်က လက်ခံရယူသည်။

ဎင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေများကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မြန်မာနိုင်ငံဆိုင်ရာ UNDP အကြီးအကဲနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ UNDP အကြီးအကဲ Ms. Renata Lok-Dessallien နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် UNDP မှ ကူညီဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ကြောင်းနှင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

UNDP အကြီးအကဲမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများစိစစ်ခြင်းကိစ္စ၊ ကြိုတင်မဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လေ့လာကြည့်ရှုနိုင်မည့်အခြေအနေ၊ မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ပေးမည့်ကိစ္စ၊ IDPs Camp တွင် ရောက်ရှိနေသူများ မဲပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုကိစ္စရပ်တို့အား မေးမြန်းခဲ့ပြီး ရွေးကောက်ပွဲအတွက် အကူအညီပေးလျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော် (၃)ရပ်အတွက် ကိုယ်စားလှယ်လောင်းများကို ခရိုင်အဆင့်ကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ယူဆောင်ရွက်ပြီး အယူခံမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဆုံးဖြတ်အတည်ပြုကြောင်း၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုမူ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှစိစစ်ပြီး အယူခံမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်အတည်ပြုကြောင်း၊ စိစစ်ရာတွင် ကော်မရှင် အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲ ဥပဒေအရ စိစစ်ပြီး ကိုယ်စားလှယ် လောင်းများ၏ ကိုယ်ရေးအချက်အလက်များအား ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ စိစစ်ဆောင်ရွက်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် စိစစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ဎင်းမွေးဖွားစဉ်က မိဘနှစ်ပါးသည် နိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး မဖြစ်ပါက ရွေးချယ်ခံပိုင်ခွင့်မရှိကြောင်းကို ဥပဒေတွင်ပြဋ္ဌာန်းထားပါကြောင်း၊ မိဘနှစ်ပါး နိုင်ငံသားဖြစ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က ခိုင်လုံသော သက်သေအထောက်အထား တင်ပြရမှာဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားမဖြစ်ကြောင်းကို တင်ပြရမည် ဖြစ်ကြောင်း၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေဖြင့် ဥပဒေနှင့်အညီသာ စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးအား ပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှပယ်ချခဲ့၍ ကော်မရှင်သို့ အယူခံခဲ့ခြင်းကိုစိစစ်ပြီး ရွေးချယ်ခံခွင့်ပြုခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပယ်ချခဲ့သည့် ၉၆ ဦးအား ဆုံးဖြတ်ချက်မှားယွင်းမှုမရှိစေရန် ပြန်လည်စိစစ် သုံးသပ်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၁၀၉ ဦးအနက် ၇၅ ဦးသာ ပယ်ချခြင်းခံရသဖြင့် ၁ ဒသမ ၂၁ ရာခိုင်နှုန်းသာ ဖြစ်ပါကြောင်း။

ကြိုတင်မဲပေးခြင်းကို လေ့လာကြည့်ရှုခွင့်နှင့်စပ်လျဉ်း၍ မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းကို ဥပဒေပြဋ္ဌာန်းချက်များဖြင့် ရှင်းလင်းပြောကြားပြီး ပွင့်လင်းမြင်သာမှုရှိအောင် နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို ပြင်ဆင်၍ CSOများ၊ နိုင်ငံရေးပါတီများသို့ချပြပြီး အားနည်းချက်ရှိက အကြံပြုရန် ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကိုသိရှိပြီး လိုက်နာ၊ အကာအကွယ်ယူပါက ကြိုတင်မဲပေးခြင်းအပေါ် သံသယဖြစ်ဖွယ်မရှိပါကြောင်း။

မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရေဘေးသင့်ဒေသများသာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲစာရင်းတွင်ပါရှိသူအားလုံးကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ မဲပေးရာတွင်လွယ်ကူလျင်မြန်စေရန်၊ သက်သေခံကတ်များ ပျောက်ဆုံးပါကလည်း မဲပေးနိုင်ရန်နှင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သော မဲစာရင်းပြုစုနိုင်ရန် ရည်ရွယ်ချက် (၃)ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်သက်သေခံလက်မှတ် ပျောက်ဆုံးသော်လည်း မဲစာရင်းတွင်ပါရှိက အခြား သက်သေခံကတ်တစ်ခုခုပြနိုင်လျှင် မဲပေးနိုင်ကြောင်း။

IDPs Camp များတွင် ရောက်ရှိနေသူများ မဲပေးခွင့်နှင့်စပ်လျဉ်း၍ IDPs Camp များတွင် သက်ဆိုင်ရာ Camp အလိုက် ရောက်ရှိနေသူများ အမည်စာရင်းရှိကြောင်း၊ ဎင်းစာရင်းများအနက် အသက် (၁၈) နှစ်ပြည့်ပြီးသော ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# အိုလံပစ် အမျိုးသမီးခြေစစ်ပွဲပြီးဆုံး ဗီယက်နမ်အသင်း နောက်တစ်ဆင့်တက်

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ကျင်းပရာ ဗီယက်နမ်နှင့် မြန်မာတို့ အနိုင်ရရှိခဲ့ပြီး ဗီယက်နမ်အသင်း တတိယအဆင့် ခြေစစ်ပွဲတက်ရောက်ခဲ့သည်။

**မြန်မာ - သုံးဂိုး**

**တရုတ်(တိုင်ပေ) - တစ်ဂိုး**

ယခုပွဲအနိုင်ရလျှင် တတိယအဆင့် ခြေစစ်ပွဲတက်ရောက်မည့် တရုတ်(တိုင်ပေ)အသင်း၏ မျှော်လင့်ချက်ကို မြန်မာအသင်းက ချိုးဖျက်ခဲ့သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့ပြီး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း အနိုင်ရလဒ်ကို ရယူပေးခဲ့ခြင်းဖြစ်သည်။ တရုတ်(တိုင်ပေ)ရှုံးနိမ့်ခဲ့သောကြောင့် ဗီယက်နမ်အသင်းက နောက်တစ်ဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ဗီယက်နမ်နှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် တရုတ်(တိုင်ပေ)အသင်းအခွင့်အရေးအနည်းငယ်သာရခဲ့ပြီး မြန်မာအသင်း အဆုံးသတ်အားနည်းမှုကြောင့်သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၂ မိနစ်တွင် ရီရီဦး၏ကန်ချက် ဘားထိထွက်ခဲ့၍ မြန်မာအသင်းနစ်နာခဲ့ရသည်။ ၆၆ မိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး ခင်မိုးဝေက သွင်းယူခဲ့ကာ ၇၈ မိနစ်တွင် သန်းသန်းထွေးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပိုကောင်းခဲ့ကာ ၈၃ မိနစ်တွင် ရီရီဦး ကန်ချက် (တိုင်ပေ)နောက်ခံလူနှင့် ထိဝင်ကာ တတိယဂိုးရခဲ့ပြီး တရုတ်(တိုင်ပေ)အတွက် နှစ်သိမ့်ဂိုးကို ပွဲပြီးခါနီး၌ လီဆုချင်က သွင်းယူပေးခဲ့သည်။

ပထမပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နိုင်ပွဲဆက်နေသည့် ဗီယက်နမ်အသင်းမှာ နာမည်ကြီးထိုင်းအသင်းကို ခြေစွမ်းပြအနိုင်ယူခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို တိုက်စစ်မှူး ငုယင်သီမင်က ၄၀၊ ၈၄ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ သုံးပွဲဆက်ရလဒ်ကောင်းများရယူနိုင်ခဲ့သည့် ထိုင်းအသင်းမှာ မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ကာ ဒုတိယအဆင့်ခြေစစ်ပွဲမှထွက်ခဲ့ရသည်။

ဒုတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ ကိုးမှတ်ဖြင့် တတိယ အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ခုနစ်မှတ်စီရရှိခဲ့သည့် ထိုင်းနှင့်တရုတ်(တိုင်ပေ)အသင်း၊ ခြောက်မှတ်ရရှိသည့် မြန်မာအသင်းနှင့်လေးပွဲစလုံးရှုံးခဲ့သည့် ဂျော်ဒန်အသင်းတို့မှာ ဒုတိယအဆင့်မှ ထွက်ခဲ့ရသည်။

**(ရှိုင်းထက်ဇော်)**

# မြေအသုံးချရေးဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းဖွင့်

**မန္တလေး စက်တင်ဘာ ၂၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးနှင့် သီးနှံကာကွယ်ရေးရုံးဝင်းတွင် စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံတော်သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေတွင်ပါဝင်သော ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတ်မြေဩဇာများ ဓာတ်ခွဲစမ်းသပ်ခြင်း၊ စိုက်ပျိုးရေမျိုး ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဓာတ်ခွဲခန်းများတည်ထောင်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လယ်ယာကဏ္ဍသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး လယ်ယာကဏ္ဍမှ ထုတ်ကုန်များကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန် အရည်အသွေးမီသီးနှံများ ထုတ်လုပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် အထက်မြန်မာပြည် ကုန်စည်စီးဆင်းမှုတွင် အချက်အချာဒေသဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၏အရည်အသွေးကို တိုင်းဒေသကြီးအတွင်းတွင် စစ်ဆေးနိုင်ပြီဖြစ်ကြောင်း၊ မြေအသုံးချရေးဓာတ်ခွဲခန်းမှ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်း၊ သီးနှံစိုက်ပျိုးသည့် စိုက်ပျိုးရေဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် သီးနှံစိုက်ပျိုးသည့် တောင်သူများ စံချိန်စံညွှန်းနှင့်ကိုက်ညီသော သွင်းအားစုများကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းမှလည်း တောင်သူများ အသုံးပြုလျက်ရှိသော ပိုးသတ်ဆေးများ၏အရည်အသွေးကို စစ်ဆေးပေးခြင်းနှင့် စားသုံးမည့်သီးနှံများတွင် ပါဝင်သော ပိုးသတ်ဆေးဓာတ်ကြွင်းများကိုလည်း စစ်ဆေးပေးမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ခင်းများတွင် ကျရောက်သော ပိုးမွှားရောဂါကျရောက်မှုများကို စစ်ဆေးနိုင်မည်ဖြစ်၍ ပိုးမွှားရောဂါကာကွယ်ဆေးများကိုသုံးစွဲရာတွင် ပိုမိုထိရောက်နိုင်မည်ဖြစ်ပြီး သီးနှံစိုက်ပျိုးသော တောင်သူများ၏ အကျိုးစီးပွားကိုတိုးပွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်ခွဲခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓာတ်ခွဲခန်းများအတွင်း ဓာတ်ခွဲစမ်းသပ်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။


ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဧဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်အရ ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**






# ရေကြီးရေလျှံခဲ့သော ကျေးရွာချင်းဆက်လမ်းများ လမ်းသားမြှင့်တင်ဆောင်ရွက်

**ကောလင်း စက်တင်ဘာ ၂၂**

စစ်ကိုင်း တိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံခဲ့သော ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချခြင်း၊ လမ်းသားမြှင့်တင်ခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့မှ ကြီးကြပ်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းများမှာ ကောလင်း-ကျောက်ပြင်သာလမ်း၊ ကောလင်း-ဝါးရုံခုံ-ကသစ်ကုန်းလမ်းနှင့် ကောလင်း-ဥက္ကံလမ်းတို့ဖြစ်သည်။ ကောလင်း-ဥက္ကံလမ်းပိုင်းတွင် ၁၂ ဘီးယာဉ်ကြီးများလည်း သွားလာပြေးဆွဲလျက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောလမ်းများ သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူစေရေးအတွက် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# ဒါးကမြစ်ရေတက်၍ မြို့ပေါ်ရပ်ကွက်များရေလျှံ

**ကျောင်းကုန်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေလျှံတက်မှုကြောင့် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြို့ပေါ် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နှင့် ကျေးရွာအချို့ ဒုတိယအကြိမ် ပြန်လည်ရေနစ်မြုပ်နေပြီဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် ဒါးကမြစ်ရေလျှံတက်မှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရသည်။ ယခုမူ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဗိုလ်တထောင်မြို့နယ်၌ လမ်းမီးများပြုပြင်

**ရန်ကုန် စက်တင်ဘာ ၂၂**

ဗိုလ်တထောင်မြို့နယ်အတွင်းရှိ အများပြည်သူအသုံးပြုသော လမ်းမကြီးများတွင် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လူသွားလမ်းပလက်ဖောင်းများတည်ဆောက်ခြင်းစသည့် မြို့ပြဆိုင်ရာ ဥပစိလက္ခဏာများကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် လမ်းများတွင် လမ်းမီးတိုင်သစ်များစိုက်ထူခြင်း၊ လမ်းမီးလိုင်းကြိုးများ သွယ်တန်းခြင်းနှင့် လမ်းမီးလုံးကြီးများ တပ်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အထူးသဖြင့် ကုန်သည်လမ်းမကြီး(ရာဇာဓိရာဇ်လမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းအကြား)နှင့် ဗိုလ်တထောင်ဈေးလမ်း(မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းအကြား)တို့တွင် ယခင်က လမ်းမီးလိုင်းနှင့် လမ်းမီးလုံးများ မရှိခဲ့သော်လည်း စက်တင်ဘာ ၁၅ ရက်မှစ၍ လမ်းမီးတိုင်သစ်များနှင့် ဆိုဒီယမ် (၂၅၀W) မီးလုံးများဖြင့် ထွန်းလင်းနေသည်ကို တွေ့ကြရပြီး ယင်းလမ်းတွင် နေထိုင်ကြသူများနှင့် နေ့စဉ်အသုံးပြုသွားလာနေသောသူများ ကျေနပ်ဝမ်းသာဖြစ်ကြကြောင်း ကြားသိရသည်။

ဗိုလ်တထောင်ဈေးလမ်းမကြီးတစ်လျှောက် လမ်းမီးများထွန်းလင်းနေမှုနှင့်ပတ်သက်၍ ဗိုလ်တထောင်ဈေးလမ်းတွင်နေထိုင်သူ ဦးအောင်မင်းက "ဒီလမ်းက ခေတ်အဆက်ဆက်ကတည်းက လမ်းမီးမရှိတဲ့လမ်းပါ။ အရင်က နေ့ဘက်မှာ ယာယီဈေး၊ နောက်ပိုင်းမှာ ကားပွဲစားတန်းလုပ်ခဲ့တဲ့နေရာတွေလေ၊ ညဆိုမှောင်နေတာပဲ။ လုံခြုံရေးအရလည်း အားနည်းတဲ့နေရာပါ။ အခုတော့ လျှပ်စစ်ဌာနကလူတွေ နှစ်ရက်လောက်နဲ့ ချက်ချင်း တိုင်တွေစိုက်ပြီး လမ်းမီးတွေဆင်လိုက်တာ လင်းထိန်သွားပြီဗျာ။ ကျေနပ်တယ်။ ကျွန်တော်တို့လည်း လုံခြုံရေးအတွက် စိတ်မပူရတော့ဘူး"ဟု ပြောသည်။

ထို့ပြင် ထိုလမ်းတွင်သွားလာနေသော မပပခင်ကလည်း "ကျွန်မက ကုမ္ပဏီဝန်ထမ်းတစ်ယောက်ပါ။ ကုမ္ပဏီအလုပ်သဘောအရ ညမိုးချုပ်မှအိမ်ပြန်ရတယ်။ အိမ်ပြန်ရင် ဂန္ဒီမှတ်တိုင်မှာဆင်း၊ အခုဗိုလ်တထောင် ဈေးလမ်းကနေ လမ်းလျှောက်ပြီး အောက်ဘလောက်ကူးရတာ၊ လမ်းမီးမရှိတော့ မဖြတ်ရဲဘူး။ (၅၄)လမ်းကပဲ ပတ်ပြီးကူးရတာပါ။ အခုတော့ လမ်းမီးတွေထွန်းလင်းသွားတော့ ကျွန်မတို့လည်း အဆင်ပြေသွားပါတယ်။ မီးလင်းအောင်လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

ယခုအခါ ဗိုလ်တထောင်မြို့နယ်အတွင်း လမ်းမီးများ ထွန်းလင်းရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်း/တံတား)ဌာနနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဗိုလ်တထောင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး သိမ်ဖြူလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းစသည်တို့တွင် လမ်းမီးကားများဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(ကြေးမုံ)**

❑

# တော်သလင်း ကန်ဆင်းမိုးလ ဂရုဓမ္မ

**ဝိဿဇ္ဇက(ပဲခူး)**

**"ရောင်ခြည်ထိန်လင်း၊ သိဟ်ကသွင်း၍၊ လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုးဟု၊ မိုးကစွေသွန်း၊ မေဃဝန်သို့---"**

(အဘိရုကပျို့)

တော်သလင်းလသည် မိုးဥတုဖြစ်သော်လည်း မိုးသားမိုးတိမ်တို့ ကြည်လင်တတ်သောလဖြစ်သည်။

"တော်"သည်ကောင်းကင်၊ "သာလင်း"သည် သာယာထွန်းလင်းခြင်း ဖြစ်သည်ဟူ၏။ ကောင်းကင်သာယာထွန်းလင်းခြင်းဟူသော အမည်နှင့် လိုက်ဖက်၏။ မိုးကောင်းကင်ကြည်လင်သကဲ့သို့ မြစ်ရေတွင် လှိုင်းလေကင်းစင်၏။ "တောင်သလင်းကို၊ မြစ်တွင်းသင်ဖြူးခင်း" စာဆိုနှင့် ကိုက်ညီပေသည်။

တော်သလင်းလနှင့် တိုက်ဆိုင်သောရာသီမှာ ကန်ရာသီဖြစ်သည်။ ကန်ရာသီ၏ရာသီရုပ်မှာ လက်တစ်ဖက်က ကောက်ဆုပ်၊ လက်တစ်ဖက်က ဆီမီးတိုင်ကိုင်လျက် လှေစီးသောမိန်းမပျိုရုပ်သဏ္ဌာန်ရှိသည်ဟု ဇောတိတတ္ထကျမ်းတွင် ဆိုပေသည်။

သက္ကရာဇ် ၈၈၉ ခုနှစ်တွင် စပ်ဆိုခဲ့သော ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံသူဌေးခန်းပျို့တွင်"အခါခါမင်္ဂလာဖြင့်၊ တကာလူပိုလ်၊ လွန်ကြည်ညို၍ ဝါဆိုဝါခေါင် ယဉ်ဘောင်သစ်ဆင်း တော်သလင်းနှင့် သီတင်းကျွတ်သော်"ဟု ဖွဲ့ဆိုခဲ့၏။ သက္ကရာဇ် ၉၁၃ ခုနှစ်တွင်ရေးသည်ဟု မှတ်ယူရသော မင်းရဲကျော်စွာချေင်းတွင် "ချောင်းသစ်တွင်မူ သဘင်ပန်းလု၊ ခါရတုဖြင့်၊ ပျော်မှုစံခင်း၊ တော်သလင်းတုံ၊ သစ်ဆင်းအခါ၊ ပျော်ဘွယ်သာတည့်၊ ဗိုလ်ပါထွေးဖြိုး၊ သဘင်ကြီး၌၊ မငြီးရှုရာ" ဖြင့် မှတ်တမ်းတင်ထားသည်။ ၉၅၂ ခုနှစ်ထိုး ကျောက်ဆည်မြို့ ရွှေသာလျောင်း ကျောက်စာတွင် "သက္ကရာဇ်သချာကို ဝါရာငါဆယ်၊ စွန်သွယ်နှစ်ခု၊ ဥတုဝဿ၊ လကာသစ်ဆင်း၊ တော်သလင်း ဆန်တက်၊ ယှစ်ရက်ပိတဟူနိယ်" သော သစ်ဆင်းအသုံးကို တွေ့ရှိရသည်။

တော်သလင်းလ၏ လှေပွဲသဘင်တွင် ဘုရင့်လှေတော်သားများနှင့် ဘုရင်ကခွင့်ပြုသော အရပ်သားလှေတော်သားများသည် အုပ်စုလိုက် လှေပြိုင်ကြရသည်။ ထို့နောက် ဘုရင်၏လှေတော်ကိုရှေ့ဆုံး၌ထား၍ ရာထူး၊ ရာခံအလိုက် လှေတော်များလိုက်ပါသော လှေတပ်ဖွဲ့ကြီးသည် မြစ်ယံတွင်း၌ ရေစုန်ရေဆန်လှည့်လည်ကြရသည်။ ထိုလှေပွဲကို မြစ်ယံပွဲဟုခေါ်ဆိုလာကြခြင်းဖြစ်သည်။

မိုးတိမ်ကင်းစင်သည့် ကောင်းကင်ဝယ် နေမင်းက "တော်သလင်းနေ၊ ပုစွန်သေ" ဟူသောဆိုစကားဖြစ်လောက်အောင် ပြင်းပြစွာထွန်းလင်းလျက်ရှိတတ်သည်။ တစ်ခါတစ်ရံ ရာသီဥတုက ဖောက်ပြန်လေလျှင် မိုးရွာသည်။ တစ်ရက်တန်သည် နှစ်ရက်တန်သည် သည်းတတ်၏။ ရှေးစားဖိုသည် ထမင်းချက်သမားတို့သည် မစဲသောမိုး ရေရွှဲရွှဲတွင် ဆင်းရဲဒုက္ခကြုံရသေး၏။ ထိုအချက်ကို ရှေးတောင်သူတို့က "တော်သလင်းတိမ်ညို စားဖိုသည်ဆင်းရဲ မိုးမစဲ"ဟု မိုးလက္ခဏာဖြင့် အဓိပ္ပာယ်ဖော်ခဲ့သည်။ တန်ဆိပ်ဝန်မင်းက အဘိရုကပျို့တွင် "လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုး"ဟု စပ်ဆိုထား၏။

ကန်ဆင်းမိုးသည် မြန်မာနှစ်ဆန်းတစ်ရက်မှ ရေတွက်လျှင် ရက်ပေါင်း ၁၄၆ ရက်ဖြစ်သောနေ့ကို ဗဟိုထား၍ ရှေးခုနစ်ရက်၊ နောက်ခုနစ်ရက်တွင် ရွာတတ်သောမိုးကိုဆိုလိုသည်။ ထိုနေ့အရုဏ်တက်ချိန်တွင် မိုးကောင်းကင်၌ ဖျောက်ဆိပ်ကြယ်မွန်းလွဲသည်။ တနင်္ဂနွေခေါ် သူရိယနေမင်းသည် သိဟ်ရာသီမှ ကန်ရာသီသို့ ဆင်းသက်သည်။ ထိုအချိန်အခါတွင် ရွာသောမိုးကို ကန်ဆင်းမိုး၊ သို့မဟုတ် ကြယ်လွှဲမိုးဟု မှတ်ယူကြသည်။ ရှေးမြန်မာကြီးတို့က "အိုးရေသောက်၊ ကြယ်လွှဲရောက်" (အိုး=၁၊ ရေ=၄၊ သောက်=၆) မြန်မာနှစ်ဆန်း ၁ ရက်နေ့မှ ၁၄၆ ရက်ကိုဆိုလိုသည်။

ထို့ပြင် မာဃဒေဝလင်္ကာသစ်ကြီး၌လည်း "မှတ်လော့ထင်ရှား၊ အတိတ်ကြား၏၊ ရာငါးဆယ့်လေး၊ မကြားသချ်ာ၊ ပဒုမ္မာကြာနှင့်၊ ရင်းမာထုံသင်း၊ တော်သလင်း၌၊ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွှဲဟု၊ နှမ်းကြဲကာလ၊ ဟူကုန်ကြ၏"ဟု မှတ်တမ်းတင်ထားသည်။ ထို့အပြင် "ဖျောက်ဆိပ်မွန်းလဲ၊ နှမ်းကြီးကြဲလျက်၊ အမြဲတူကွ၊ နိယာမဖြင့်၊ တွင်းဝညိုညံ့၊ ပရစ်သံတို့၊ မောင်နှံဖိုမ၊ မြည်စကြ၏" ဟူ၍လည်း ပရစ်ဖိုမတို့ ဘာသာဘာဝ မြည်ကြွေးကြပုံကို ဖော်ပြထား၏။

တော်သလင်းလကို ရှေးသူဟောင်းတို့က သစ်ဆင်းလဟူ၍ခေါ်ဆိုသည်။ ပုဂံခေတ်၊ ပထမအင်းဝခေတ် ကျောက်စာတို့တွင် သစ်ဆင်းလဟု ခေါ်ဆိုရေးသားကြသည်ကို မတွေ့ရချေ။ ၉၅၂ ခုနှစ်ထိုး ကျောက်ဆည်မြို့ ရွှေသာလျောင်းကျောက်စာတွင် "သက္ကရာဇ်သချ်ာ၊ ကိုယ့်ရာငါးဆယ်၊ စွန်သွယ်နှစ်ခု၊ ဥတုဝဿ၊ လင်္ကာသစ်ဆင်း၊ တော်သလင်းဆန်တက်၊ ယှစ်ရက်ပိတဟူနိယ်" ဟူ၍ သစ်ဆင်းအသုံးကို ရှေးဦးစွာတွေ့ရသည်ဆို၏။ ထိုခေတ်က ဧရာဝတီမြစ်တွင် သစ်ဖောင်များမျှောကြသည်ကိုအကြောင်းပြု၍ သစ်ဆင်းလဟု အမည်တွင်ခဲ့ခြင်းဖြစ်ဟန်ရှိသည်။

"လှေချင်းလှော်ပြိုင်၊ ခွင့်ရေးကိုင်၍ လေးကိုင်တန်ဆောင်း၊ မမြင့်ထောင်းကို၊ နီမောင်းပုဆိုး၊ ဝှဲဝှဲမိုးလျက်၊ ပိုက်ကြိုးသွယ်ခံ၊ ဝန်းရံကာကျင်း၊ ခုန်ကာဆင်းသော်၊ မင်းများမှန်ဆု၊ ထွက်ခံရှုသည်" ဟု စာဆိုဦးအောင်ကြီးက လူးတားဖြင့် ဆိုထားသည်။

ရှေးဘုရင်မင်းမြတ်တို့ကိုယ်တိုင် လှေပွဲတော်ကို ပါဝင်ကြည့်ရှုတော်မူကြသည်။ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို လှေပြိုင်ပွဲဖြင့် မြှင့်တင်ပေးခြင်းဖြစ်ပေသည်။ မြန်မာတို့၏ယဉ်ကျေးမှုများကို လှေသဘင်ပွဲတော်ဖြင့် အနှစ်သာရ ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာတို့၏စည်းလုံးညီညွတ်မှုကို အခြေခံ၍ လှေခွက်ချည်းကျန် အလံမလှဲဟူသောစိတ်ထားတို့ကို မျိုးစေ့ချပေးခြင်းလည်း ဖြစ်စေသည်။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသော မြန်မာတို့၏ သွေးစည်းညီညွတ်မှုကိုလည်းပေါ်လွင်လျက်ရှိသော လှေသဘင်ပွဲတော်သည် တော်သလင်းလပုံရိပ်ကို ပေါ်လွင်နေပေသည်။

တော်သလင်းလတွင် ယောမင်းကြီးက ဥတုဘောဇနကျမ်းတွင် ပြဆိုထားသည်မှာ တော်သလင်း၊ သီတင်းကျွတ်နှစ်လသည် သာရဒဥတုမည်၏။ လောကသည်ပူ၏။ ကောင်းကင်၌အညစ်အကြေး ကင်း၏။ ဖြူစင်၏။ အင်းအိုင်မြစ်ကမ်းတို့သည်ပေါ်ကုန်၏။ ခွေးတို့သည် မြူးထူးကုန်၏။ မြေအနိမ့်အမြင့် အညီအညွတ်တို့သည် ထင်ရှားကုန်၏။ ရွှံ့ညွန်ရှိကုန်၏။ သစ်ပင်တို့ဖြင့် ပွင့်နွန်းကုန်၏။ ပဒုမ္မာကြာ၊ ခေါင်ရန်း၊ ပိတောက်၊ ရင်းမာစသော ပန်းတို့သည် ပွင့်ကုန်၏။ အသီးအပွင့် အရွက်အမြစ်ဆေးတို့သည် ဩဇာရှိကုန်၏။

တော်သလင်းလနှင့် ပတ်သက်၍ ရှေးစာဆိုတို့၏ ရသစာစုတို့ကို ဖော်ပြသော မဟာအတုလမင်းကြီး၏ လွမ်းချင်းဖြင့် "မြိုင်ခွင် လုံးကန္တာမှာ၊ ရွှေရင်း မာပန်းတော်မင်းက သင်းလှတယ်လေး"ဟူ၍ လည်းကောင်း၊ တိုင်းတာမြို့သူကြီးဦးဖက်၏ တေးထပ်တွင် "ရွှေနွယ်ရည်ရောခွင်၊ကျူးငြိမ့်ပဥ္စင်၊ စောနရနတ်ရှင်မှာ၊ ရေသဘင်စံမြန်းလှလေး၊ မြစ်လုံးပြည့်ခေါ် ဘိဏီငယ်၊ ဗိုလ်ညီလာခံဟူ၍ လည်းကောင်း၊ ဆရာကြီး ဦးပြုံးချိုက လေးဆစ်သဖြန်ဖြင့် ဖော်ပြထားသည်မှာ မြစ်လုံးငယ်ဆူညံလို့၊ လှေတက်သံလှေပြိုင်ပွဲငယ်၊ နွဲပျော်ကြရာ၊ ယုန်ရထား၊ အိမ်သီတလမှတဲ့၊ ပုဏ္ဏဒီကြည်ကြည်ပပါလို့၊ မည်အဒြကြယ်ပြုဗ္ဗာ၊ ယှဉ်လာ၍ ပြည့်ဝန်းဒွာဒရာ၊ ငှက်ဗျိုင်းတျာရာနှင့် ရွှေရင်းမာငုံပွင့်ကင်းကြတပ်သင်းတဲ့သည်ပန်းတို့ဖြစ်ပေ၏။

ဤကား တော်သလင်းလရာသီ၏ အကျဉ်းချုပ်ပင်။ ဤလအရေးကြီးသောအမြုတေမှာ ဂရုဓမ္မအခါတော်အထိမ်းအမှတ်ဖြစ်၏။ ဂရုဓမ္မဇာတ်တော်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာ၏။ "ဂရုဓမ္မသီလသည် သူတော်ကောင်းတို့က ဂရုထား၍ ကျင့်သုံးအပ်သောတရားဖြစ်သည်။ ကမ္ဘာဦးက စတင်ပေါ်ပေါက်လာသော တရားဖြစ်၍ ပဝေဏီဓမ္မဟု ခေါ်ဆိုခြင်းဖြစ်သည်။

တိကနိပါတ်၊ ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးရှင်ဘုရင်မှ အနိမ့်ဆုံး ပြည့်တန်ဆာမအထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် မိုးလေဝသမှန်ကန်၏။ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြရ၏။ ဣတိဝုတ်အဋ္ဌကထာနှင့်ခုဒ္ဒကကပါဌ်အဋ္ဌကထာတို့တွင် မှတ်သားဖွယ်ရာကို အကျယ်တဝင့်ပြထား၏။ မဟာသုဒဿနမင်းကြီးသည် လေးကျွန်းစကြာဝဠာလှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ်ဟောဆိုညွှန်ပြဆုံးမလေ့ရှိ၏။ ဒသကနိပါတ်ဓမ္မပါလဇာတ်တွင် ငါးပါးသီလမြဲ၍ ဓမ္မပါလတစ်မျိုးလုံး အသက်အရွယ်ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိပေ။ သက်တမ်းစေ့နေကြရ၏။

ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေး သုဇိတာသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများကိုရရှိ၏။ အသူရာ မင်းကြီး၏ သမီးပျိုဘဝ၌ သူမတူအောင် ချောမောလှပ၏။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည် ငါးပါးသီလမြဲ၍ စားဝတ်နေရေးမပူရခြင်း၊ သေသူအတွက် သောကမရောက်ရခြင်း၊သေပြီးသည့်နောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ်တစ်ထောင် သက်တမ်းစေ့ နေရခြင်းစသော အကျိုးများကို ခံစားရ၏။

ငါးပါးသီလသည် သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ စသော ငါးမျိုးတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ငါးပါးသီလ၏အဓိပ္ပာယ်ကို မှတ်သားလိုက်နာစေရန်အတွက်

- သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်ပါ။
- သူ့ဥစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်ပါ။
- ကာမဂုဏ်လည်း မမှားဘဲ အမြဲရှောင်ကြဉ်ပါ။
- လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်ပါ။
- သေအရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်ပါ။

ထို့ကြောင့် "သီလရတနာ၊ မြတ်တန်ဆာလျှင်၊ သတ္တဝါခပင်း၊ မင်းဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊ ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်၏"ဟူ၍ စာဆိုဖြင့် ဆုံးမထားလေသည်။

ငါးပါးသီလသည် ကုသိုလ်တရား၏ အစလည်းဖြစ်သည်။ ဈာန်မဂ်ဖိုလ်တရားတို့၏ ထောက်ရာတည်ရာလည်းဖြစ်သည်။ သမထ၊ ဝိပဿနာအစရှိသော မြတ်သောတရားတို့၏ အမိလည်းဖြစ်သည်။ ပါမောက္ခအစရှိသော အပြစ်မဲ့တရားအလုံးစုံတို့၏ တံခါးလည်းဖြစ်သည်။

ငါးပါးသီလမစောင့်စည်းသူ အသက်ရှည်လျက် သေသူဖြစ်သည်။ အမှိုက်သဖွယ် စွန့်ပစ်အပ်သူဖြစ်သည်။ အပုပ်နံ့ထွက်သော အကောင်ပုပ်နှင့်တူသည်။ ခြေပြတ်လက်ပြတ် ဦးခေါင်းပြတ်သော သူနှင့်တူသည်။

ငါးပါးသီလမြဲသောသူသည် မတုပနိုင်သော ဗိုလ်ပါအင်အားလည်းဖြစ်သည်။ မြတ်သော လက်နက်လည်းဖြစ်သည်။ မြတ်သော အဆင်တန်ဆာလည်းဖြစ်သည်။ မကွဲမပျက်မပေါက်မပြဲသော စစ်ဝတ်တန်ဆာလည်းဖြစ်ပေသည်။

အချုပ်အားဖြင့် ငါးပါးသီလသည် အိုသည့်တိုင်အောင် တင့်တယ်လျောက်ပတ် ကောင်းမြတ်လှ၏။ ။

> ❍ မြန်မာတို့၏ ယဉ်ကျေးမှုများကို လှေသဘင်ပွဲတော်ဖြင့် အနှစ်သာရ ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာတို့၏စည်းလုံးညီညွတ်မှုကို အခြေခံ၍ လှေခွက်ချည်းကျန် အလံမလှဲ ဟူသောစိတ်ထားတို့ကို မျိုးစေ့ချပေးခြင်းလည်းဖြစ်။
>
> ❍ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသော မြန်မာတို့၏ သွေးစည်းညီညွတ်မှုကိုလည်း ပေါ်လွင်လျက်ရှိသော လှေသဘင်ပွဲတော်သည် တော်သလင်းလပုံရိပ်ကို ပေါ်လွင်နေ။

## ကျေးရွာချင်းဆက်လမ်းဖောက်လုပ်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**မြစ်ကြီးနား စက်တင်ဘာ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆော့လော်မြို့နယ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံ ငွေကျပ်သန်း ၁၂၀ အကုန်အကျခံကာ မီဇူကျေးရွာမှ ဒေပိုးထုကျေးရွာအတွင်း ကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖောက်လုပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လမ်းဖောက်ရေးလုပ်ငန်း နယ်မြေကို လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှ အရာရှိကြီးများက ကြည့်ရှုစစ်ဆေးလျက် လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိပြီး ဆော့လော်ဌာနပြည်သူ့စစ် အဖွဲ့ခေါင်းဆောင် ဦးဇယ်ဒေါင်က "ကျွန်တော်တို့လည်း တတ်နိုင်တဲ့ဘက်က ကူညီဆောင်ရွက်ပေးပါတယ်။ အရင်ကဆို ခြေကျင်သွားဖို့တောင် လမ်းမရှိတဲ့ နေရာမှာ အခုလို လမ်းဖောက်လုပ်ပေးတော့ အနည်းဆုံး ဆိုင်ကယ်မောင်းနှင်ရင်ပဲ ခရီးက ပေါက်ပြီလို့ ပြောလို့ရပါတယ်" ဟု ပြောသည်။

လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဆာဆီးခိကလည်း "လမ်းသစ်ထွင်ရတာဆိုတော့ ခက်ခဲမှုတွေအများကြီးပါ အချိန်မီပြီးစီးအောင် စက်ယန္တရားသုံးစီးနဲ့ ကျောက်ဖောက်စက်တစ်စီး အသုံးပြု ဖောက်လုပ်ပါတယ်။ အခု ဖောက်လုပ်တဲ့လမ်းက စုစုပေါင်းမိုင် ၄၀ အရှည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည် ၁၀ မိုင် ခွင့်ပြုပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည် ၁၀ မိုင် ဖောက်လုပ်ခွင့်ရတာမို့ ခုနစ်မိုင် ဖောက်လုပ်ပြီးစီးနေပြီ"ဟု ပြောကြားကာ ကြာရှည်ခံလမ်းအဖြစ်အသုံးပြုနိုင်ရန် လမ်းဖောက်ရာမှာ ထွက်ရှိသည့် ကျောက်များအား အဆိုပါ မြေသားလမ်းပေါ်တွင် ခင်းပေးခဲ့ကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

❐

# ပုဂံရှေးဟောင်းမြို့တော် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့်ကိုယ်စားလှယ်များ ပုဂံမြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၂**

အာဆီယံရှေးဟောင်းမြို့တော်များ ကွန်ရက်စီမံကိန်းအောက်တွင် ဆောင်ရွက်သည့် ပုဂံရှေးဟောင်းမြို့တော်၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းမှ စတင်၍ ပုဂံမြို့ဟောင်းအတွင်းသို့ အဖွဲ့များခွဲကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကိုယ်စားလှယ်များသည် ပုဂံမြို့ဟောင်းအတွင်းရှိ အနော်ရထာမင်းကြီးတည်ထားကိုးကွယ်သည့် ရွှေစည်းခုံစေတီတော်၊ ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်သည့် အာနန္ဒာစေတီတော်တို့အပါအဝင် ပုဂံမြို့အနီးဝန်းကျင်ရှိ ရှေးဟောင်းစေတီပုထိုးများ၏ မြန်မာမှုဗိသုကာလက်ရာများ၊ နံရံဆေးရေးပန်းချီများ၊ စဉ့်ကွင်းစဉ့်ကွက်များနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသတ်မှတ်၍ ထိန်းသိမ်းဆောင်ရွက်နေမှုများကို အသေးစိတ် လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ပုဂံမြို့ဟောင်းအတွင်းလေ့လာကြည့်ရှုခဲ့မှုများကိုအခြေခံ၍ စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပမည့် ပုဂံရှေးဟောင်းမြို့တော်၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ အကြံပြုဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ပုဂံရှေးဟောင်းစေတီပုထိုးများ ထိန်းသိမ်းပြုပြင်နေမှုကို ကြည့်ရှုလေ့လာစဉ်။

# အလုပ်အကိုင်အခွင့်အလမ်းများကမ်းလင့်နေသည့် သီလဝါအထူးစီးပွားရေးဇုန်

တွေ့ဆုံမေးမြန်း – ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

**ရန်ကုန်မြို့မှ ကီလိုမီတာ ၂၀ သာကွာဝေးသော သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းနေရာသည် ထုတ်ကုန်ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းသာမက မြန်မာပြည်တွင်းဈေးကွက်တွင် အကြီးမားဆုံး ကုန်ထုတ်ဒေသကြီးဖြစ်လာမည့် စီးပွားရေးအခြေအနေကောင်းများ များစွာရှိကြောင်း ဂျပန်နိုင်ငံအခြေစိုက် မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ Mr.Kitagwa က သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် လုပ်ငန်းစတင်ခြင်းဖွင့်ပွဲအခမ်းအနားတွင် သုံးသပ်ပြောကြားခဲ့သည်။**

လက်ရှိတွင် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံသူ ၄၁ ဦးရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖော်ဆောင်မည့် အခြားသော အထူးစီးပွားရေးဇုန်များနှင့်နှိုင်းယှဉ်ပါက လုပ်သားအင်အား အရန်အသင့်ရရှိနိုင်သည့်နေရာတွင် သီလဝါအထူးစီးပွားရေးဇုန်က တည်ရှိနေသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများ တည်ဆောက်လည်ပတ်ရန်အတွက် ကာယညာဏလုပ်သားများကို ခေါ်ယူလျက်ရှိနေသည်။

ထို့ကြောင့် အလုပ်သမားများ အလုပ်အကိုင်ရရှိစေရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နေသည့် Myanmar-Japan Thilawa Development Ltd.,(MJTD) မှ လူမှုဆက်ဆံရေးအရာရှိ ဒေါ်အိအိခိုင်နှင့် အလုပ်သမားများခေါ်ယူနေသည့် စက်ရုံများအနက်မှ တစ်ခုဖြစ်သည့် Koyorad Myanmar Corporation Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာတို့နှင့် မြန်မာ့သတင်းစဉ်ပြည်တွင်းမှ တွေ့ဆုံမေးမြန်းခဲ့သည်။



**ဒေါ်အိအိခိုင်**
**(လူမှုဆက်ဆံရေးအရာရှိ၊ MJTD ကုမ္ပဏီ)**

မေး။ ။ အစ်မအနေနဲ့ သီလဝါအထူးစီးပွားရေးစက်မှုဇုန်မှာ ဘာတာဝန်ယူပြီး ဘာတွေလုပ်တယ်ဆိုတာပြောပြပေးပါ။

ဖြေ။ ။ ကျွန်မက Myanmar-Japan Thilawa Development Ltd.,(MJTD) ကုမ္ပဏီမှာ လူမှုဆက်ဆံရေးအရာရှိ (CRO) အဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ MJTD ဆိုတာ မြန်မာ-ဂျပန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီပါ။ လူမှုဆက်ဆံရေးအရာရှိတစ်ယောက်အနေနဲ့ အဓိကက သီလဝါ ပရောဂျက်အနီးဝန်းကျင်မှ ရွာတွေက အလုပ်လုပ်နိုင်တဲ့သူတွေအတွက် အလုပ်အကိုင်တွေ ရရှိအောင် ဆောင်ရွက်ပေးရတယ်။ နောက် ကုမ္ပဏီရဲ့ လျှုဒါန်းမှုကိစ္စတွေကို စီစဉ်ပေးရတယ်။

မေး။ ။ လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်ထဲမှာ ကုမ္ပဏီ ဘယ်နှခုလောက်က အလုပ်သမားတွေ စတင်ခေါ်ယူနေပြီလဲ။ အရေအတွက်ကော ဘယ်လောက်ရှိပြီလဲ။

ဖြေ။ ။ ဆောက်လုပ်နေဆဲစက်ရုံတွေမှာတော့ ဆောက်လုပ်ရေးလုပ်သား ၂၀၀၀ လောက်က လုပ်ကိုင်နေပါတယ်။ လုထိုင်းအထည်ချုပ်စက်ရုံက အခု ဝန်ထမ်း ၁၀၀ ကို ပညာသင်ကာလအဖြစ် သုံးလလေ့ကျင့်ပေးနေတယ်။ ဂျပန်က Koyorad ကုမ္ပဏီက အထွေထွေလုပ်သား ၁၀၀ ခေါ်ယူထားတယ်။ စက်ရုံကအခုစက်တွေ ဆင်နေတုန်းပဲရှိသေးတယ်။ နောက် Showa ဂျပန်လက်အိတ်စက်ရုံက စက်ရုံကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ လည်ပတ်မှာဖြစ်ပေမယ့် ဝန်ထမ်းအမျိုးသမီး ၁၃ ဦးကို ဒေသခံ ရွှေ့ပြောင်းခဲ့ရတဲ့ ရွာတွေကနေ ခေါ်ယူပြီး ဗီယက်နမ်မှာရှိတဲ့ သူတို့ရဲ့ စက်ရုံမှာ သင်တန်းကာလ သုံးလသင်ကြားပေးလိမ့်မယ်။ ဒီမှာထပ်ခန့်မယ့် ဝန်ထမ်းတွေကို သူတို့က ပြန်သင်ပေးရမယ်။ ဒီမှာ အင်ဂျင်နီယာဘွဲ့ရရှိထားတဲ့ သူတွေဆိုလည်း စက်ရုံမစခင်မှာ ခေါ်ယူမှုတွေများတယ်။ နောက် အချိုရည်သံဘူးတွေလုပ်တဲ့ ကုမ္ပဏီကလည်း အလုပ်သမား ၄၀ လောက်ကို တရုတ်မှာရှိနေတဲ့ သူတို့ရဲ့စက်ရုံမှာ သင်တန်းလေးလလောက် ပေးနေပြီလို့ ကြားသိရတယ်။ ဒီဒေသက လူတွေမှာ သူတို့နဲ့သင့်တော်တဲ့ အလုပ်ကိုင်တွေ ရသွားမယ်လို့ ကျွန်မကထင်တယ်။

မေး။ ။အစ်မတို့အနေနဲ့ ဒေသခံတွေကို ဦးစားပေးခေါ်ယူတယ်ဆိုတော့ အခြားဒေသကလာလုပ်တဲ့ အလုပ်သမားတွေကော ရှိပါလား။

ဖြေ။ ။ အခုလောလောဆယ်မှာတော့ သန်လျင်၊ ကျောက်တန်း ဝန်းကျင်မှာ နေထိုင်သူတွေကို ဦးစားပေး ခန့်အပ်တယ်။ အထူးစီးပွားရေးဇုန်ဆိုတော့ ပရောဂျက်ကြီးတယ်။ အလုပ်သမားတွ အများကြီးလိုတယ်။ ဒီဝန်းကျင်ကနဲ့ မလုံလောက်တော့တဲ့ ဒလဘက်အခြမ်း၊ တောင်ဒဂုံဘက်တွေကနေ ထပ်ပြီးခေါ်ယူမယ်။ နောက်တစ်ခုက သီလဝါစီးပွားရေးဇုန်ထဲမှာပဲ ဝန်ထမ်းတွေနေထိုင်ဖို့ အဆောင်တွေ ဆောက်နေပြီ။ တခြား မြို့ရွာက ဝန်ထမ်းတွေလည်း ဒီမှာလာပြီးအလုပ်လုပ်ရင် အဆင်ပြေအောင်လို့။ အခုဆောက်လုပ်ရေးလုပ်ငန်းတွေထဲမှာ အညာဘက်တို့၊ လှိုင်သာယာဘက်တို့ကနေလည်း လာပြီး လုပ်နေကြပြီ။

မေး။ ။ အထူးစီးပွားရေးဇုန်ကနေ အလုပ်သမားတွေကို ဘယ်လိုပုံစံမျိုးတွေနဲ့ ခေါ်ယူတယ်ဆိုတာ ပြောပြပေးပါ။

ဖြေ။ ။ အလုပ်လိုချင်တဲ့သူတွေကို သတင်းစာထဲကနေ ကြော်ငြာတယ်။ ကုမ္ပဏီတွေက လက်ကမ်းစာစောင်တွေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် ကြေညာတယ်။ ဈေးတွေ၊ လမ်းဆုံတွေ၊ လူစည်ကားတဲ့နေရာတွေမှာ လက်ကမ်းစာစောင်တွေ ဝေပြီး အလုပ်သမားခေါ်စာတွေ ဝေတယ်။ နောက်ကျွန်မတို့ MJTD ကလည်း အလုပ်သမားခေါ်မယ့် ကုမ္ပဏီတွေနဲ့ ဆက်သွယ်ထားတယ်။ အလုပ်လိုချင်တဲ့ သူတွေကိုအလုပ်ခေါ်နေတဲ့ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးတယ်။ အလုပ်လိုချင်တဲ့ သူတွေက သူတို့ရဲ့ကိုယ်ရေးရာဇဝင်နဲ့ ဖုန်းနံပါတ်ကို သီလဝါမှာရှိတဲ့ ကျွန်မတို့ရဲ့ MJTD ရုံးမှာတင်နိုင်တယ်။ နောက် အလုပ်သမားရုံးတွေမှာလည်း တင်နိုင်သလို အလုပ်ခေါ်တဲ့ကုမ္ပဏီတွေက သတ်မှတ်ထားတဲ့နေရာတွေမှာလည်း လျှောက်ထားနိုင်ပါတယ်။



**Takuma Ejiri**
**(မန်နေဂျင်း ဒါရိုက်တာ Koyorad Myanmar Corporation Co.,Ltd.)**

မေး။ ။ Takuma Ejiri စက်ရုံအနေနဲ့ အလုပ်သမားတွေကို ဘယ်လိုရွေးချယ်သလဲ။ မြန်မာအလုပ်သမား ဘယ်နှယောက်လောက်ကို ခေါ်ယူဖို့အစီအစဉ်ရှိလဲ။

ဖြေ။ ။ အင်ဂျင်နီယာတွေကို ခေါ်ယူတဲ့အခါမှာ သချာနဲ့ ပတ်သက်တဲ့ စိတ်ကူးကောင်းရှိသူတွေကို စစ်ဆေးပြီး ခေါ်ယူတယ်။ ကားရဲ့ အစိတ်အပိုင်း ရေဒီရေတာ(ကားရေတိုင်ကီ) ထုတ်မယ်။ လူ ၇၀၀ လောက် ခေါ်ယူဖို့ရှိတယ်။ နိုဝင်ဘာလမှာ စပြီးလည်ပတ်မယ်။ အစောပိုင်းမှာလူ ၅၀ လောက်ကို အလုပ်ခေါ်မယ်။

မေး။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့စဉ်းစားရာမှာ ဘာကြောင့် သီလဝါ အထူးစီးပွားရေးဇုန်ကို ရွေးချယ်တာလဲ။

ဖြေ။ ။ဒါက မြန်မာမှာ ပထမဆုံး အဆင့်မီစက်မှုဇုန်လို့ ပြောလို့ရတယ်။ လျှပ်စစ်ဓာတ်အား ပုံမှန်ရတာက ကျွန်တော့်ကို စက်ရုံလုပ်ကိုင်ဖို့ ဆွဲဆောင်တယ်။ အာရှမှာဆိုရင် အင်ဒိုနီးရှားနဲ့ တရုတ်မှာလည်း စက်ရုံတွေရှိတယ်။ ဒီနိုင်ငံတွေက အတွေ့အကြုံတွေကို သီလဝါမှာ အသုံးချပါမယ်။ တာဝန်ယူမှုရှိတဲ့ စက်မှုလုပ်ငန်းတစ်ခုဖြစ်လာဖို့လည်း ကျွန်တော်တို့ရဲ့ လူသားအရင်းအမြစ်ဌာနကနေ ဆောင်ရွက်ဖို့အစီအစဉ်တွေရှိတယ်။

ဒါက မြန်မာနဲ့ ဂျပန်အစိုးရကြားက စီမံကိန်းအကြီးကြီးတစ်ခုပဲဖြစ်တယ်။ နောက် ဒီစီးပွားရေးဇုန်ထဲမှာ ဂျပန်စက်ရုံအမြောက်အမြားက ရင်းနှီးမြှုပ်နှံထားတယ်။ တစ်ဝက်က ဂျပန်ရဲ့ ရင်းနှီးမြှုပ်နှံမှုပဲ။ နောက် သီလဝါစီးပွားရေးဇုန်ကို ကုန်ပစ္စည်းတွေ တင်သွင်းရင်လည်း အကောက်ခွန်ကင်းလွတ်ခွင့်ရတယ်။ ရေ၊ မီး၊ အင်တာနက် ကွန်နက်ရှင်ကအစ အဆင်ပြေတယ်။ မြေဈေးကတော့ တရုတ်တို့ အင်ဒိုတို့ထက်စာရင် ဈေးပိုပါတယ်။

မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး ဝေဖန်အကြံပြုချက် ပေးရမယ်ဆိုရင် ဘယ်လိုအကြောင်းအရာမျိုးကို အကြံပြုချင်လဲ။

ဖြေ။ ။ အထွေထွေလုပ်သားခေါ်ယူမှုနဲ့ပတ်သက်ပြီး အကြံပြုချင်တယ်။ ကျွန်တော့်ရဲ့ မန်နေဂျာကို သီလဝါဝန်းကျင်မှာ နေထိုင်တဲ့ အထွေထွေလုပ်သားလူတစ်ရာလောက် ခေါ်ယူဖို့ ဒီအနီးဝန်းကျင်မှာ ကြေညာခိုင်းတယ်။ ကြော်ငြာစာတွေ ကပ်တယ်။ လက်ကမ်းစာစောင်တွေ ဝေတယ်။ စစချင်း လာလျှောက်တာ လူသုံးယောက်လောက်ပဲရတယ်။ ကျွန်တော်တို့က ဒီအနီးဝန်းကျင်က အလုပ်သမားတွေကို အလုပ်ခန့်ချင်တယ်။ တဖြည်းဖြည်းနဲ့တော့ လာလျှောက်သူတွေ တိုးလာပါတယ်။ ဒါကြောင့် သီလဝါစီးပွားရေးဇုန်မှာ အလုပ်တွေ ခေါ်နေတယ်။ အလုပ်တွေ လျှောက်ထားလို့ရတယ်ဆိုတာကို အလုပ်လိုချင်တဲ့သူတွေသိလာအောင်၊ စိတ်ဝင်စားလာအောင် မြန်မာအစိုးရနဲ့ သက်ဆိုင်ရာတွေကို ကူညီပေးစေချင်တယ်။ ။



အနုပညာ



# "အိုးစည်၊ ဒိုးပတ်သံကြားရင် ဝါသနာမပါရင်တောင် နည်းနည်းတော့လှုပ်တယ်၊ မြန်မာသွေးဖြစ်နေလို့ပါ"ဟု ဆိုလာသူ ဖိုးချစ်နှင့်တွေ့ဆုံခြင်း

သူဇာတ်ကသည့် မည်သည့်မြို့၊ မည်သည့်ရွာတွင်မဆို ကလေး၊ လူငယ်၊ လူကြီးများဖြင့် ရုံပြည့်ရုံလျှံ ဖြစ်နေတတ်သည်။ ခေတ်လူငယ်တစ်ဦးဖြစ်သော်လည်း မြန်မာ့သုခုမအနုပညာကို မြတ်နိုးတန်ဖိုးထားကာ မြန်မာ့ဇာတ်သဘင်လောကကို ပရိသတ်ထံသို့ ပိုမိုစွဲလမ်းရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သူမှာ မြို့ရွှေမန်းသားလေး ဖိုးချစ်ခေါ် ဇာတ်မင်းသားဖိုးချစ်ဖြစ်ပါသည်။ သူ၏ ဆိုဟန်၊ ကဟန်များကြောင့် အမြို့မြို့အနယ်နယ်တိုင်းရှိ ပရိသတ်အပေါင်း၏ ချစ်ခင်အားပေးမှုကို တပွေ့တပိုက်ကြီးရရှိထားသူ ဖိုးချစ်နှင့် တစ်ခဏတာ တွေ့ဆုံမေးမြန်းမှုများနှင့် လတ်တလော အနုပညာလှုပ်ရှားမှုများကို ကြေးမုံအနုပညာပရိသတ်ကြီးအား မျှဝေလိုက်ရပါသည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာထက် အနောက်တိုင်းယဉ်ကျေးမှု အဆို၊ အကများအပေါ် လူငယ်အချို့ ပိုမိုစိတ် တိမ်းညွတ်နေမှုအပေါ် "အနောက်တိုင်းယဉ်ကျေးမှုကလွှမ်းမိုးတယ်လို့ထင်ရပေမယ့် အသွေးအသားထဲမှာ မြန်မာဆိုတာရှိပြီးသားပါ။ ဘယ်လောက်ပဲ အနောက်တိုင်း ဂီတကို ဝါသနာပါပါစေ။ အိုးစည်၊ ဒိုးပတ်သံကြားရင် ကျွန်တော်တို့တွေဟာ ဝါသနာမပါဘူးဆိုရင်တောင် နည်းနည်းတော့လှုပ်တယ်။ သွေးဆူတယ်ပေါ့နော်။ ဒါဘာဖြစ်လို့လဲဆိုတော့ မြန်မာသွေးဖြစ်နေလို့ပါ။

လွှမ်းမိုးမှုဆိုတာ သူတို့က မီဒီယာပိုင်းမှာရော ပံ့ပိုးမှုပိုင်းမှာရော လုပ်နိုင်စွမ်းအားတွေရော ကျွန်တော်တို့ထက် ပိုနေတာပါ။ ယဉ်ကျေးမှုအစဉ်အလာနဲ့ အဆီအနှစ်၊ တန်ဖိုးရှိတာတွေကတော့ ကျွန်တော်တို့ ယဉ်ကျေးမှုကို မကျော်နိုင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့က ဘာလုပ်ရမလဲဆိုတော့ မြန်မာ့ဂီတ၊ မြန်မာ့ယဉ်ကျေးမှုကို လူတွေပိုစိတ်ဝင်စားအောင် နောက်ပြီး လူငယ်တွေရဲ့ လုပ်အားတွေ ပြန်တက်လာအောင်လုပ်ရမယ်။ နိုင်ငံတော်အနေနဲ့လည်း ပံ့ပိုးမှုအားတွေ အများကြီးလိုအပ်ပါတယ်။ ဒါတွေအားလုံးစုံသွားရင်တော့ ကျွန်တော်တို့ခြံစည်းရိုးကို သူများကျော်လာတာမျိုး မဖြစ်လောက်ပါဘူး" ဟု ဆိုသည်။

ထို့နောက် ဖိုးချစ်က "မြန်မာ့ဇာတ်သဘင်လောကရဲ့ အနာဂတ်သုံးသပ်ချက်အနေနဲ့ကတော့ ကြိုးစားနေဆဲပါပဲ။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ကိုယ့်တစ်ဇာတ်တည်း ရပ်တည်ဖို့အတွက်မစဉ်းစားပါဘူး။ တစ်ဇာတ်တည်းရပ်တည်ဖို့ဆိုရင် နည်းနည်းကျဉ်းတာပေါ့။ နောက်တက်လာမယ့် မျိုးဆက်သစ်တွေအတွက် ဘယ်လိုပုံစံမျိုးချန်ထားပေးမှာလဲ။ ဘယ်လိုပုံစံမျိုးနဲ့ လက်ဆင့်ကမ်းမှာလဲဆိုတာ အရေးကြီးနေပါပြီ။ ခုဆိုရင် သဘင်ဥပဒေတွေ ပြဋ္ဌာန်းဖို့လုပ်နေပါပြီ။ အစည်းအရုံးပြန်ဖွဲ့မယ်။ အဲဒါ ယဉ်ကျေးမှုအရ မဖြစ် မနေလုပ်ရမယ့်လုပ်ငန်းတာဝန်တွေကို အားလုံးဆွေးနွေးပြီးတော့မှ မျိုးဆက်သစ်တွေကိုလက်ဆင့်ကမ်းမယ်"ဟု ဆိုသည်။

မင်းသားဖိုးချစ်၏ ယခုလက်ရှိအနုပညာလှုပ်ရှားမှုအနေဖြင့် "အခုလောလောဆယ်တော့ ဇာတ်တွေလိုက်ကနေပါတယ်။ ရုပ်ရှင်ကားကြီးတွေလည်း ရိုက်ဖို့ရှိတယ်။ ဇာတ်ကလိုက် ရုပ်ရှင်ရိုက်လိုက်ပေါ့"ဟု ဖြေကြားခဲ့သည်။

**ဖြိုးစန္ဒာမြင့်**

# "ပရိသတ်တွေလိုပဲ အလှအပနဲ့ပတ်သက်ရင်ဖိအားတွေရှိပါတယ်" အရီယာနာ ဂရန်ဒီ

အမေရိကန်ဆယ်ကျော်သက်ပေါ့ပ်အဆိုတော် အရီယာနာဂရန်ဒီဟာ ပြီးခဲ့တဲ့လအတွင်းကဖြစ်ခဲ့တဲ့ပြဿနာတွေကြောင့် ဟောလိဝုဒ်ပရိသတ်တွေရဲ့ စောင့်ကြည့်ခြင်းခံရသူတစ်ဦးပါ။ ဒ့ါကြောင့်လတ်တလောမှာ ဘယ်ကိုသွားသွား၊ ဘယ်ကိုလာလာ သူ့ရဲ့ရုပ်ရည်အပြင်အဆင်နဲ့ပတ်သက်လို့ အထူးသတိထားနေရတာမို့ အခြားမိန်းကလေးတွေလိုပဲ အလှအပနဲ့ပတ်သက်တဲ့ဖိအားတွေ ခံစားနေရတယ်လို့ ဆိုပါတယ်။

လူမှုပတ်ဝန်းကျင်မှာ အများစုဟာ လူငယ်တွေရဲ့ ရုပ်ရည်နဲ့အပြင်အဆင်ကိုကြည့်ပြီး တစ်ဦးတစ်ယောက်ရဲ့ တန်ဖိုးတွေကို သတ်မှတ်တတ်ကြတာမို့ အပြင်အဆင်ပိုင်းမှာ လူအများလက်ခံနိုင်တဲ့သူတစ်ဦးဖြစ်အောင် ကြိုးစားပြင်ဆင်ရတာမို့ ဖိအားတွေများခဲ့ရတာဖြစ်ကြောင်းလည်း သူက အင်တာဗျူးတစ်ခုမှာ ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

ဆက်လက်ပြီး အဆိုတော်က "လူမှုကွန်ရက်မီဒီယာတွေဟာ အမြဲတန်းတော့ ကောင်းမွန်လွယ်ကူမှုတွေကိုပဲ သုံးစွဲသူတွေဆီ ယူဆောင်လာတာ မဟုတ်ပါဘူး။ တစ်ခါတစ်လေ သူ့ဆီကဆိုးကျိုးတွေလည်းရပါတယ်။ ဒ့ါကြောင့်ကျွန်မ အွန်လိုင်းမှာ ကျွန်မကို မုန်းတဲ့သူတွေကို လျစ်လျူရှုထားတယ်။ ကျွန်မအွန်လိုင်းမီဒီယာကို ကျွန်မရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံဖို့ပဲ ရည်ရွယ်ပြီးသုံးပါတယ်"လို့ ပြောခဲ့ပါတယ်။

ငယ်စဉ်အခါက လူတွေကမိမိကို ဝေဖန်တဲ့အခါ အထူးသဖြင့် အွန်လိုင်းမီဒီယာတွေပေါ်မှာ ပြစ်တင်ဝေဖန်တဲ့အခါ စိတ်ထဲမှာခံစားရပေမယ့် အခုတော့ အွန်လိုင်းပေါ်မှာ ကျွန်မအကြောင်းရေးထားတာတွေကို မဖတ်ဖို့ စိတ်ဆုံးဖြတ်ထားကြောင်း၊ မိမိကိုယ်မိမိ တစ်နေ့ထက်တစ်နေ့ပိုမိုကောင်းမွန်အောင်သာ ကြိုးစားနေထိုင်သွားမည်ဖြစ်ကြောင်းနှင့် မိမိ၏သီချင်းများဖြင့် လူငယ်တစ်ဦးချင်းစီတွင် ရှိနေသော ဖိအားများကို လျှော့ချပေးနိုင်ပြီး လူငယ်ထုပေါ်တွင် လွှမ်းမိုးထားနိုင်သော အနုပညာရှင်တစ်ဦး ဖြစ်လာရန်သာ ရည်ရွယ်ကြိုးစားသွားမည်ဖြစ်ကြောင်း သူကဖွင့်ဟ ပြောဆိုခဲ့ပါတယ်။

**ခင်ခင်သက်**



# ရုပ်မြင်သံကြားအစီအစဉ်များ

၂၃ - ၉ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ(အပိုင်း-၁၄၄) |
| ၆း၂၀ | "မဟော်သဓာ"(အပိုင်း-၈) |
| ၆း၅၀ | "ပေါင်ချိန်ရဲ့တံဆိပ်တုံး" |
| ၇း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ"(အပိုင်း-၂၀) |
| ၇း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၂၅) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၅ | Catch Asia News (Part-9) |
| ၈း၅၅ | "အချိန်တိုင်းနေရာတိုင်း" (အပိုင်း-၁) |
| ၉း၃၀ | မြန်မာရုပ်ရှင်(ဖြူ/မဲ) "အပယ်ရတနာ" (ညွန့်ဝင်း၊ စမ်းစမ်းအေး) [ဒါရိုက်တာ-ရှုမဝ(ဦးကျော်)] |

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

## MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "အချိန်ရှိခိုက်လုံ့လစိုက်" တရားတော် [ဆရာတော် အရှင်မာလာစာရ (ညောင်ပင်သာ ဆရာတော်)] |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၉၃) |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၁း၀၀ | ဟင်းချက်ရအောင် |
| ၁၁း၂၀ | MRTV-4 Stage |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၆) |
| ၁၂း၃၅ | သာသနာ့အာဇာနည် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိ "သာသနာ့အကျော်မန်းဗန်းမော်" (အပိုင်း-၃) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၄) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၆၁) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၆၂) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၅) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း " (အပိုင်း-၉၄) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၅၇) |
| ၁၀း၁၅ | Let's Talk |
| ၁၀း၄၅ | MRTV-4 Stage |
| ၁၁း၁၅ | World of Knowledge (Secret Military Report : Churchill German Army) |
| ၃း၄၅ | မဖ္ဈိမဒေသသံဝေဇနိယလေးဌာန |
| ၄း၁၀ | World of Knowledge (Secret Military Report : Churchill German Army) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၁ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၀ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မှတ်တမ်း |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | *VOA* အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၃၀ | *DVD Hits* |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၇၅) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrties |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းခြာ ချစ်လိပ်ပြာ အပိုင်း(၂၀) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရယ်စရာပျော်စရာဟာသကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ)အပိုင်း(၂၈) |

## mitv

| | |
|---|---|
| 07:26 | "19 Hours |
| 07:51 | "Pyin Oo Lwin Sweater |
| 08:03 | "News |
| 08:26 | "A Street Vendor "Spreading Knowledge" |
| 09:26 | "Enterpreneur "Soe Nyi Nyi" |
| 09:35 | "Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises |
| 10:26 | "Myanmar Traditional Instruments - Myanma Harp (Episode-1) |
| 10:50 | "Orchid Lover |
| 07:26 | "A Visit To Today's Along-Daw-Katthapha |
| 07:42 | "Gardener: Rose Plantation |
| 07:50 | "Today Myanmar: Scraps to Products |
| 08:26 | "Innovative Handiworks Based On The Art Of Line Drawing |
| 08:45 | "Chef Life: Avi Bitton (Israeli Chef) |

# လက်ဝှေ့ပရိသတ်တစ်ဦးပါလို့ဆိုတဲ့ မန်ယူတိုက်စစ်မှူး

မန်ချက်စတာယူနိုက်တက်အသင်း၏တိုက်စစ်မှူး အသက် (၂၉)နှစ်အရွယ် ရွန်းနီဟာ အားကစားနည်းများစွာရှိသည့်အနက် ဘောလုံးအားကစားအပြင် လက်ဝှေ့အားကစားကို ကြိုက်နှစ်သက်သူတစ်ဦးဖြစ်ကြောင်းနဲ့ သူဟာ လက်ဝှေ့အားကစားရဲ့ အမာခံပရိသတ်တွေထဲက တစ်ဦးဖြစ်ကြောင်း ဖွင့်ဟပြောဆိုလာပါတယ်။

ရွန်းနီရဲ့ပြောကြားချက်အရ မန်ချက်စတာယူနိုက်တက်အသင်းမှာ အသင်းပိုင်လက်ဝှေ့ကလပ်တစ်ခုလည်း ရှိကြောင်း သိရပါတယ်။


ရွန်းနီက သူဟာ ငယ်စဉ်ကတည်းက ဦးလေးဖြစ်သူရဲ့လက်ဝှေ့စင်မှာ ညီအစ်ကိုဝမ်းကွဲဖြစ်သူနဲ့အတူ လက်ဝှေ့ကစားလေ့ရှိကြောင်း၊ အရွယ်ရောက်လာ၍ အသက်မွေးဝမ်းကျောင်းတစ်ခုကိုရွေးချယ်ရတဲ့အခါမှာတော့ ဘောလုံးအားကစားကိုရွေးချယ်ခဲ့ကြောင်းနဲ့ ဘောလုံးအားကစားလောကမှာ အောင်မြင်မှုရရှိခဲ့တဲ့အတွက် မိမိရဲ့ ရွေးချယ်မှုမှန်ကန်ခဲ့တယ်လို့ ထင်မြင်မိကြောင်းလည်း ဆိုပါတယ်။

သူဟာ လက်ဝှေ့အကျော်အမော် လီယမ်စမစ်သ်နဲ့လည်း ခင်မင်ရင်းနှီးသူတစ်ဦးပါ။ လာမယ့်အောက်တိုဘာလမှာ စမစ်သ်နဲ့ ဂွန်သွန်မ်စန်တို့ယှဉ်ပြိုင်ထိုးသတ်မယ့်ပွဲကို သွားရောက်အားပေးချင်ပေမယ့် အသင်းရဲ့လေ့ကျင့်ရေးအချိန်တွေနဲ့ မအားလပ်နိုင်တာမို့ ကြည့်ခွင့်မရခဲ့ပါဘူး။ ဒါ့ကြောင့် သူဟာ စမစ်သ်ရဲ့လေ့ကျင့်ရေးဆင်းတဲ့အချိန်တွေမှာပဲ သွားရောက်အားပေးဖြစ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင်ရွန်းနီဟာ လက်ဝှေ့လောကမှာ ရှုံးပွဲမရှိအောင်မြင်သူလိုနာမည်ကြီးလှတဲ့ ဖလွိုက်မေဝယ်သာရဲ့ ပရိသတ်တစ်ဦးလည်းဖြစ်ပါတယ်။ မေဝယ်သာရဲ့ ခုခံချက်၊ ထိုးနှက်ချက်တွေကို အကြိုက်ဆုံးလို့ဆိုပါတယ်။ ဒါပေမယ့် မေဝယ်သာရဲ့ပွဲတွေကိုလည်းတစ်ခါမျှ သွားရောက်အားမပေးဖြစ်ခဲ့ပါဘူး။ ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့တာကိုပဲ ကြည့်ရှုအားပေးခဲ့ရကြောင်း ဖွင့်ဟခဲ့ပါတယ်။



ယခုနှစ် မတ်လအတွင်းက ရွန်းနီနဲ့ သူ့ရဲ့အသင်းဖော် ဖေးဘရက်စလေတို့နှစ်ဦး ရွန်းနီရဲ့အိမ်က မီးဖိုချောင်အတွင်းမှာ လက်ဝှေ့ထိုးနေကြတာကို ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်ဟာ အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့ခဲ့ပါတယ်။

[ခင်ခင်သက်]




ရီးယဲလ်မက်ဒရစ်မှာခြေစွမ်းတွေပြနေတဲ့ ပေါ်တူဂီကစားသမား ခရစ်စ္စတီရာနို ရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီအပြီးတွင် မိမိအနေဖြင့် လက်ရှိကစားနေသော အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း ပြောဆိုခဲ့ပြီးနောက် မန်ချက်စတာအသင်းက သူ့ကို ပြောင်းရွှေ့ကြေးပေါင် သန်း၉၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

သို့သော် မန်ချက်စတာတို့၏ကမ်းလှမ်းမှုသည် ပီအက်စ်ဂျီနှင့် ရင်ဆိုင်ယှဉ်ပြိုင်နေရပြီး ပီအက်စ်ဂျီကလည်း ရိုနယ်လ်ဒိုကို အပြိုင်ခေါ်ယူသွားရန် ဆန္ဒရှိနေသည်။ ထို့ပြင် ၂၀၀၉ ခုနှစ်က မန်ချက်စတာယူနိုက်တက်အသင်းမှ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ရီးယဲလ်သို့ ပြောင်းရွှေ့ခဲ့ရသော ရိုနယ်လ်ဒိုအနေဖြင့် မန်ယူအသင်းထက် ပီအက်စ်ဂျီ၏ ကမ်းလှမ်းမှုကို လက်ခံသွားနိုင်ဖွယ်ရှိကြောင်း ဘောလုံးလောကသားများက ထင်ကြေးပေးကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ရိုနယ်လ်ဒို ရီးယဲလ်အသင်းသို့ ပြောင်းရွှေ့ပြီးနောက် နှစ်ကြိမ်တိုင်တိုင် ပြန်လည်ခေါ်ယူရန် ကြိုးပမ်းခဲ့သည်။ ယခုသုံးကြိမ်မြောက် ကြိုးပမ်းမှုတွင် မန်ယူတို့ သူတို့၏ ကျောနံပါတ် (၇) ကစားသမားဟောင်း ရိုနယ်လ်ဒိုကို ပြန်လည်ပိုင်ဆိုင်ခွင့်ရမည်၊ မရမည်မှာလည်း မသေချာသေးပေ။

ရိုနယ်လ်ဒိုသည် ရီးယဲလ်အသင်းတွင် ပါဝင်ကစားနေစဉ်ကာလတစ်လျှောက် ပွဲပေါင်း ၃၀၅ပွဲကစားခဲ့သည့်အနက် ဂိုးအရေအတွက်စုစုပေါင်း ၃၂၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည့် စံချိန်တင်ကစားသမားတစ်ဦးဖြစ်သည်။ ထို့ပြင် သူသည် ယခုနှစ်ဘောလုံးရာသီ၌ ပွဲပေါင်းငါးပွဲကစားခဲ့ပြီးချိန်တွင် အသင်းအတွက် ဂိုးပေါင်းရှစ်ဂိုးရယူပေးနိုင်ခဲ့သည်။

ခုနစ်နှစ်တာကာလမျှ ရီးယဲလ်နှင့် လက်တွဲခဲ့ပြီးနောက် ရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီအပြီး၌ လက်ရှိအသင်းမှထွက်ခွာရန် သေချာနေပြီဖြစ်သော်လည်း သူ့အနေဖြင့် မန်ချက်စတာယူနိုက်တက်နှင့် ပီအက်စ်ဂျီတို့၏ ကမ်းလှမ်းမှုအပေါ်တွင်မူ တစ်စုံတစ်ရာမှတ်ချက်ပေးပြောကြားခြင်း မရှိပေ။

## ရပ်ကွက်/ကျေးရွာ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီတို့၏ ပံ့ပိုးမှုဖြင့် ၂၀၁၅ ခုနှစ် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲပွဲစဉ်အဖြစ် မြဝတီရပ်ကွက်ဘောလုံးအသင်းနှင့် ဘုရင့်နောင်ရပ်ကွက်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘုရင့်နောင်အသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယဆုရရှိသော အောင်ဇေယျာရပ်ကွက်အသင်းနှင့် ဒုတိယဆုရရှိသော မြဝတီရပ်ကွက်အသင်းတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုတို့ကိုပေးအပ်ခဲ့ပြီး ပထမရရှိသော ဘုရင့်နောင်ရပ်ကွက်ဘောလုံးအသင်းကို ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေက ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဇင်ဘို)

## စပိန်လာလီဂါရင်ခုန်သံ - ၆

**စပိန်လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ်(၆)ကို စက်တင်ဘာ ၂၆၊ ၂၇၊ ၂၈ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ကြားပွဲစဉ်ဖြစ်ပြီး ပွဲစဉ် (၅)နဲ့ ရက်သိပ်မခြားဘဲ ယှဉ်ပြိုင်ကစားမှာဖြစ်သလို အဲဒီပွဲစဉ်အပြီးမှာလည်း ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေရှိနေပြန်တာကြောင့် အသင်းကြီးတွေပွဲဆက်များနိုင်တာကို သတိပြုအားပေးရမှာပါ။**

**ဗလန်စီယာ - ဂရန်နာဒါ** **နံနက် ၁း၀၀ (၂၆-၉-၁၅)**

ဒီပွဲကစားအပြီးမှာ ဗလန်စီယာဟာ ချန်ပီယံလိဂ်ပွဲစဉ် ရှိနေတာကြောင့် ခြေကုန်ထုတ်ဖို့ခက်ပါလိမ့်မယ်။ လက်ရှိဗလန်စီယာရဲ့ ခြေစွမ်းကလည်း တည်ငြိမ်မှုအားနည်းပြီး လာလီဂါမှာတစ်ပွဲသာနိုင်ပါသေးတယ်။ ဗလန်စီယာကွင်းဖြစ်ပြီး ဂရန်နာဒါခြေကလည်း သာမန်သာရှိပေမယ့် ဗလန်စီယာ ကပ်ပြီးပဲ နိုင်ဖို့ရှိပါတယ်။

**ဘာစီလိုနာ - လက်စ်ပဲမက်** **ည ၈း၃၀(၂၆-၉-၁၅)**

ဘာစီလိုနာကလည်း ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲရှိပါတယ်။ အဖွင့်မှာ ရိုးမားကို သရေသာကစားနိုင်ခဲ့လို့လည်း ချန်ပီယံလိဂ်မှာ နိုင်ပွဲရဖို့ ဘာစီလိုနာ ဒီပွဲမှာလူစုံထုတ်ဖို့ မသေချာပါဘူး။ ဒါပေမယ့် ဘာစီလိုနာကွင်းမှာ လက်စ်ပဲမက်တို့ ဘာစီလိုနာကို ပွဲချိန်ပြည့်ထိန်းဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဘာစီလိုနာ နှစ်ဂိုးအသာနဲ့အနိုင်ရ မှာပါ။

**ရီးယဲလ် - မာလာဂါ** **ည ၁၀း၄၅ (၂၆-၉-၁၅)**

လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းပျက်ယွင်းနေတယ်ဆိုပေမယ့် မာလာဂါဟာ ကစားပုံမာကျောတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာလည်း ရီးယဲလ်မက်ဒရစ်ရဲ့ တိုက်စစ်ကစားအားက မတည်ငြိမ်ပါဘူး။ ဒီပွဲအပြီးမှာလည်း ရီးယဲလ်တို့ချန်ပီယံလိဂ်ရှိပါသေးတယ်။ ဒါကြောင့် ရီးယဲလ် ဂိုးပြတ်အနိုင် မျှော်လင့်ဖို့ခက်မှာပါ။

**ဆီဗီလာ - ဗယ်လီကာနို** **နံနက် ၁း၀၀ (၂၇-၉-၁၅)**

ဆီဗီလာဟာ လာလီဂါပြိုင်ပွဲထက် ချန်ပီယံလိဂ်အုပ်စုကျပ်အတွင်းကနေ နောက်တစ်ဆင့်တက်ရောက်နိုင်ရေးကို ပိုမိုအာရုံစိုက်နေသလို အရန်အင်အားလည်း မတောင့်တင်းပါဘူး။ ဒီပွဲစဉ်အပြီးမှာလည်း ချန်ပီယံလိဂ်ရှိနေပြန်တာကြောင့် ဆီဗီလာတို့ ခြေကုန်ထုတ်ဖို့ခက်ဦးမှာပါ။ ဗယ်လီကာနိုခြေအားနည်းပေမယ့် ဆီဗီလာကပ်ပြီးသာနိုင်မယ်။

**ဗီလာရီးယဲလ် - အက်သလက်တီကို** **နံနက် ၁း၀၀(၂၇-၉-၁၅)**

အက်သလက်တီကိုက ဒီပွဲစဉ်အပြီးမှာ ချန်ပီယံလိဂ်ရှိသလို ဗီလာရီးယဲလ်ကလည်း ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ရှိပါတယ်။ လက်ရှိခြေစွမ်းအရဆိုရင်တော့ တောရက်စ်အပါအဝင် အဓိကကစားသမားအများစု ခြေစွမ်းပြနေတဲ့ အက်သလက်တီကိုက ပိုကောင်းပါတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်ကွင်းဖြစ်နေလို့ သရေကျဖို့များပါတယ်။

**အီဘား - ဆယ်တာဗီဂို** **နံနက် ၂း၃၅(၂၇-၉-၁၅)**

အီဘားရဲ့ခြေစွမ်းက မဆိုးပါဘူး။ တိုက်စစ်ပိုင်းအနည်းငယ် အားနည်းပေမယ့် ကစားပုံမဆိုးသလို ခံစစ်ပိုင်းက ကျစ်လျစ်မှုရှိပါတယ်။ ဒါ့အပြင်အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဆယ်တာဗီဂိုကိုတုံ့ပြန်ကစားနိုင်မှာပါ။ ဆယ်တာဗီဂိုရဲ့ လက်ရှိခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့် အီဘားရဲ့ ကစားအားကြောင့် သရေကျဖို့များပါတယ်။

**ဂီဂွန် - ဘက်တစ်** **ညနေ ၄း၃၀ (၂၇-၉-၁၅)**

ဘက်တစ်ရဲ့ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်လာပါတယ်။ တစ်ဦးလျော့အနေအထားနဲ့တောင် ဗလန်စီယာကို သရေကစားနိုင်ခဲ့ပါတယ်။ ဂီဂွန်ကတော့ အိမ်ကွင်းအားသာချက်ရှိတယ်ဆိုပေမယ့် ပုံစံကောင်းမရသေးသလို တိုက်စစ်ပိုင်းက တည်ငြိမ်မှုလုံးဝမရှိပါဘူး။ ဘက်တစ်တို့ အဝေးကွင်းမှာ နိုင်ပွဲကပ်ရသွားမှာပါ။

**ဒီပို့တီဗို - အက်စ်ပန်ညို** **ည ၁၀း၄၅ (၂၇-၉-၁၅)**

ဒီရာသီအစမှာ ဒီပို့တီဗိုရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ထိုးဖောက်ကစားပုံနဲ့ အဆုံးသတ်ပိုင်းက သာမန်သာရှိပေမယ့် ခံစစ်ပိုင်းကကျစ်လျစ်မှုရှိပါတယ်။ ဒါကြောင့် တိုက်စစ်ကစားပုံသာမန်သာရှိတဲ့ အက်စ်ပန်ညိုကို ထိန်းချုပ်နိုင်မှာပါ။ အိမ်ကွင်းမှာဒီပို့တီဗိုနိုင်ပွဲရသွားဖို့ရှိပါတယ်။

**ဂီတာဖေး - လီဗန်တေး** **ည ၁၀း၄၅ (၂၇-၉-၁၅)**

မာလာဂါကိုအနိုင်ရပြီး ဂီတာဖေးကို နိုင်ပွဲစရခဲ့ပြီဆိုပေမယ့် တိုက်စစ်ကစားပုံကတော့ သာမန်ထက်မပိုသေးပါဘူး။ ဒါပေမယ့် ပြိုင်ဘက်လီဗန်တေးရဲ့ ခြေစွမ်းကလည်း အားနည်းမှုတွေရှိနေသလို တိုက်စစ်ကအစ အဆုံးသတ်ပိုင်း မသေချာတာ တွေ့ရတယ်။ ဂီတာဖေးကွင်းလည်း ဖြစ်လို့ ဂီတာဖေးပဲကပ်နိုင်မှာပါ။

**ဆိုစီဒက် - ဘီဘာအို** **နံနက် ၁း၀၀ (၂၈-၉-၁၅)**

ဒီရာသီမှာဆိုစီဒက်ဟာ ခြေစွမ်းလုံးဝကျဆင်းနေပါတယ်။ လေးပွဲအပြီးမှာ နိုင်ပွဲလုံးဝမရသေးပါဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက အားနည်းလွန်းနေတာတွေ့ရပါတယ်။ ဒါကြောင့် ခြေစွမ်းအနည်းငယ် ပြန်ကောင်းလာတဲ့ ဘီဘာအိုကို အသာရဖို့ ရှုန်းကန်ရဦးမှာပါ။ ဘီဘာအိုတို့ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့် ဆိုစီဒက်သရေထက်မပိုပါဘူး။

[ရှိုင်းမင်းမင်း]

# ရမည်းသင်းမြို့ စီဗွီလိုင်းရပ်ကွက်တွင် စက်ကြီးဖြင့် အဝီစိတွင်းတူးရာ သောက်သုံးရေချိုရရှိ

**ရမည်းသင်း စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ကြီး စီဗွီလိုင်းရပ်ကွက်တွင် စက်ကြီးဖြင့် အဝီစိတွင်းတူးရာ သောက်သုံးရေချို ထွက်ရှိပြီဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီတွင်စတင်၍ ရေမှုတ်နေကြောင်း ၎င်းရပ်ကွက်နေ မြို့မိမြို့ဖ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်ထံမှ သိရသည်။

ရေတွင်းအနက်ပေ ၉၀၀ တွင် သဲကြောပေ ၈၀ တွေ့ရှိကြောင်း၊ ရေမှုတ်ရာ တစ်နာရီ ဂါလန် ၂၀၀၀ သတ်မှတ်ကြောင်း၊ ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရေတွင်းများလာတူးရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အကူအညီတောင်း၍ တူးပေးကြောင်း၊ ၂၅ ရက်ကြာအောင် တူးရကြောင်း၊ စက်တင်ဘာ ၂၀ ရက်မှ ရေတွင်းရေ စမှုတ်ခြင်းဖြစ်ကြောင်း၊ ရေစစ်ဆေးရေးဌာနသို့ မပို့ရသေးကြောင်း ရပ်ကွက်နေပြည်သူများ ရေသောက်ကြည့်ကြရာ ရေချိုသောကြောင့် ရေရှားပါးသောရပ်ကွက်၌ သောက်သုံးရေချိုရရှိ၍ ဝမ်းသာနေကြကြောင်း အဝီစိရေတွင်းတူးစက်ကြီးတာဝန်ခံက ပြောသည်။

၂၀၁၅-၂၀၁၆ မြို့နယ်စည်ပင်သာယာရေးဘတ်ဂျက်တွင် ရေတွင်းအတွက် ထည့်သွင်းထားခြင်းမရှိသော်လည်း မြို့မိမြို့ဖ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ရပ်ကွက်ပြည်သူလူထုများ၏ လိုအပ်ချက်တင်ပြတောင်းခံသည့်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ လမ်းတံတားလုပ်ငန်းတင်ဒါပိုလျှံငွေများ ခေါင်းစဉ်ပြောင်း၍ ၁၂၅ သိန်းကျပ် အကုန်ကျခံကာ ရေတွင်းတူးပေးခြင်းဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့ (သီလဝ) မြို့ သမိုင်းအရ ရှေးဘုရင်မင်းမြတ် မြို့တွင်းသို့ တိုင်းခန်းလှည့်လည်ရာ ရေကြည်တော်ဆက်သခြင်းမရှိသည့်အတွက် ဒီမြို့အတွင်း (ဆင်တအော်) ရေမထွက်စေရဟု ကျိန်စာသင့်ခဲ့သည်ဟု သက်ကြီးစကားကြားခဲ့ရသည်။ သောက်သုံးရေအလွန်ရှားပါးသော မြို့ဖြစ်ပြီး သုံးမိုင်ဝေးသော စံပြသိမ်ကုန်းကျေးရွာ အဝီစိစက်ရေတွင်းများမှ ပေးပို့သောရေကို သောက်သုံးရသော မြို့ဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် နှစ်ပေါင်း ၇၀၀ ကျော်က တူးထားသော ယခင်ကြာနီကန် ယခုကြေးနီကန် နှစ်တိုင်ပတ်လည်ရှိသောကန်ကြီးအား နိုင်ငံတော်သမ္မတ သီးခြားရန်ပုံငွေကျပ်သန်းပေါင်း ၁၅၈၁၁ ကျပ် အကုန်ကျခံ တူးထားပေးပြီးဖြစ်သည့်အတွက် ယခင်ကလယ်ဧက ၂၅၀၀ သာ မိုးစပါးစိုက်ပျိုးနိုင်ရာမှ ယခုလယ်ဧက ၆၄၂၉ ဧက စိုက်ပျိုးနိုင်ပြီဖြစ်သည်။ နွေစပါးကို ယခင်ဧက ၃၀၀ စိုက်ပျိုးခဲ့ရာ ယခုဧက ၁၇၀၀ အထိ စိုက်ပျိုးနိုင်ပြီဖြစ်သည်။

ယခင်ကြေးနီကန်တမံ၏အမြင့်မှာ ၁၅ ပေရှိရာ ယခု ၂၀ ပေရှိကြောင်း၊ ပျမ်းမျှရေအနက်ပေမှာ ယခင်က လေးပေခြောက်လက်မရှိရာ ယခု ၉ ဒသမ ၆ လက်မ၊ တမံထိပ်လမ်းနှစ်လမ်း၏အကျယ်မှာ ယခင်က ၁၂ ပေရှိရာ ယခု ၂၄ ပေ အကျယ်ထိ တိုးချဲ့ဆောင်ရွက်ထားကြောင်း သိရသည်။



ကြေးနီကန်ပြန်လည်တူးဖော်ရေး တင်ပြတောင်းခံ အကောင်ထည်ဖော်ဆောင်ရွက်နေစဉ် ရမည်းသင်းမြို့၏ အဓိကလိုအပ်ချက်မှာ သောက်သုံးရေဖြစ်ကြောင်း ပြည်သူများကတင်ပြကြရာ လွှတ်တော်တွင် တင်ပြတောင်းခံ၍ စီမံချက်ဖြင့်ဆောင်ရွက်ခွင့်ရရှိသောကြောင့် ကြေးနီကန်မှရေများ သိုလှောင်ကန်၊ ရေစစ်ကန်၊ (လျှပ်စစ်မီး 200KVA ထရန်စဖော်မာအသစ် တည်ဆောက်ခြင်း)၊ ရေသန့်စက်ရုံမှ တစ်ဆင့် ရေစင်ကြီးသုံးခုဖြင့် မြို့တွင်းရေဖြန့်ဝေနိုင်ရန် ရေပိုက်လိုင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ မြို့တွင်း၌ မီးသတ်ကန် ၁၀ ကန်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။

ကြေးနီကန်ကြီးအတွင်း မိုးရေများဝင်ရောက်သိုလှောင်နိုင်ပါက အဆင်သင့်သောက်သုံးရေများ ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၃၇၀ ဒသမ ၃၆ သန်း အကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်ထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှု



**ဒီးမော့ဆို စက်တင်ဘာ ၂၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝါဘန်းပလိုကျေးရွာ၊ ဒေါ်ဆိုဖျကျေးရွာနှင့် ထီးဖိုးကလိုးကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူရ၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေါ်ဆိုဖျကျေးရွာနှင့် ထီးဖိုးကလိုးကျေးရွာများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေါ်ဆိုဖျကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၆၆ ဦး၊ အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်သူ ငါးဦးနှင့် ထီးဖိုးကလိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၁၇ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အသက်ပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကွင်းဆင်းဆောင်ရွက်

**ချောင်းဦး စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အသက် ၁၀ နှစ်ပြည့်ပြီးသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ခင်မွန်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးထွန်းအောင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်များက ခင်မွန် အ. ထ. က(ခွဲ) သို့သွားရောက်ပြီး အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ကျောင်းသား ၅၂ ဦး၊ ကျောင်းသူ ၁၁၅ ဦး၊ စုစုပေါင်း ၁၆၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က စစ်ဆေးကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရသည့်အကြောင်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

"အခုလို မှတ်ပုံတင်ကတ်ရရှိအောင် ကျောင်းကို အရောက် လာလုပ်ပေးတဲ့အတွက် အများကြီးအဆင်ပြေပါတယ်။ မြို့နယ်လ. ဝ. ကရဲ့ ဆက်ဆံရေးကောင်းမွန်ပြီး စိတ်ရှည်တဲ့လုပ်ဆောင်ပေးမှုတွေကြောင့် စိတ်ချမ်းသာပါတယ်" ဟု နဝမတန်းကျောင်းသူတစ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် အသက်ပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိနိုင်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ရာ ချောင်းဦးအ. ထ. ကသို့ စက်တင်ဘာ နောက်ဆုံးပတ်တွင် သွားရောက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ယာဉ်ထိမ်းရဲ တပ်ကြပ်ကြီး ရဲဝင်းနှင့်ယာဉ်ကြီးကြပ်မှုကော်မတီအဖွဲ့များအရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းမှစ၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာ ဆိုင်ကယ်အစီး ၂၀၀၊ ကားအစီး ၃၀၊ သုံးဘီးအစီး ၅၀၊ ထော်လာဂျီအစီး ၂၀ စုစုပေါင်း ၃၀၀ တို့အား ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက် ၁၁ ရက်တို့တွင် သတင်းစာပါ မော်တော်ယာဉ်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးနှင့် စည်းကမ်းချက်များ ချိုးဖောက်ပါက သုံးသောင်းကျပ်မှ တစ်သိန်းကျပ်အထိ မြို့နယ်တရားရုံးသို့ ကျသင့်ဒဏ်ကြေးငွေများ ပေးဆောင်သွားရမည်ဖြစ်ကြောင်း ဆိုင်ကယ်မောင်းသူများသိရှိရန် အချက် ၁၃ ချက်၊ သုံးဘီးမောင်းသူများသိရှိရန် အချက် ၁၁ ချက်၊ ကား၊ ထော်လာဂျီမောင်းသူများ သိရှိရန်အချက် ၂၆ ချက်ပါ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(၅၈၀)**

# အရှည်သုံးမိုင်ရှိ သိုင်းဝ–ကုန်းကြီးလမ်းဆုံ ကျေးလက်ကျောက်ချောလမ်းအား ကိုယ့်အားကိုယ်ကိုးပြုပြင်

**ရေတာရှည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် ဆွာမြို့အကြား ကုန်းကြီးလမ်းဆုံမှ အနောက်ဘက်လေးမိုင်ခန့်အကွာရှိ သိုင်းဝကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ကျေးလက်ကျောက်ချောလမ်းမှာ မိုးရာသီကာလတွင် ပျက်စီးမှုများစွာဖြစ်ပေါ်ခဲ့သည့်အတွက် အမှတ်ကြီးခုံ ရှမ်းကျောင်းတိုက် ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီး ဥူးအိန္ဒကကြီးမှူး၍ အမတ်ကြီးခုံ၊ ကြို့ပင်သာ၊ သပြေကုန်း၊ သိုင်းဝကျေးရွာဒေသခံများစုပေါင်းကာ ကျောက်မှုန့်များဖြူးခြင်း၊ ကျောက်များဖြည့်စွက်ခင်းခြင်းတို့ ဆောင်ရွက်နေကြောင်း သိရသည်။

"လက်ရှိတော့ သိန်းခြောက်ဆယ်လောက်ကုန်သွားပြီ။ အလှူခံကရတဲ့ငွေရယ် ဆရာတော်ကြီးကလည်း လှူဒါန်းတာတွေလည်းပါတာပေ့ါ။ ဒါပြီးရင် သဲထပ်ဖြူးဦးမှာ" ဟု လမ်းပြုပြင်နေသည့်ဒေသခံများကပြောသည်။

**ကိုလွင်(ဆွာ)**



# ရေတာရှည်မြို့နယ် ဆွာချောင်းသစ်တောကြိုးဝိုင်းဒေသပြေးဆွဲနေသည့် စက်လှေများ အန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

**ရေတာရှည် စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသများရှိ မရိုးခုံ၊ မြို့စိုး၊ လုံးရမ်းကျေးရွာများမှ ဆွာချောင်းတစ်လျှောက် ဆည်တမံနှင့်ချိတ်ဆက်ပြေးဆွဲနေသည့် စက်လှေများအား လိုင်စင်စိစစ်ခြင်း၊ စက်လှေကြံ့ခိုင်မှု၊ အသက်ကယ်ပစ္စည်းများ ပြည့်စုံခြင်းရှိ-မရှိ၊ သတ်မှတ်လူဦးရေတင်ဆောင်ခြင်းတို့ကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့်တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးခဲ့သည်။

မိုးရာသီကာလတစ်လျှောက် သစ်တောကြိုးဝိုင်းဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများမှာ နေ့စဉ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအား စက်လှေများကိုသာ အားထားသွားလာကြရကာ ဆွာဆည်တမံ လှေဆိပ်ကတစ်ဆင့် မြို့အသီးသီးကို ဆက်လက်သွားလာကြရသည်။ ဆွာဆည်တမံကိုဗဟိုပြု၍ ပြေးဆွဲနေသည့် စက်လှေ အကြီး၊ အသေး ၂၉ စင်းခန့်ရှိပြီး ဆွာဆည်တမံသစ်တောကျွန်းများဖြစ်သည့် ရွှေဘေးတဲစု၊ သဲဖြူတဲစု၊ ဝါးယားကျင်းတဲစု၊ ဝံဂဲတဲစု၊ ရွှေကာတဲစု၊ စာလီဘိုတဲစုများရှိ ဒေသခံများသည် တံငါလုပ်ငန်းများလုပ်ကိုင်ကြပြီး လှေငယ်များစွာအသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

"အဓိကကတော့ ဆည်ရေပြင်မှာ လှိုင်းတွေရှိတယ်၊ သစ်ငုတ်တွေရှိမယ် နောက် စက်လှေတွေမှာ ကုန်နဲ့ခရီးသည်တင်ဆောင်မှုတွေကို စစ်ဆေးတာပါ။ နောက် စက်လှေတွေမှာ တရားဝင်ပြေးဆွဲခွင့်လိုင်စင်တွေ ရှိ-မရှိစစ်ဆေးတယ်။ ခရီးသည်တွေ အသက်အန္တရာယ်ဖြစ်ပွားခြင်း မရှိအောင်လို့ပါ"ဟု ဒုဦးစီးမှူး ဦးထွန်းထွန်းလင်းကပြောသည်။

**ကိုလွင်(ဆွာ)**



# လှိုင်ကော်မြို့နယ် မြေနီကုန်းကျေးရွာ၌ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**လှိုင်လင် စက်တင်ဘာ ၂၂**

လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ၌ အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအား စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးကိုးရယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်း၊ ခရိုင်ဦးစီးမှူး ဒေါ်သီတာ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးကိုးရယ်က အဖွင့်အမှာစကားပြောကြားရာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် မရှိမဖြစ်လိုအပ်ချက်မှာ စာကြည့်တိုက်များပင်ဖြစ်ကြောင်း၊ စာအုပ်စာပေများဖတ်ရှုခြင်းသည် ကန်းသူကို မြင်စေပြီး၊ မှောင်သူကို လင်းစေသည့် အစွမ်းရှိသည်ဟု ရှင်းလင်းပြောကြားပြီး "ပညာပြည့်ဝ နှလုံးလှတဲ့သူများဖြစ်လာကြစေဖို့" မိမိတို့ကြိုက်နှစ်သက်ရာ မည်သည့်စာကိုမဆို နေ့စဉ်ဖတ်ရန် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးတင်ပြကာ စာဖတ်ခြင်းကြောင့် ဗဟုသုတကြွယ်ဝစေခြင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဝန်ကြီးဦးကိုးရယ်နှင့် တာဝန်ရှိသူတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျေးရွာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီက အဆောက်အအုံသစ်ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

**ကိုစိုင်း(လှိုင်ကော်)**

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများနှင့် သက်ကြီးမသန်စွမ်းများအားထောက်ပံ့

**မြဝတီ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံးတွင် မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် အသက် ၇၅ နှစ်အထက်နှင့် သက်ကြီးမသန်စွမ်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများ၊ အသက် ၇၅ နှစ်အထက်နှင့် သက်ကြီးမသန်စွမ်းအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

ယင်းသို့ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူ ၂၀၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၇၆၁၀၀၀၊ အသက်(၇၅)နှစ်အထက် ၁၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀၊ မသန်စွမ်းစစ်သည် ၄၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၁၀၀၀၀၀ စုစုပေါင်းထောက်ပံ့ပေးအပ်ငွေကျပ်မှာ ၅၃၆၁၀၀၀ ဖြစ်သည်။ အဆိုပါထောက်ပံ့ငွေများအား ပြည်နယ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ငွေကျပ် ၄၃၄၁၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များဖြစ်သည့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးမိသားစုမှငွေကျပ်တစ်သိန်းနှင့် ခရိုင်ထွေ/အုပ်ရုံးအဖွဲ့မှ ငွေကျပ်ငါးသိန်း စုစုပေါင်းခြောက်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့်မိသားစုမှ ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)က ငွေကျပ် ၂၂၀၀၀၀ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ထောက်ပံ့ငွေရရှိသူများကိုယ်စား ကျောင်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**မျှော်ပုံသား (၆၃)ကြိမ်မြောက်အဘထွက်ပွဲမှူဒါနအထူးခရီးစဉ်**
"မျှော်ပုံသား"နဲ့ အဘဆီလိုက်ခဲ့ အဘပေးမယ် $$$ အဘကျွေးမယ် (ကားဆီးလုံးငှားစီစဉ်ပေးသည်)
အဘထွက်ပွဲ ပုပ္ပါးတောင်ကာလပ်(၁)ညပုဂံညောင်ဦး(စွယ်တော်လေးဆူ)(၁)ည ပခုက္ကူ(သိဟိုဠ်ရှင်)(ရွှေမုဌော)ပခန်းကြီးမြို့ဟောင်းရှိသရက္ကန်ဘုရား၊ကိုကြီးကျော် ရွှေဟောင်းကျောင်းတော်ကြီး၊လမ်းဘုရားစုံ၊ကျောင်းတည်း(၂-ညအိပ်၃ရက်)စားငြိမ်း-40000 အကောင်းဆုံးဝန်ဆောင်မှုဖြင့် ခရီးစဉ် ၈/ဆုံး မှတ်တမ်းဗီဒီယိုခွေ(အခမဲ့)ပြန်ပေးမည်။
Ph:09425334456,0925260649,0949323965,0949578205


**ကိုယ်တိုင်ရောင်းမည်**
Surf 2003, 2700 cc,
sliver, 119 miigs
(on boat) သိန်း 330
Ph:09-420313767,
09-799390506




Hmwe Taunggyi Business Group Co.,Ltd.
Hot Line - 01-200952
**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
(၇) ရက်ခရီး အထူးဈေးနှုန်း (၈)သိန်း ခရီးတံဆိပ် (ဗွားဏသီ၊ ဂယာ)
(၁၂) ရက်ခရီး အထူးဈေးနှုန်း (၈.၅)သိန်း ခရီးတံဆိပ် (သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန)
(၁၅) ရက်ခရီး အထူးဈေးနှုန်း (၉.၅)သိန်း ခရီးတံဆိပ် (ဘုရားဌာနအစုံ + နယူးဒေလီ၊ တာဂျ်မဟာ)
ဈေးနှုန်းချိုသာပြီး ဝန်ဆောင်မှုအပြည့်အဝရမည် နေရာဒေသအစုံအလင်ဖူးမြော်ခွင့်ရမည့်အထူးအခွင့်ရေး
- လေယာဉ်လက်မှတ် အသွား၊ အပြန်/ အိန္ဒိယ၊ နီပေါ ဗီဇာ ကြေးပါပြီး/ ဂယာ နှင့် နယူးဒေလီ (ဟိုတယ်)
- ကျန်းမာရေးစောင့်ရှောက်မှု ဗိုးချဲ့အခမဲ့/ဆရာတော်တပါးအဖွဲ့ ခေါင်းဆောင်တစ်ဦးအလုပ်သမားနှစ်ဦး ပါမည်
- ခရီးစဉ်အစအဆုံးမည်သည့်အပိုကြေးမှပေးရန်မလို / ခေါင်းအုံးစောင်ခြင်ထောင် ယူရန်မလို
- အစားအသောက်တည်းခိုမှုအားလုံး စိတ်တိုင်းကျဆောင်ရွက်ပေးသည် လမ်းခရီးတလျှောက်(wifi)ပေးမည်
- အဆင့်မြင့်မြန်မာဘုန်းတော်ကြီးကျောင်းများတွင်ရေချိုးခန်းအိမ်သာတွဲပါပြီး/ (၁၆)ဦး (၁)ဦး အခမဲ့
- အပတ်စဉ် စနေ၊တနင်္ဂနွေ ခရီးစဉ်ထွက်ရှိမည်
အထူး Promotion ခရီးစဉ်ထွက်ခွါမည့်ရက် - ၁၈.၁၀.၂၀၁၅
ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းတွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉-၅၂၁၁၄၀၂

**မင်းကျန်စစ်** ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေး နှင့် ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း
MKS
**ဗုဒ္ဓဂယာ** ၂၀၁၅-၁၆ ခုနှစ်ဘုရားဖူးရာသီတွင် ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်များကို Oct 23, Dec(9, 23) နှင့် Jan, Feb, Mar, Apr လများတွင် အပတ်စဉ်ထွက်ရှိပါမည်... ၂လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်...
(၈ ရက်ခရီး) (စားရိတ်ငြိမ်း) ➡ သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန (ဖွား+ပွင့်+ဟော+စံ) + (အိန္ဒိယ + နီပေါ)
(၁၅ ရက်ခရီး) (စားရိတ်ငြိမ်း) ➡ သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန၊ နယူးဒေလီ + တာဂျ်မဟာ + (အိန္ဒိယ + နီပေါ)
- ဘားလင်း- မဲလဲဆံတော်ရှင်-ကျောက်ပိရဟန္တာနှင့် ဖင်းကျိုက်ရေတံခွန် ➤ Oct ( 3, 17)
- မော်လမြိုင်-ဝင်းစိန်တောရ-ကျိုက္ခမီ-စက်စဲ ခရီးစဉ် ➤ Oct ( 3 )
- ကရင်ပြည်နယ် ဘားအံနှင့် သထုံ ခရီးစဉ် ➤ Oct ( 10 ), Nov ( 14, 25 )
- ပြည်-အကောက်တောင်နှင့် လမ်းဘုရားစုံ ခရီးစဉ် ➤ Oct ( 10, 17 ), Nov ( 14, 25 )
နေ့ချင်းပြန်ခရီးစဉ်များ...
(၄ညအိပ် ၅ရက်ခရီးစဉ်) ➤ Nov (20) ➤ တောင်ကြီး(မီးပုံးပျံပွဲတော်)- အင်းလေး- ပင်းတယ- ကလော- မွေတော်ကက္ကူ- ထမ်စမ်း
(၃ညအိပ် ၄ရက်ခရီးစဉ်) ➤ Nov (25) ➤ ပုဂံ- ပုပ္ပါး ➤ မန္တလေး- စစ်ကိုင်း - ပြင်ဦးလွင်
(၃ညအိပ် ၄ရက်ခရီးစဉ်) ➤ Nov (20) ➤ ရန်ကုန်-စကော်ပူ-ရန်ကုန် ➤ ရန်ကုန်-ဘန်ကောက်-ရန်ကုန်
အမှတ်(၆၆)၊ အခန်း(၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ ဇဝန၊ သဃ်န်းကျွန်း။ ဖုန်း-၀၁ ၅၆၆ ၇၁၃ - ၇၁၄၊ ၀၉ - ၂၅၄ ၂၆၃ ၃၅၇၊ ၀၉ - ၄၉ ၃၁၈ ၆၂၈

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

စကားရည်လုပွဲများကို ကျောင်းဖွင့်စ မိုးရာသီကတည်းက တစဉ်တစိုက်တည်း တစ်ပွဲရှုံး တစ်ပွဲထွက်စနစ်ဖြင့် ကျင်းပလာခဲ့ရာ နောက်ဆုံးပွဲကို ဆုနှင်းသဘင်ပွဲနေ့၌ ကျင်းပသည်။

ထိုခေတ်က စကားရည်လုပွဲများသည် အဆင့်အတန်းမြင့်လှ၏။

အဆင့်အတန်းမြင့်ရသည်မှာလည်း စည်းကမ်းများက မြင့်မားလှသောကြောင့်ဖြစ်သည်။

စကားရည်လုပွဲမည်သည် အနိုင်လုပြောရသောပွဲကားမှန်၏။ သို့ရာတွင် တစ်ဖက်နှင့်တစ်ဖက်ငါးစိမ်းသည်ရန်တွေ့သကဲ့သို့ အသားလွတ် အုပ်ရ၊ ခွပ်ရသောပွဲမျိုးမဟုတ်၊ ပုဂ္ဂလိကစွဲ၍ ဆော်ကြ၊ နှံ့ကြသောပွဲ မဟုတ်၊ မှိုချိုးမျှစ်ချိုး နှိမ်ကာ 'ရာမရကန်'၌ ကန်သကဲ့သို့ ကန်ရသောပွဲမျိုး မဟုတ်။ ဤကဲ့သို့ အုပ်ရန်၊ ခွပ်ရန်၊ ဆော်ရန်၊ နှံ့ရန်၊ နှိမ်ရန်၊ ကန်ရန် ဝေးစွ၊ အဆိုရှင်နှင့် အချေရှင်တို့ချင်း တစ်ဦးကိုတစ်ဦး တိုက်ရိုက်ညွှန်းခွင့်မရှိ။ သဘာပတိကိုသာ တိုင်တည်ပြောရသည်။ အချက်အလက်ပေါ် မူတည်ကာ ပညာသားပါပါ ဣန္ဒြေပြည့်ပြည့် အဆင့်မြင့်မြင့် ဂုဏ်တင့်တင့်နှင့် ငြင်းခုံဝေဖန်ရသည်။ ဟာသသုံးရာ၌ ဣန္ဒြေရှိရ၏။ အငြိမ့်လူပြက် ပြဇာတ် လူပြက်၏ လူရယ်လျှင် ပြီးရောဟူသည့် ပြက်လုံးမျိုးကား စကားရည်လုပွဲအတွက်မဟုတ်။ အမူအရာလိုသော်လည်း ပိုခွင့်မရှိ။ မတော်မလျော်မျက်နှာရှုံ့ခွင့် မရှိသကဲ့သို့ မဆီမဆိုင် အိုဗာအိုင်တင်ခံ၍ မရ။ အစစအရာရာသည် အချက်အလက်နှင့် တော်လျော်ဆီဆိုင်ရမည်။ တစ်ဦးကောင်း အစွမ်းပြ၍လည်းမရ။ အဆိုရှင်အချင်းချင်း၊ အချေရှင် အချင်းချင်း အပေးအယူ အပိတ်အဖွင့် အကူအသယ် ပိုင်ရသည်။ နှုတ်ရိုင်း၊ အာရိုင်း လျှာရိုင်းခြင်းသည် အဓိကဒုစရိုက်ဖြစ်၏။ ရိုင်းသောအရာကို ယဉ်အောင်၊ ပရိသတ်လည်း သဘောပေါက်အောင် ပြောနိုင်ခြင်းသည် ပညာဖြစ်၏။ ယဉ်ယဉ်ကျေးကျေး ပြောလျက်ကပင် ပရိသတ်ကို တပြုံးပြုံးမှသည် တအုန်းအုန်းဖြစ်အောင် ဆွဲဆောင်နိုင်မှုသည် ပဓာနအကျဆုံး စွမ်းရည်ဖြစ်သည်။

ဤစည်းကမ်းတို့ကို သတ်မှတ်ပေး၍ ဤစည်းကမ်းတို့အတိုင်း ထိန်းသိမ်းကြပ်မတ်ပေးကြသူ ပုဂ္ဂိုလ်ကြီးများကား ထိုနေ့များမှသည် ယနေ့တိုင် နိုင်ငံကျော်ကြား လူသိများကြသော ပညာရှင်ကြီးများဖြစ်ကြသည်။

မြန်မာစာပေါမောက္ခ ဦးအေးမောင်မှ စကာ ဆရာဦးမျိုးမင်း၊ ဆရာဦးဘညွန့်၊ ဆရာဦးကျော်ရင်၊ ဆရာဦးမောင်မောင်ကြီး၊ ဆရာဦးခင်မောင်လတ်၊ ဆရာဦးလှမောင်၊ ဆရာဦးလှရွှေတို့ အမှူးပြုသော မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှုကို အလေးအမြတ်ထားကြသည့် ပါမောက္ခ၊ ကထိက လက်ထောက်ကထိက၊ နည်းပြဆရာများနှင့် သက်ခိုင် မမှတ်မိသော ဆရာမကြီး၊ ဆရာမလေးများဖြစ်ကြ၏။

ဤပုဂ္ဂိုလ်ကြီးများ ထိန်းသိမ်းကြပ်မတ်သော စကားရည်လုပွဲများ၌ ဝင်နွှဲနိုင်ရန်မှာ မလွယ်ပါ။ ကမ္ဘာ့အိုလံပစ်ပွဲ၌ ဝင်နွှဲရသည်ကဲ့သို့ ခက်ပါသည်။


ဤမျှ ခက်သော စကားရည်လုပြိုင်ပွဲ၌ သက်ခိုင်တို့၏ ပြည်နှင့်တကောင်းကျောင်းဆောင်မှ ကိုလှအေး၊ ကိုစိန်ထွန်း၊ ကိုလေးမောင်တို့က အတွဲက ပွဲတိုင်းနိုင်ကာ တံခွန်စိုက်ဒိုင်းကြီးကို အပိုင်ယူပေးခဲ့ကြ၏။ ထိုသုံးဦးမှာ အပြောကောင်း အဟောကောင်း အငြင်းကောင်း အကတ်ကောင်းများဖြစ်ကြလေသောကြောင့် မြန်မာစာ ပါမောက္ခ ဦးအေးမောင်က သူတို့ကို 'တက္ကသိုလ်မောင်ကျပန်းများ' ဟူသောဘွဲ့ကို အထူးပေး၏။ ထိုသုံးဦးအနက် ကိုလေးမောင်ကား သက်ခိုင်၏ ချစ်လှစွာသော ပေဒင်ဆရာ၊ ရေဒီယိုပြင်ဆရာ၊ သိုင်းဆရာကြီး'ကိုလေး'ပင် ဖြစ်သတည်း။

ကိုလှအေး၊ ကိုစိန်ထွန်း၊ ကိုလေးမောင်တို့ကြောင့် ပြည်နှင့် တကောင်းကျောင်းဆောင်ကြီးတို့ ဂုဏ်မြင့်ရာတွင် ထင်ဆင့်၍ ဂုဏ်တိုးပေးမည့်သူများက အသီးသီးပေါ်လာသည်။

တက္ကသိုလ်သမဂ္ဂက ကြီးမှူးကျင်းပသော ဂီတပြိုင်ပွဲ၌ မောင်ရှိန်က ဆုကြီးများ ယူပြလိုက်ပြန်၏။ နဂိုက ကျော်ပြီးသော မောင်ရှိန်(တယောတစ္ဆေကြီး)၏ အမည်မှာ ပိုထွန်းတောက်လာ၏။

ပြည်နှင့် တကောင်းကျောင်းဆောင်ရှိ ကျောင်းသားကြီးများအလယ်၌ မထင်မရှား နေခဲ့ကြရသော အေးဝင်းနှင့် သက်ခိုင်တို့ကလည်း အမိကျောင်းဆောင်ကြီးများ၏ ဂုဏ်ကို သူတို့နည်းနှင့် သူတို့ မြှင့်တင်ပေးကြ၏။

အေးဝင်း၏ ဝတ္ထုမှာ သွေးသောက်မဂ္ဂဇင်းကြီး၌ တခမ်းတနား ပါလာသည်။ သက်ခိုင်၏ ကဗျာကား ရှုမဝမဂ္ဂဇင်းကြီး၌ စာမျက်နှာ တစ်မျက်နှာအပြည့်အသားပေးဖော်ပြခြင်းခံရသည်။ ကြိုးစားထင်ရှားသူများကို မြှောက်စားသည့် ပြည်နှင့် တကောင်းကျောင်းဆောင်၏ အစဉ်အလာ




> ကျောင်းသူများသည် ပြည်နှင့်တကောင်းကျောင်းဆောင်တို့၏ လက်ဖက်ရည်ပွဲသို့တက်ရန် ဂုဏ်ယူကြသကဲ့သို့ ကျောင်းသားများအတွက်လည်း မိမိတို့စားပွဲ၌ ညေ့သည်ကျောင်းသူများမရှိလျှင် မျက်နှာငယ်သည် ထင်ကြ၏။
>
> ကျောင်းသားတစ်ဦးသည် ကိုယ်ပိုင်ဖိတ်စရာမရှိလျှင် ရှိသော ကျောင်းသားကိုကပ်ကာ ထိုသူမှတစ်ဆင့် ကိုယ့်အတွက် တစ်ညတာ ထိပ်ထားကို ကြံဖန်ငှားဖိတ်ရ၏။ မကြာခဏတစ်ညတာ ထိပ်ထားသည် ဘဝတာသက်ထား ဖြစ်သွားလေ့ရှိသည်။

အတိုင်း အေးဝင်းနှင့် သက်ခိုင်တို့မှာ နေ့ချင်းညချင်း ရွှေမင်းသားလေးများ ဖြစ်လာကြ၏။

အချိုပေါ်သကာလောင်းသည့်နှယ် ပြည်နှင့် တကောင်းကျောင်းဆောင် ဘောလုံးသမားများလည်း တံခွန်စိုက်ဒိုင်းကို ယူပြလိုက်ပြန်၏။

ထိုခေတ် ထိုအခါက ကျောင်းဆောင်များ နှစ်ပတ်လည် ထမင်းစားပွဲကြီးဟူ၍ နှစ်ပွဲသာ ရှိသည်။

တစ်ပွဲကား ဗဟိုကျောင်းဆောင်များ၏ပွဲ ဖြစ်သည်။ အငြိမ့်ပါ၏။

တစ်ပွဲကား ပြည်နှင့် တကောင်းကျောင်းဆောင်တို့၏ နှစ်ပတ်လည် ထမင်းစားပွဲကြီးဖြစ်၏။ ဤ၌လည်း အငြိမ့်ပါသည်။

ပြည်နှင့်တကောင်းကျောင်းဆောင်ကြီးတို့၏ နှစ်ပတ်လည် ညစာ စားပွဲကြီးသို့ အဖိတ်မခံရလျှင် အင်းယား၊ ဘင်တန်၊ တီတီစီတို့မှ ကျောင်းသူများသည် ကျောင်းသူဖြစ်ရကျိုးမနပ်ဟု မျက်နှာငယ်၊ အားငယ်၊ ဂုဏ်ငယ်ကြ၏။

ပြည်နှင့် တကောင်းကျောင်းဆောင်ကြီးတို့၏ နှစ်ပတ်လည် ညစာစားပွဲ၌ နှစ်ပိုင်း ပါဝင်သည်။ တစ်ပိုင်းမှာ ထမင်းစားပွဲဖြစ်၍ တစ်ပိုင်းမှာ လက်ဖက်ရည်ပွဲဖြစ်သည်။ ထမင်းစားပွဲကို ပြည်ကျောင်းဆောင် အောက်ထပ်ရှိ ထမင်းစားခန်းမကြီး၌ ကျင်းပသည်။ အထူးဖိတ်ထားသော ဧည့်သည်တော်များ၊ အဆောင်မှူး ဦးစီးသော အဆောင်တာဝန်ခံများနှင့် အဆောင်ကျောင်းသားများ ချည်းသာ စားသောက်ကြ၏။

လက်ဖက်ရည်ပွဲကိုမူ အဆောင်ကြီး နှစ်ခုကြားရှိ မြက်ခင်းပြင်၌ ကျင်းပသည်။ အမှန်မှာ ဤပွဲသည်သာ အဓိကပွဲ ဖြစ်လေသည်။

အငြိမ့်စင်မှစ၍ ပွဲခင်းတစ်ခုလုံးကို အခမ်းနားဆုံး၊ အလှပဆုံးဖြစ်အောင် အထူးပြင်ဆင်ထား၏။ အင်ဂျင်နီယာ ကျောင်းသူကျောင်းသား အများသာနေကြသည့် အဆောင်ပီပီ ဆင်ပြင်စီရင်မှုကား ထိပ်တန်းဖြစ်၏။ လျှပ်စစ်မီးအမျိုးမျိုးကို ပွဲခင်း၏ တင့်တယ်မှုအတွက် စနစ်တကျ အစွမ်းကုန်အသုံး ပြုကြသည်။

ဇာတ်စင်ရှေ့ရှိ ပွဲခင်းတွင် ဆရာ ဆရာမများနှင့် ဧည့်သည်တော်များအတွက် အထူးစားပွဲရှည်ကြီးနှင့် ကုလားထိုင်များရှိ၏။ ကျောင်းသားများအတွက်မူ လေးယောက်တွဲ စားပွဲ၊ ခြောက်ယောက်တွဲ စားပွဲများ ရှိသည်။ ဧည့်သည်တစ်ယောက်အတွက် လက်မှတ်တစ်စောင်ကို လေးကျပ်နှုန်းနှင့် ကျောင်းသားတိုင်း ဝယ်ယူနိုင်သည်။ မိမိတို့ချင်း စိတ်ကြိုက်တွဲကာ ဖိတ်ထားသော ဧည့်သည်ဦးရေအလိုက် ခြောက်ယောက်စားပွဲကို ဖြစ်စေ၊ လေးယောက်စားပွဲကိုဖြစ်စေ၊ သင့်လျော်သကဲ့သို့ ယူကြ၏။

ကျောင်းသူများသည် ပြည်နှင့် တကောင်း ကျောင်းဆောင်တို့၏ လက်ဖက်ရည်ပွဲသို့ တက်ရန် ဂုဏ်ယူကြသကဲ့သို့ ကျောင်းသားများအတွက်လည်း မိမိတို့စားပွဲ၌ ဧည့်သည်ကျောင်းသူများ မရှိလျှင် မျက်နှာငယ်သည် ထင်ကြ၏။ ကျောင်းသားတစ်ဦးသည် ကိုယ်ပိုင် ဖိတ်စရာမရှိလျှင်ရှိသော ကျောင်းသားကိုကပ်ကာ ထိုသူမှတစ်ဆင့် ကိုယ့်အတွက် တစ်ညတာ ထိပ်ထားကို ကြံဖန်ငှားဖိတ်ရ၏။ မကြာခဏ တစ်ညတာ ထိပ်ထားသည် ဘဝတာ သက်ထားဖြစ်သွားလေ့ရှိသည်။

အေးဝင်းသည် မွန့်ကို ဖိတ်သည်။ သက်ခိုင်က မလေးနွယ်ကို ဖိတ်၏။ ထို့ကြောင့် လေးယောက်စားပွဲ ယူကြသည်။ မိန်းကလေး မိတ်ဆွေပေါလှသော မောင်ရှိန်နှင့် တင်မောင်စိုးတို့က ယုမောင်နှင့်တွဲကာ ခြောက်ယောက်စားပွဲယူ၏။ သူ့စားပွဲ၌ ယုတစ်ယောက်ကို မဖိတ်နိုင်သဖြင့် ယုမောင်တစ်ယောက် စိတ်ကောင်းနိုင်ရှာမည် မဟုတ်။

တက္ကသိုလ်ကျောင်းသူတစ်ဦးကို လက်ဖက်ရည်ပွဲသို့ ဖိတ်ရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်။ အကြို အပို့အတွက် ကားလိုသည်။ တက္ကစီကို သုံးပြန်လျှင် ဂုဏ်ငယ်သည်ဟူ၍ မဘုရားကလေးများက မကြိုက်ကြ။မောင်မင်းကြီးသား ဘသားချောတို့မှာ ကိုယ်ပိုင်ကားရှိသူ သူငယ်ချင်းများကိုဝပ်တွားခယ ဆည်းကပ်ကြရ၏။

သက်ခိုင်နှင့် အေးဝင်းတို့မှာ ဤဒုက္ခမှ ကင်းကြရ၏။

ထမင်းစားပွဲအပြီး ခြောက်နာရီခန့်၌ ဦးချစ်တိုး မောင်းသော ငွေကားဖြူသည် အဆောင်ရှေ့၌ ဆိုက်လာသည်။ သက်ခိုင်နှင့် အေးဝင်းတို့က ဝင်ဒါမီယာသို့ ပြန်သွားကာ မလေးနွယ်ကို ခေါ်သည်။ ထိုနောက် အင်းယားကျောင်းဆောင်သို့ ဆက်သွားကာ မွန့်ကို ဝင်ခေါ်ကြ၏။ ခုနစ်နာရီ ပွဲမစမီ ပွဲခင်းသို့ ပြန်ရောက်ကြ၏။

မီးရောင်တို့က ထိန်ထိန်ဝင်းနေသည်။ အထက် မိုးကောင်းကင်ပြောပြော၌လည်း လနှင့် ငွေကြယ်တို့မြမြလဲ့နေသည်။ ပွဲခင်း စားပွဲတို့ဝယ် တက္ကသိုလ်ဧကရီနတ်တို့၏ ပင်ကိုအလှဓာတ်နှင့် ဝတ်စားတန်ဆာ ရတနာရောင်စုံဟပ်၍ ရွှန်းရွှန်းပနေ၏။

ကျောင်းဆောင်နှင့်ခုလုံး၏ ဤပွဲတွင် မပါဝင်သူများ တစ်ဦးသာရှိ၏။ ထွန်းငွေခေါ် မောင်ညိုမှိုင်းတည်း။

ထွန်းငွေသည် ပြည်ကျောင်းဆောင် ဗဟိုလှေကားထိပ် ကြမ်းပြင်၌ ကျကျနန ဖင်ချထိုင်ကာ ရှိနေ၏။ ကိုယ်၌ စွပ်ကျယ်သာ ဝတ်ထားပြီး စွပ်ကျယ်ပေါ်မှ အရောင်အသွေးမပေါ်သော ကုတ်အင်္ကျီကို ထပ်ဝတ်ထား၏။ ခြေနှစ်ချောင်းကို လှေကားထပ်ပေါ်၌ စုံချထားသည်။ ပေါင်နှစ်ခုပေါ်၌ လက်နှစ်ဖက်ကို ကွေးကာ စုံထောက်ထား၏။ လက်ဝါးနှစ်ဖက်ပေါ်တွင် မျက်နှာတစ်ခုလုံး တင်ထား၏။

ထွန်းငွေသည် ဤညသဘင်ကို အရွဲ့တိုက် သရော်နေသည်လော။

ရောမမြို့ကြီး မီးလောင်နေစဉ် စောင်းတီး သီချင်းဆိုနေရက်လေခြင်းဟု ရင်ထုမနာ ထိုင်ဖြစ်နေသည်လော။ သူ့ဘာသာ သူသာ သိနိုင်လိမ့်မည်။

လက်ဖက်ရည်ပွဲကို အဆောင်သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌ၏ မိန့်ခွန်းနှင့် စဖွင့်သည်။ ထိုနောက် အဆောင်မှူးပါမောက္ခချုပ်၊ အင်ဂျင်နီယာ မဟာဌာနမှူးတို့က စကားပြောကြသည်။ အားလုံးက ပြည်ကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်များ၏ အောင်မြင်မှုများကို ဟာသများ နှောကာ ဝေဝေဆာဆာ ချီးကျူး ဂုဏ်ပြုသွားကြ၏။

ထိုနှစ်၏ အထူးအစီအစဉ်ကား အငြိမ့်မထွက်မီ ပြည်နှင့်တကောင်းကျောင်းဆောင်မှ မောင်ရှိန် ခေါင်းဆောင်သော ဂီတအဖွဲ့က သီချင်းများနှင့် ဖျော်ဖြေခြင်း ဖြစ်သည်။

ရှေးဦးစွာ မောင်ရှိန်က ပတ္တလားတီး၊ ယုမောင်က မင်ဒလင်တီးကာ စိန်လွင်က တယောထိုး၍ အတိုင်းမသိမင်္ဂလာသြဘာဘွဲ့ကို တင်မောင်စိုးက ဆိုလျက်စကြသည်။

ကြီးမားထွားကျိုင်းသော ခန္ဓာကိုယ်၊ အင်္ဂလိပ်ကပြားရုပ်ပေါက်သော အသွင်အပြင်၊ ထာဝစဉ် စပ်ဖြဲဖြဲနိုင်သော မျက်နှာရှိအပ်သည့် တင်မောင်စိုးက သီချင်းကြီးဆိုမည် သိကြသောအခါ ပရိသတ်မှာ ပြုံးကြသည်။ သို့ရာတွင် တင်မောင်စိုးက စည်းနှင့်ဝါးကို ကိုင်ကာ ကျကျနန ဆိုပြလိုက်သောအခါ သြဘာသံ မစဲတော့။

သြဘာသံ စဲသောအခါ တင်မောင်စိုးက မောင်ရှိန့်နားကပ်၍ တစ်စုံတစ်ခု တိုးတိုးပြောသည်။ သို့ရာတွင် သူပြောမိသည်မှာ အသံချဲ့စက် စပီကာ အနီး၌ ဖြစ်၏။

"ဟေ့ကောင် တရုတ်ပုတ်၊ လူတွေက ငါ့ အထင်သေးနေတယ် ထင်တယ်၊ ငါက အခု အဟုတ်လုပ်ပြလိုက်တာ၊ ငါ့ကိုယ်ငါတော့ ကွန်ဂရက်ကျူလေးရှင်းပဲ ယောက်ဖရေ. . ."

အသံချဲ့စက်မှ သူ့အသံကြီးသည် ဤအတိုင်း ပီပီသသကြီး ထွက်လာသဖြင့် ပရိသတ်များ ရယ်ကြသည်။

တင်မောင်စိုးက ပရိသတ်ကို မျက်လုံးပြူးကြည့်ခိုက် သဘောပေါက်သွားတော မောင်ရှိန်က ကြိမ်းသည်။

"မင်းဘိုးအေ. . စပီကာနား တိုးတိုးပြောတော့ အားလုံးကြားကုန်တာပေ့ါ၊ အစစအရာရာ သပ်သပ်ရပ်ရပ် ကလေးလုပ်ပါလို့ သူငယ်ချင်းကောင်းယောက်ဖပီပီ ဟိုက်. . အမယ်လေး ဘွာဘွာ. . "

မောင်ရှိန်က စပီကာကို ကပျာကယာ လက်ဝါးနှင့် အုပ်လိုက်၏။

ပရိသတ်များ ပိုရယ်ကြတော့၏။

ပျော်ကြ ရွှင်ကြသောပွဲ ဖြစ်သောကြောင့် အမှတ်မထင်ပြုမိသော သူတို့နှင့်ဦး၏ အမှားသည်ပင်ပွဲကိုပိုမြိုင်စေ၏။

ကျောင်းသားများထံမှ အော်ဟစ် ပွဲတောင်းသော အသံများ ပေါ်လာ၏။

"တယောတစ္ဆေကြီး. . . ဘုန်းနေ့ဆက်လွမ်း တီးပါဗျို့၊ ယုမောင်ဆိုပါ"

"ဟုတ်တယ်. . . အင်ကိုး"

လက်ခုပ်သံများ ပေါ်လာ၏။ ပရိသတ် ပွဲတောင်းသည့်အတိုင်း ယုမောင်က ဘုန်းနေ့ဆက်လွမ်း ထွက်ဆိုပြရ၏။

ဘုန်းနေ့ဆက်လွမ်းမှ စကာ ကာလပေါ် သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ်တီးဆိုလာပြီးနောက် အခမ်းအနားမှူးက ကြေညာသည်။

"အခု ပြည်နဲ့ တကောင်းကျောင်းဆောင် အဆောင်သားများက အထူးတောင်းပန်ထားချက်အရ ကဗျာဆရာကိုသက်ခိုင်ရဲ့ ကိုယ်တိုင် စပ်ဆိုပြီး ကိုယ်တိုင် သီဆိုမယ့် တကောင်းည လရောင်မှာဆိုတဲ့ သီချင်းပါပဲခင်ဗျား၊ ကိုသက်ခိုင် . . ကြွပါ"

မလေးနွယ်သည် ပါးစပ်ကလေးဟကာ သက်ခိုင်ကို ကြည့်သည်။

ထို့နောက် ဝမ်းသာအားရ လက်ခုပ်စတီးသည်။ မလေးနွယ်၏ လက်ခုပ်သံမှာ ကျောင်းသားအများ၏ လက်ခုပ်ခံနှင့် ရောသွား၏။

သက်ခိုင်သည် တီးဝိုင်းဆီသို့ ထသွား၏။ သူသည် ပရိသတ်ကို ဦးညွှတ်လိုက်ပြီး ပြာဝင်းသန့်စင်သော မိုးပြင်ကို တစ်ချက် မော့ကြည့်လိုက်ကာ သီချင်းစဆို၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ပုဂံဒေသရှိမြင်းကပါရွာအနီးမှ မနူဟာဘုရားပွဲကြီးကိုစည်ကားစွာကျင်းပမည်

**ညောင်ဦး စက်တင်ဘာ ၂၂**

မြန်မာ့ယဉ်ကျေးမှုနယ်မြေ ပုဂံဒေသ မြင်းကပါရွာအနီးရှိ မနူဟာဘုရားပွဲတော်ကြီးကို စက်တင်ဘာ ၂၇ ရက် (တော်သလင်းလဆန်း-၁၄ ရက်)မှ စက်တင်ဘာ ၂၉ ရက် (တော်သလင်းလပြည့်ကျော်-၁ ရက်)အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ ဖြစ်စေရန်အတွက် မြန်မာ့ရိုးရာအရုပ်သွင်းပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မနူဟာဘုရားပွဲတော်ကြီးကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဘုရားဂေါပက အဖွဲ့ဝင်များ၊ ပုဂံ၊ ညောင်ဦးဒေသရှိ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းမှာ အရုပ်သွင်းပွဲပြိုင်ပွဲကို ကျင်းပမှာပါ။ တကယ်လူဝင်ကလို့ရတဲ့ ဧရာမအရုပ်ကြီးတွေနဲ့ ယှဉ်ပြိုင်ကြမှာပါ။ အရုပ်တွေကတော့ လူရုပ်တွေနဲ့ ဆင်ရုပ်တွေဘာတွေပါမှာပေါ့ဗျာ။ ပုံစံအမျိုးမျိုးနဲ့ယှဉ်ပြိုင်ကြမှာပေါ့။ ဘာ့ကြောင့် ဒီအရုပ်သွင်းပြိုင်ပွဲတွေ ထည့်သွင်းယှဉ်ပြိုင်စေသလဲဆိုရင် ကျွန်တော်တို့ယဉ်ကျေးမှုမပျောက်အောင်လို့ပါ။ အခုဆိုရင် နေရာဒေသတော်တော်များများမှာ တွေ့နေရပြီလေ။

"ဘုရားပွဲတွေ၊အလှူပွဲတွေ လှည့်လည်တဲ့နေရာမှာ ကိုယ့်ယဉ်ကျေးမှုနဲ့မကိုက်ညီတဲ့ အနောက်တိုင်းတေးဂီတလိုလို၊ မြန်မာမှုပြုဂီတသံလိုလို အသံတွေကိုအကျယ်ကြီးဖွင့်ပြီး ပုံပျက်ပန်းပျက် ကကြတာတွေ၊ လိပ်ရုပ်ပေါ်မှာထိုင်ပြီး လှည့်ပတ်ကတာ။ ဒါမျိုးတွေကို ကျွန်တော်တို့ ယဉ်ကျေးမှုနယ်မြေကို အရောက်မခံနိုင်ပါဘူး။ ဒါ့ကြောင့် ဒီလိုပွဲတွေထည့်သွင်းကျင်းပပေးတာပါ။ ကိုယ့်ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာရောက်သလို တစ်ဖက်ကလည်း နိုင်ငံခြားဧည့်သည်တွေကို ဆွဲဆောင်နိုင်တာပေါ့ဗျာ" ဟု ပုဂံ၊ ညောင်ဦးမြို့နယ်စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက ပြောသည်။



အဆိုပါ ဘုရားပွဲတော်ကြီးကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအသင်းအဖွဲ့ ၁၁ ဖွဲ့ရှိသည့်အနက်၊ ပုဂံ၊ ညောင်ဦးမြို့နယ်တွင်ရှိသော အမှတ်တရပစ္စည်း အရောင်းဆိုင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်အသင်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ ရန်ပုံငွေထည့်ဝင်၍ ကမကထပြု ဆောင်ရွက်ကြခြင်းဖြစ်သည်။

အရုပ်သွင်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမှုမှာ ယခုနှစ်သည် တတိယအကြိမ်ဖြစ်ပြီး ဘုရားပွဲတော်ကျင်းပမည့်အစီအစဉ်မှာ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ အရုပ်သွင်းပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက် နံနက်စောစောတွင် ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်သွားမည်ဖြစ်၍ ညနေပိုင်းတွင် လှပျိုဖြူလေးများက ဘုရားတံခွန်သွင်းခြင်းနှင့် ငွေပဒေသာပင် လှည့်လည်ပူဇော်ခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။

"အဲဒီ လှည့်လည်တဲ့နေရာမှာလည်း ထူးခြားတာတစ်ခုရှိတယ်ဗျ။ ဘာလည်းဆိုတော့ မြင်းကပါရွာက ဒီအလှည့်လိုက်မဲ့မိန်းကလေးတွေကို သနပ်ခါးပါးကွက်ကြားနဲ့ မြန်မာ့ဟန်အတိုင်း ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယဉ်ဖို့အတွက် တစ်ယောက်ကို ငွေကျပ်တစ်သောင်းစီကို ကျေးရွာလူငယ်တွေက ထောက်ပံ့မယ်လို့ သိရတယ်။ အဲဒါကတော့ အင်မတန်လေးစားစရာကောင်းတဲ့ အစီအစဉ်ပေါ့ဗျာ"ဟု ဦးတင့်ဆွေက ဆက်လက်ပြောပြသည်။

၎င်းနောက် စက်တင်ဘာ ၂၉ ရက်တွင် အရုပ်သွင်းပြိုင်ပွဲတွင် ဆုရရှိသည့်အဖွဲ့များအား ဆုချီးမြှင့်ပွဲအစီအစဉ်နှင့် ဆုရအဖွဲ့များမှ ၎င်းတို့၏အကများဖြင့် ဧည့်ခံဖျော်ဖြေပွဲအစီအစဉ်ဖြစ်ပြီး၊ ယခုနှစ်သည် တတိယနှစ်ဖြစ်သည့်အတွက် တံခွန်စိုက်ဆုဖလားကြီးနှင့်အတူ ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေ ကျပ်ငါးသိန်းနှင့် စတုတ္ထဆု ကျပ်သုံးသိန်း၊ ပဉ္စမဆု ကျပ်နှစ်သိန်းအထိ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယခုအချိန်အထိ ပြိုင်ပွဲဝင် ၁၈ ဖွဲ့ စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲကိုမနူဟာဘုရားကြီးရှေ့ရင်ပြင်တော်တွင် ကျင်းပသွားမည်ဖြစ်ကာ ကြည့်ချင်ပွဲအနေဖြင့်လည်း ဘုရားပွဲတော်ကာလသုံးရက်အတွင်း မန္တလေးဇာတ်အဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါ မနူဟာဘုရားကြီးကို ကောဇာသက္ကရာဇ်၁၀၆၈ ခုနှစ်တွင် သထုံဘုရင် မနူဟာမင်းက မြင်းကပါရွာအနီးတွင် တည်ထားခဲ့ခြင်းဖြစ်ပြီး ဘုရားမှာ စတုရန်းပုံနှစ်ထပ်အဆောက်အအုံဖြစ်၍ ပစ္စယံသုံးဆင့်ခံစေတီတော်ကြီးဖြစ်သည်။

အဆိုပါဘုရားပွဲတော်ကြီးကို နှစ်စဉ် တော်သလင်းလဆန်း ၁၄ ရက်တွင် ကျင်းပလေ့ရှိပြီး အနီးဝန်းကျင်ရှိ ဖွားစော၊မင်းနန်သူ၊ ကံနီ ပေါက်ကျောက်ကန်၊ ကျွန်းသီရိအစရှိသည့် ကျေးရွာများမှ လာရောက်ကြကာဒေသထွက် စားသောက်ဖွယ်ရာများနှင့် ဒေသထွက်ကုန်များ ခင်းကျင်းရောင်းချကြ၍ နိုင်ငံခြားခရီးသွားဧည့်သည်များလည်း စိတ်ဝင်စားစွာလာရောက် ဆင်နွှဲလေ့ရှိသော စည်ကားသိုက်မြိုက်သည့် ဘုရားပွဲတော်ကြီးဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့ရှိ ကျေးရွာပြည်သူများအား မြေငှားဂရန်များထုတ်ပေး

**ကော့သောင်း စက်တင်ဘာ ၂၂**

ကော့သောင်းမြို့တွင် ကျေးရွာပြည်သူများသို့ မြေငှားဂရန်များ ဒုတိယအကြိမ် ကွင်းဆင်းထုတ်ပေးခြင်း လုပ်ငန်းများအား ရွှေပြည်စိုးကျေးရွာအုပ်စု သောင်ဖြူကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာပြည်သူများသို့ မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းများအား ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်ကဦးဆောင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာပြည်သူများထံအရောက် ကွင်းဆင်းထုတ်ပေးခြင်းဖြစ်သည်။

ဒုတိယအကြိမ် ထုတ်ပေးခဲ့သည့် မြေငှားဂရန်များအား ကျေးရွာပြည်သူ ၂၈ ဦး လက်ရောက်သို့ ကွင်းဆင်းကာ ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေငှားဂရန်များ သွားရောက်ထုတ်ပေးခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ထုတ်ပေးခဲ့သည့် ကျေးလက်ပြည်သူများအပါအဝင် စုစုပေါင်း မြေငှားဂရန် ၃၄ ဦးကို ထုတ်ပေးပြီးဖြစ်သည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ငါ့သရောက်မြို့နယ်၌ မြေပဲအထွက်နှုန်းကောင်းပြီး ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**ငါ့သရောက် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သောကြောင့် တောင်သူများ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စက်တင်ဘာ ဒုတိယပတ်မှစ၍ ပင်ထောင်မြေပဲ (ခေါ်) သုံးလမြေပဲများ စတင်နုတ်သိမ်းနေပြီဖြစ်သည်။

ယခုကာလတွင် မြေပဲတစ်တင်းကျလျှင် ၂၅ တင်းခန့် အထွက်နှုန်းကောင်းမွန်ခဲ့သည့်အပြင် မြေပဲဈေးနှုန်းများမှာလည်း ဈေးကောင်းရနေ၍ တောင်သူများအဆင်ပြေ လျက်ရှိကြောင်း ငါ့သရောက်မြို့နယ် ရွာပုလဲကျေးရွာမှ ဒေသခံတောင်သူများကပြောသည်။

ထိုသို့ ငါ့သရောက်မြို့နယ်တွင် ပင်ထောင်မြေပဲ(ခေါ်) သုံးလမြေပဲများ စတင်နုတ်သိမ်းခြင်းကြောင့် ကျေးရွာအတွင်းရှိ လက်လုပ်လက်စားနေ့စားအလုပ်သမားများလည်း အလုပ်အကိုင်ရ၍ နေ့စဉ်ဝင်ငွေရရှိနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ် မိုးရွာသွန်းမှုကောင်းမွန်ခဲ့လို့ မိုးဦးတုန်းက စိုက်ပျိုးခဲ့တဲ့ ပင်ထောင်မြေပဲ(ခေါ်) သုံးလမြေပဲတွေ အထွက်နှုန်းကောင်းကြပါတယ်။ တစ်တင်းကျစိုက်ပျိုးပါက တင်းရေ ၂၅ တင်းခန့် ထွက်ရှိပါတယ်။ မြေပဲဈေးနှုန်းကလည်း ကျွန်တော်တို့ရွာမှာရှိတဲ့ ပွဲစားတွေက အစိုတစ်ပိဿာကို ငွေကျပ် ၁၀၀၀၊ အခြောက်တစ်ပိဿာကို ငွေကျပ် ၁၂၀၀၊ ၁၃၀၀ လောက်အထိ ဈေးကောင်းပေးဝယ်နေပါတယ်။

"အခုဆို မြို့ကိုသွားပြီးရောင်းစရာမလိုတော့ပါဘူး။ ကျွန်တော်တို့တောင်သူတွေအတွက် ကားခသက်သာပြီး ဈေးလည်းပိုရလို့ ဒီနှစ် ပင်ထောင်မြေပဲ (ခေါ်) သုံးလမြေပဲ စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေကြပါတယ်။

"တောင်သူတွေအတွက် အဆင်ပြေသလို နေ့စားအငှားလိုက်တဲ့သူတွေလည်း တစ်နေကုန်ငှားရမ်းခငွေကျပ် ၂၀၀၀ နဲ့ မြေပဲတစ်တင်းပုတ်ပြတ်စွပ်ခ ကျပ် ၈၀၀လောက် ရကြပါတယ်။ နောက်ပြီး ဒီအချိန်က အလုပ်ဖြိုင်တဲ့ အချိန်ဖြစ်လို့အဆင်ပြေကြပါတယ်" ဟု ရွာပုလဲကျေးရွာမှ မြေပဲစိုက်တောင် သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်**(IPRD)





ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အနောက်ဖက်ရွာနှင့် တောင်ဖက်ရွာတို့တွင် စေတနာရှင်များ၏လှူဒါန်းမှုဖြင့် မူလတန်းကျောင်းဆောင်နှင့် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်လျက်ရှိသည်။ အဆိုပါစာသင်ကျောင်းဆောင်နှင့် စာကြည့်တိုက်များဆောက်လုပ်သည့် လုပ်ငန်းခွင်သို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်က သွားရောက်ကြည့်ရှုအားပေး၍ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- (၄၆၅)

## ဘုတ်ပြင်းမြို့နယ်တွင် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကော့သောင်း စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် Township Sports Development Progamme အရ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက မြို့နယ်မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲနေ့တွင် စတင်ယှဉ်ပြိုင်ကြသည့် ပညာရေးအသင်း နှင့် အ-မ-က(၃၀၈) အသင်းတို့ ယှဉ်ပြိုင်ကစားမှုအား တက်ရောက်လာသည့်ဧည့်သည်တော်များ ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲအား ပြိုင်ပွဲဝင်အသင်း ရှစ်သင်း အုပ်စုခွဲကာ ပတ်လည်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီးဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအား စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

## ထူးချွန်ကျောင်းသားများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဘီးလင်းမြို့နယ်တွင် ဆုချီးမြှင့်

**ဘီးလင်း စက်တင်ဘာ ၂၂**

ဘီးလင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ်တွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းပညာ့အားမာန်ခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် သစ်တောနှင့်သတ္တုရေးရာဝန်ကြီး ဦးဝင်မော်ဦး(စီမံ)နှင့် ဘဏ္ဍာဝန်ကြီးဒေါက်တာခင်မောင်သွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးရကျောင်းသုံးကျောင်းနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၉၀ ဦး စုစုပေါင်း ၁၃၆ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့စုပေါင်းသွေးလှူပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ပါဝင်လှူဒါန်း



**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ (၅၁) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းထိန်က ကြည့်ရှုအားပေးခဲ့ပြီးကိုယ်တိုင်သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးစိန်လွင်၊ ဒုပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ထွန်းဦး၊ ဦးစီးအရာရှိပထမတန်း ဒုတိယရဲမှူးကြီး လင်းဦး၊ ဘားအံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်းအောင်၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေး၊ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀ ဦးနှင့် အမှတ် ၂၂ လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၁၀၀ ဦး စုစုပေါင်းအင်အား ၂၀၀ ဦးတို့သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဘားအံ ပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၉)ရပ်ကွက် ရတနာဒီပရှိ ကျောင်းထိုင်ဘုန်းကြီးကျောင်းတို့တွင် ချုံနွယ်ပိတ်ပေါင်း၊ အမှိုက်သရိုက်များနှင့် ပေါင်းမြက်များရှင်းလင်း ဆောင်ရွက်ခဲ့သည်။

ဆေးရုံဝင်းအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက လက်ဖက်ရည်၊ ကောက်ညှင်းပေါင်းတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ယင်းနောက် ဘားအံမြို့ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်ခဲ့ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးဇော်မင်းထိန်နှင့် သွေးလှူဒါန်းကြမည့် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ အရာရှိ အရာခံ၊ အခြားအဆင့်တပ်ဖွဲ့ ၂၄ ဦးတို့အား သွေးစစ်ဆေးမှုများကို ဌာနတာဝန်ရှိသော ဆရာဝန်၊ ဆရာမများက ပြုလုပ်ခဲ့ပြီး သွေးလှူဘဏ်သို့သွေးဖောက်လှူဒါန်းခဲ့ကြသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်နှင့် ဆရာဝန်၊ ဆရာမများက သွေးလှူဒါန်းခဲ့ကြသည့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းထိန်နှင့် ရဲတပ်ဖွဲ့ဝင် ၂၄ ဦးတို့အား ကြက်ဥ၊ အားဆေး၊ ဓာတ်ဆားထုပ်များအားလည်းကောင်း၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က သွေးလှူရှင်များကို ကြက်ဥနှင့် အိုဗာတင်းအထုပ်ကြီးတစ်ထုပ်တို့အား ပြန်လည်ပေးအပ်ခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## ကပကျေးရွာအုပ်စု၌ အသက်မွေးဝမ်းကျောင်းပညာ အခြေခံ လက်သမား ပန်းရန်သင်တန်းဖွင့်လှစ်

**မြိတ် စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ ဆင်းရဲမှုလျှော့ချရန်၊ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးစေရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၉ နံနက် ၁၀ နာရီက ကပကျေးရွာအုပ်စု ကပကျေးရွာ ဓမ္မာအေးရိပ်သာ ကျောင်းဇရပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်း၊ ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကပကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ရပ်မိရပ်ဖများ၊ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရှစ်ရပ်အကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုးရွာမှ သင်တန်းသား ၅၂ ဦး၊ သင်တန်းသူ ၂၃ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



**နွားထိုးကြီး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် ဆောက်လုပ်နေသော ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်သည် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းအတွင်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ကုန်ကြမ်းပစ္စည်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး စသည်ဖြင့်ပြောကြားခဲ့သည်။

ယင်းကျောင်းဆောင်သစ်သည် ပေ(၈၀×၃၀) သွပ်မိုး အုတ်ညှပ် တစ်ထပ်ဖြစ်ပြီး တော်ဝင်ရွှေမန်းကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၈ သန်းဖြင့် တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်သည်။

အဆိုပါကျောင်းဆောင်သစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေးရာသို့ ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အတူ ခရိုင်ပညာရေးမှူး ဦးတင်ဝင်း၊ လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ထွေး၊ နွားထိုးကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသန်းထွန်းတို့ လိုက်ပါခဲ့ကြောင်းသိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သော ပညာရေးအတွက် အခြေခံပညာကျောင်းများရှိ ကျောင်းဆောင်များကို အသစ်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းများကို အဓိကအလေးထား ဆောင်ရွက်လျက်ရှိသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## စစ်ကိုင်းပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း အမှတ်စဉ်(၂/၁၅) ဆင်းပွဲကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၂/၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း မြဧရာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးကောလိပ် သင်တန်းသူလေးများက သမိုင်းကြောင်းကောင်းတဲ့ကျောင်း သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပေးပြီး စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားကာ စစ်ကိုင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ထူးချွန်စံပြဆုရရှိသည့် သိပ္ပံသင်ပြနည်းဌာနမှ ကထိက ဦးရန်အောင်အားလည်းကောင်း၊ သင်္ချာဌာနမှ ကထိကဒေါ်ဖြူဖြူခင်အားလည်းကောင်း၊ စိုက်ပျိုးရေးဌာနမှ လက်ထောက်ကထိက ဒေါ်သီသီနိုင်တို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်သောင်းက သင်ကြားမှုအကောင်းဆုံးဆုကို သိပ္ပံသင်ပြနည်းဌာနမှ လက်ထောက်ကထိက ဒေါ်နှင်းကြည်အားလည်းကောင်း၊ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးဇော်ဝင်းက လူမှုထူးချွန်ဆုရသူ သိပ္ပံသင်ပြနည်းဌာနမှ ကထိကဦးထွန်းအောင်ကျော်အားလည်းကောင်း၊ ရုံးအုပ် ဒေါ်ခင်အုန်းမြင့်အားလည်းကောင်း၊ PPTT တန်းခွဲ (P2) မှ တို့အားလည်းကောင်း၊ စစ်ကိုင်းပညာရေး ကောလိပ်ကျောင်းအုပ်ကြီးက အတန်းစံပြဆုရရှိသည့် PPTT တန်းခွဲ (P2) အတန်းပိုင်နှင့် အတန်းကိုယ်စားလှယ်နှစ်ဦးတို့အားလည်းကောင်း၊ သင်တန်းသူစံပြဆုကို အင်ကြင်းဆောင်မှ သင်တန်းသူ တန်းခွဲ (P2)မှ မတင်နီလာမင်းအားလည်းကောင်း၊ သီရိဆောင်သင်တန်းသူ တန်းခွဲ(P2)မှ မနန်းအင်ကြင်းအားလည်းကောင်း၊ သစ္စာဆောင်သင်တန်းသူ တန်းခွဲ (P3)မှ မဆုမွန်ကျော်အားလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများကိုယ်စား ကျောင်းကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့အား အသီးသီးပေးအပ်ခဲ့သည်။

ဆက်လက်၍ လုပ်ငန်းခွင် အကြိုမူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၂/၁၅)သင်တန်းသူများက ကျောင်းအတွက် လှူဒါန်းသည့် ခုနစ်သိန်းငါးသောင်းတန်ဖိုးရှိ လေအေးပေးစက်နှစ်လုံးအား ကျောင်းကောင်စီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့မှ ကျောင်းအုပ်ကြီးအား ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကိုဆက်လက်ကျင်းပရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်မေမြတ်ခိုင်၊ ဌာနခွဲမှူးစီမံ၊ ဘဏ္ဍာ၊ လေ့ကျင့်နှင့် တာဝန်ရှိသူများက ကျောင်းတွင်း စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ၂၀၁၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်၊ (၆၈) နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲများ၊ သရုပ်ဆောင်သင်ကြားမှု စွမ်းရည်ပြိုင်ပွဲများ၊ ပြဇာတ်၊ ကဗျာ၊ စာစီစာကုံး၊ ပိုစတာ၊ ဆောင်းပါးနှင့် သင်ရိုးဝင်ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ပြီး ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ညစာစားပွဲနှင့် တည်ခင်းဧည့်ခံခဲ့သည်။ **မျိုးဝင်း(စစ်ကိုင်း)**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ မိုင်းဖြတ်၌ကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ကျေးလက်နေ တိုင်းရင်းပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်ရရှိကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်ဦးဆောင်သည့် ဌာနဆိုင်ရာများသည် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက နမ့်ကုန်းကျေးရွာအုပ်စု ဆိုင်ဆတ်ကျေးရွာမူလတန်းကြိုကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ရေရှည်တည်တံ့မှုရှိရန် ဝိုင်းဝန်းပါဝင်ထိန်းသိမ်းရေး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မတည်ငွေဖြင့်တည်ဆောက်မည့် ကျေးရွာစာကြည့်တိုက်အား အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းလွင်ကရိတ်သိမ်းချိန်လွန် နည်းပညာနှင့် ဆောင်းသီးနှံစိုက်ပျိုးရေးနည်းပညာဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးရှောလမွန်က စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများနှင့်ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဟောပြောပွဲတွင် ဒေသခံပြည်သူများ၏ ပြန်လည်ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက်တည်ဆောက်မည့် မြေနေရာ၊ စာသင်ကျောင်းသွားလမ်း၊ ရေနုတ်မြောင်းများကို ကွင်းဆင်းလေ့လာကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# HIV ပိုးဖြင့် အသက်ရှင်နေထိုင်နေသူ ဝေဒနာရှင်များအား အာဟာရထောက်ပံ့

**မြိတ် စက်တင်ဘာ ၂၂**

မြိတ်မြို့တွင် HIV ပိုးဖြင့် အသက်ရှင်နေထိုင်နေသောဝေဒနာရှင်များအား အာဟာရ ထောက်ပံ့ပေးသည့်အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ မြိတ်တောင်ကျေးရွာ အောင်မင်္ဂလာလမ်းတို(၁)ရှိ မေတ္တာရေစင်ပရဟိတအဖွဲ့ရုံးတွင်ကျင်းပခဲ့ရာ ရှေးဦးစွာသံသရာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတက ဝေဒနာရှင်များအား ဆုံးမအားပေးစကား မိန့်ကြားခဲ့သည်။

ထို့နောက် မြိတ်မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမိုးမြင့်၊ မြိတ်ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်၊ မြိတ်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မေတ္တာရေစင်ပရဟိတအသင်းဝင်များတို့က ဝေဒနာရှင်များအား အားပေးစကားပြောကြားပြီး အာဟာရများ၊ ဆန်နှင့် ဆီများကို ပေးအပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် စေတနာရှင်များစုပေါင်း၍ မေတ္တာရေစင်ပရဟိတအဖွဲ့ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းကာ HIV ပိုးဖြင့် အသက်ရှင်နေထိုင်သူ ဝေဒနာရှင်များအား ကူညီထောက်ပံ့ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မေတ္တာရေစင် ပရဟိတအသင်းအနေဖြင့် ယခုအခါ HIV ပိုးဖြင့် အသက်ရှင်နေထိုင်သူ ဝေဒနာရှင် ၃၀၀ ကျော်အား လိုအပ်သော ဆေးဝါးကုသမှုများနှင့် လိုအပ်သောအကူအညီများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကာ လိုအပ်ပါက ရန်ကုန်ရှိပရဟိတအဖွဲ့အစည်းများနှင့် ဆက်သွယ်ကာ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ပြန်/ဆက်)**

# သထုံမြို့နယ်တွင် သုံးဘီးဘေးတွဲဆိုင်ကယ်များ စည်းကမ်းရှိစွာ စနစ်တကျ ပြေးဆွဲမောင်းနှင်နိုင်ရေးအတွက် ဆွေးနွေး

**သထုံ စက်တင်ဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဒေသအတွင်းတိုးတက်များပြားလာသည့် သုံးဘီးဘေးတွဲမော်တော်ဆိုင်ကယ်များ စည်းစနစ်တကျဖြင့် ပြေးဆွဲမောင်းနှင် နိုင်စေရန်အတွက် ဘေးတွဲဆိုင်ကယ် မောင်းနှင်သူများအား တာဝန်ရှိသူတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် လိုက်နာရမည့် ဥပဒေများကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက လိပ်အင်းကျောင်းကြီး ဘုန်းတော်ကြီးကျောင်းတွင် ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တော်ဝင်မီဒီယာဂရုပ်မှ ဦးနန္ဒကျော်စွာ၊ သထုံခရိုင် ယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးမင်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းတို့က ဒေသအတွင်း ထုတ်ပြန်ထားသည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ၊ စက်တင်ဘာ ၇ ရက်က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မော်တော်ယာဉ် ဥပဒေနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များနှင့် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းအောင် ဂရုပြုမောင်းနှင်ကြရေးတို့ကို အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

“ဒီဘေးတွဲ သုံးဘီးတွေက အောက်ခြေလူတန်းစားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အတော်လေးအဆင်ပြေတယ်။ အချို့အငှားမောင်းကြသလို အတော်များများကတော့ ကိုယ်ပိုင်ဆင်ကြတယ်။ အငှားမောင်းရင် အုံနာခ တစ်နေ့ကို ကျပ် ၂၀၀၀ ပေးရပြီးတော့ ကျန်တာနဲ့ မိသားစုစားဝတ်နေရေးအဆင်ပြေတာပေါ့။

“ဒီနှစ်အတွင်းမှာ ဘေးတွဲတွေ တော်တော်များလာတာနဲ့အမျှ စည်းကမ်းပိုင်းကလည်း အတော်ပျက်စီးလာကြတယ်။ အသက်မပြည့်သေးသူတွေ မောင်းနေတာကိုလည်း တွေ့ရတယ်။ ဆင်းရဲသားလူတန်းစားတွေအတွက် မိသားစုအဆင်ပြေစေတဲ့ အလုပ်အကိုင်တွေ ရရှိနေကြတော့ စည်းစနစ်တကျဖြစ်ဖို့ ဝိုင်းဝန်းလုပ်ဆောင်ကြရမှာပါ” ဟု ဘေးတွဲဆိုင်ကယ် မောင်းနှင်သူတစ်ဦးက ပြောသည်။

အရင်းအနှီးငွေကြေး သက်သာသောကြောင့် ယခင် အနေ့းယာဉ်ဆိုက္ကားနင်းသူများမှာ ဘေးတွဲဆိုင်ကယ်များကို ပြောင်းလဲလုပ်ကိုင်လာကြပြီး ပြီးခဲ့သည့် နှစ်က သထုံမြို့တွင် အစီးရေ ၅၀၀ ခန့်သာရှိရာမှ ယခုနှစ်တွင် အစီးရေ ၁၀၀၀ ကျော်သည်အထိ တိုးတက်များပြားလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သက်ဦး(သထုံ) ခရိုင်ပြန်/ဆက်**










**FMI Air**

## Vacancy Announcement

We are seeking applications from suitably experienced and qualified candidates for the position of Lounge Executive for FMI Air.

Our expectations are that the Lounge Executive will provide a premium service to all customer who visit the lounge.

**Postings will be based in Nay Pyi Taw and Yangon.**

**Job Title : Lounge Executive (Female only)**

- Must have experience in F&B, lounge or restaurant environment preferably in 4-5 star hotel
- Excellent personal presentation and communication skills
- English language proficiency is mandatory or Multi-Lingual preferred. (Language assessment on interview is needed).
- Excellent ability to communicate at all levels
- Able to work under pressure
- Must have a very influential ability to ensure customer satisfaction and safety.

**Job Description**

- Providing Customers travelling on FMI Air with an exclusive Mingala-bar welcome and assistance at the lounge as well updates on flight information.
- Maintaining all F&B counters to ensure constant provision of fresh food and beverage being available with service to customers.
- Maintaining the upkeep of the lounge to ensure our customers experience a Premium Product and picture perfect service.
- Completing production, wastage, temperature and cleaning records. Report discrepancies to the Head of Hospitality
- Complying with all company standards and procedures relating to food safety, hygiene, health and safety and personal requirements
- Carrying out hospitality training and reasonable requests as required

**Interested and eligible candidates may apply with recent passport size and one full length photo along with relevant documents mentioning the position applied for not later than 28th September to the following address :**

**FMI Air Ltd, No.(380) Level (9), Room (904,905) FMI CENTER Bogyoke Aung San Road, Yangon, Myanmar.**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

## " Best Bank in Myanmar - 2015 "

ဆုနှင့်

## "Euromoney Achievement Award for Corporate Social Resposibility (CSR)"

ဆုတို့ကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

EUROMONEY AWARDS FOR EXCELLENCE 2015

EUROMONEY ACHIEVEMENT IN CSR 2015

Kempinski Hotel
Nay Pyi Taw
MYANMAR

**Mr. Franck Droin, General Manager**
**နှင့် ဝန်ထမ်းများ**
**Kempinski Hotel Nay Pyi Taw**



Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၉၂<br>၀၁-၂၄၆၉၉၃ | သွင်<br>[illegible]<br>[illegible] | မင်္ဂလာ(၁)<br>၀၁-၂၄၃၀၅၇<br>[illegible] | မင်္ဂလာစံပြ<br>၀၉၂၆၀၀၇၀၃၅<br>၀၉၂၆၀၀၇၀၃၆<br>၀၁ ၂၀၃၁၆၅ |
| Top Royal<br>၀၉၄၂၀၀၆၂၉၀<br>[illegible] | ဝင်းလိုက်(မန္တလေး)<br>၀၂-၃၉၀၂၂<br>၀၂-၆၀၂၉၀ | မြို့မ(မန္တလေး)<br>၀၂-၃၉၀၃၆<br>၀၂-၃၉၀၃၇ | မင်္ဂလာထွန်းသီရိ(မြိုင်)<br>၀၉၇၉၁၁၀၀၇၅၁<br>၀၉၇၉၁၁၀၀၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ
၂၅၊ ၉၊ ၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ။
ပြမည်





သက်ရှိ လောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်နိုင်ငံ Microsoft Corporation နှင့်

မြန်မာနိုင်ငံ KBZ Bank, KBZ Group တို့သည်

IT နည်းပညာများ ကမ္ဘာ့အဆင့်မီ အဆင့်မြှင့်တင်နိုင်ရန်နှင့်

ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊

စက်တင်ဘာ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌

နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက်

KBZ Bank, KBZ Group အတွက်သော်လည်းကောင်း၊

မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အထူးဂုဏ်ယူ

ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

Kempinski Hotel
Nay Pyi Taw
MYANMAR

**Mr. Franck Droin, General Manager**
**နှင့် ဝန်ထမ်းများ**
**Kempinski Hotel Nay Pyi Taw**



## ကြော်ငြာ


**သီတင်းကျွတ် အောက်တိုဘာ ကျောင်းပိတ်ရက် မှာ ပျော်ရွှင်မှု နှင့် အတွေ့အကြုံသစ်များ ရရှိခံစားစေဖို့ Nice Fare Travel IATA နှင့် ခရီးသွားကြစို့ ....................**

- ၅ ညအိပ် ၆ ရက် ဘန်ကောက်ပတ္တရား
- ၄ ညအိပ် ၅ ရက် စင်္ကာပူ ခရီးစဉ်
- ၆ ညအိပ် ၇ ရက် ဟောင်ကောင် ခရီးစဉ်
- ၇ ညအိပ် ၈ ရက် ကိုရီးယား ခရီးစဉ်
- ၇ ညအိပ် ၈ ရက် ဂျပန် ခရီးစဉ်
- ၁၀ ညအိပ် ၁၁ ရက် ဥရောပ ခရီးစဉ်
- ၁၄ ညအိပ် ၁၅ ရက် အမေရိကား ခရီးစဉ်

ခရီးစဉ်အားလုံးတွင် အသွားအပြန်လေယာဉ်လက်မှတ် ၊4 Stars Hotel ၊ ဗီဇာ၊ အစားအသောက် ၊ခရီးစဉ်တစ်လျှောက်ရှိ ဝင်ကြေးများနှင့် မြင်ပမှ အငှား Tour Leader လုံး၀(လုံး၀) မခေါ်ဘဲ ၁၂ နှစ်ကျော်အတွေ့အကြုံရှိ ကုမ္ပဏီမှ MD ၊ Director များ ၊ Tour Manager များ ၊ ဝန်ထမ်းများ ကိုယ်တိုင်ခေါ်ဆောင်ပြီး ထွေးပျူငှာစွာ ဂရုတစိုက် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

**ခရီးစဉ်စုံစမ်းရန် --၀၁-၂၅၅၆၉၉ ၊ ၀၉-၅၁၃၉၂၄၃ ၊ ၀၉-၇၈၈၇၇၃၀၁၀ ၊၀၉-၇၃၂၄၀၃၆၆**


**ရွှေတိဂုံစေတီတော် စနေထောင့်**
**အောင်ရွှေထီးအမိဌာန်အဖွဲ့၊ နာယကကြီး**
**ဆရာ ဦးလှရီ၏ (၈၈)နှစ်ပြည့်မွေးနေ့မင်္ဂလာ**

၂၅-၉-၂၀၁၅ရက်(သောကြာနေ့)၊ တော်သလင်းလဆန်း ၁၂ရက်၊ နံနက် ၉း၀၀ နာရီမှ ၁၂ နာရီအထိ ရွှေတိဂုံစေတီတော် စနေထောင့် အောင်ရွှေထီးတန်ဆောင်းသို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**အောင်ရွှေထီးအမိဌာန်အဖွဲ့**

**ဖခင်အမည်မှန်** စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်ခွန်ဝင်းကျော်ကျော် (ကျောင်းဝင်အမှတ် က-၁၉၃၈) ၏ ဖခင်အမည်မှန်မှာ ဦးခွန်အုံးမောင် [၁၃/တကန(နိုင်)၂၃၂၂၆၃]ဖြစ်ပါကြောင်း။ **ဦးခွန်အုံးမောင်**

**ပျောက်ဆုံးခြင်း** ကျွန်တော်၏သွင်းကုန်လိုင်စင်အမှတ် IL7 15-16(6552)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများအောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဦးဝင်းသူ[၁၂/အလန(နိုင်)၀၂၇၇၈၁] ဖုန်း-၀၉-၇၃၀၀၂၅၂၉**

**ဖခင်အမည်မှန်** ရမည်းသင်းမြို့၊ မြို့လှ အထက၊ ဒသမတန်း(ခ)တွင် ပညာသင်ကြားနေသော မသဲသဲလှိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း[၉/ရမသ(နိုင်)၁၈၉၁၈၅] ဖြစ်ပါသည်။ **ဦးခင်မောင်သန်း**


SONY

XPERIA M5



**ကမ္ဘာ့ပုံထွက်အကောင်းဆုံး Back Camera 21.5MP ရှိပြီး Selfie ရိုက်ဖို့အတွက် 13 MP Hybrid AF Camera နှင့် ရေစိုခံစမတ်ဖုန်း . . .**

**Camera and video**

Back Camera :
21.5 MP Exmor RS F2.2 + ISO 3200 0.2s Auto focus
4K video capture and output
Front Camera : 13 MP Exmor RS F2.0 + ISO 3200 HDR video
Beauty for video chat

**Display**

5.0" Full-HD IPS Display

Dual Sim    Available Colors

New Model
Selling Price
**475,000Ks**

ooredoo
- ooredoo Sim Card တစ်ကဒ်မေတ္တာလက်ဆောင်
- လစဉ် ၃၀၀၀ ကျပ် ဖြည့်သွင်းရုံဖြင့် 1GB data အခမဲ့ ၃လ ဆက်တိုက် သုံးစွဲခွင့်
- Sim စတင်ထည့်သွင်းအသုံးပြုလျှင် 100MB (၇)ရက်သက်တမ်း အခမဲ့ သုံးစွဲခွင့်

FREE GIFTS Silicon Back Cover + Screen Guard

Official Warranty by: TMW Enterprise Limited  "အမြို့ မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"

**SONY SHOWROOM YANGON:** ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
**SONY SHOWROOM MANDALAY:** ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
**SONY SHOWROOM NAY PYI TAW:** ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 **WHOLE SALES / DISTRIBUTION :** Tel: 01- 554708






ဆိုင် (၁)-အမှတ်(၄၆၄)၊ ပထမထပ်၊ သိမ်ဖြူလမ်း နှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၅၁၅ ၁၁၈ ၁၊ ၀၉ ၇၃၀ ၉၇၄ ၉၇၊ ၀၉ ၄၉၂ ၅၅၇ ၃၃
ဆိုင် ခွဲ (၂)- အမှတ် (၅၆) ၊ (၄) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပြင်ဦးလွင်မြို့။ ဖုန်း- ၀၉ ၂၀၄ ၆၂၉ ၈၊ ၀၉ ၂၀၄ ၆၃၃ ၀၊ ၀၉ ၇၉၉ ၅၇၀ ၄၃၂

# ကြော်ငြာ

## NEW MOTION Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျှားသစ်လွင် ခရီးစဉ်

- ဖောင်တော်ဦး ဘုရားပွဲခရီးစဉ် - Oct; 24
- ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် - Oct; 24
- မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 24
- ချောင်းသာ * ငွေဆောင် * ငပလီ ကမ်းခြေခရီးစဉ်

အမှတ်-16 ၊ ကျွန်းတောလမ်း၊ စမ်းချောင်း။

Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811 .

## CITY COLLEGE YANGON

CITY COLLEGE YANGON

AcademicTelesis.org

"ဂျပန်စကားပြောသင်တန်း"

| | |
|---|---|
| တနင်္လာ | မွန်းလွဲ (၂း၀၀) မှ (၄း၀၀)နာရီထိ |
| ဗုဒ္ဓဟူး | မွန်းလွဲ (၂း၀၀) မှ (၄း၀၀)နာရီထိ |
| သောကြာ | မွန်းလွဲ (၂း၀၀) မှ (၄း၀၀)နာရီထိ |

- ဂျပန်ဆရာကိုယ်တိုင် လေ့ကျင့်သင်ကြားပေးခြင်း၊
- ဂျပန်နိုင်ငံတွင် (၁၀)နှစ် အလုပ်လုပ်ကိုင်ပြီး (၅)နှစ် ဂျပန်ဘာသာစကား သင်ယူခဲ့သော အတွေ့အကြုံရှိ ဆရာ / ဆရာမများမှ သင်ကြားပေးခြင်း။
- ဂျပန်လူမျိုးဆရာနှင့် တိုက်ရိုက်စကားပြောကြားခွင့်ရသဖြင့် ဂျပန်စကားပြောစွမ်းရည်တိုးတက်လာခြင်း။
- ဂျပန်လူမျိုးတို့၏ နေထိုင်မှုပုံစံ Japanese Culture များကိုပါ ထည့်သွင်းသင်ကြားပေးခြင်း။
- စာမေးပွဲအတွက် လေ့ကျင့်သင်ကြားပေးခြင်း။
- N5 Level ကို (၃)လနှင့် သင်ယူတတ်မြောက်စေခြင်း။
- အချိန်တိုအတွင်း ဂျပန်ဘာသာစကားကို အရေး၊ အဖတ်၊ အပြော တတ်မြောက်စေခြင်း။

City College Yangon မှ တဆင့် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်သူများအတွက် ဂျပန်စကား အရေး၊ အဖတ်၊ အပြောကို အခြေခံမှစ၍ လက်ခံသင်ကြားပေးသောသင်တန်းနှင့် ဂျပန်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံနှင့် လုပ်ငန်းခွင်အတွင်းပြောဆိုဆက်ဆံခြင်းသင်တန်းကို ပါရင့်သင်တန်းဆရာ၊ ဆရာမများကိုယ်တိုင် စနစ်တကျ သင်ကြားပေးလျှက်ရှိပါသည်။

သင်တန်းစတင်မည့်ရက် .... အောက်တိုဘာ (၁၄)
သင်တန်းကာလ .... (၃)လ
သင်တန်းကြေး .... ၄၃၀၀၀ိ / –(၁)လ
သင်တန်းတည်နေရာ .... အမှတ်(၃၄)၊ ၃ လွှာ B၊ မဗိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း .... ☎ 09-263105249, 09-73205503

## ရွှေဘုန်းပြည့် Travel & Tour

| | | | |
|---|---|---|---|
| ဗန်ကောက်(၆ရက်) | 600usd | * ထင်ရှူးဒီးယား(၆ရက်) | 780usd |
| စင်ကာပူ(၄ရက်) | 700usd | * ထားအို(၆ရက်) | 1100usd |
| မလေးရှား(၃ရက်) | 390usd | * ဂျပန်(၈ရက်) | 2900usd |
| ဗီယက်နမ်(၅ရက်) | 850usd | * ကိုရီးယား(၈ရက်) | 1980usd |

ဗန်ကောက်-စင်ကာပူ-မလေးရှား(၁၀ရက်) 1500usd

အမှတ်(၇၄၈)ပထပ်၊ဇဋိလလမ်း၊သင်္ဃန်းကျွန်းမြို့နယ်။

09-73060048, 09-30043101, 09-30043202

## အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး၊ ချောင်းသာ / ငွေဆောင်

Ph : 703790, 09-861-9008, 707062, 09-861-7770

## မျိုးမြတ်သူ အဘထွက်ပွဲ

A/C Express

28.9 ဝင်ပြင့်ရှာ ပုပ္ပါး ပင်းမြို့ 45000

ဈေး(ကြိုး)

9.10 ပြည်အကောက်တောင်နှင့်ဘိုင်တောင် 25000

09254058712, 31568500 လက်မှတ်ပို့ပေးသည်

## ဆရာဦးမင်းဇော် (သချ်ာ) B.E(CIVIL)

မင်းမိဘ – မင်းဘဝ – မင်းနားလည်ပါ – ချစ်တပည့်

၁၀ တန်း [၅]လပြတ် ဘာသာစုံ နေ့တက်အထူး

တစ်ပတ်(၆)ရက်တက် နံနက်(၉)နာရီမှ ည(၉)နာရီအထိ အောက်တိုဘာ (၁)ရက်နေ့ စမည်။

ကျောင်းအပ် လက်ခံပြီ။

အမှတ်(၆၅)၊ ရေကျော်လမ်း၊ (YMBA အနီး)၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း ၀၉-၄၂၀၆၆၅၄၅၊ ၀၉-၄၂၀၀၅၇၃၃

## မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ချစ်သမီးလေးမြတ်ပီတိချို (စ)Alexa

MIS Year 6 (B)

၂၃. ၉. ၂၀၁၆ရက်တွင် ကျရောက်သော(၁၁)နှစ်မြောက် မွေးနေ့မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူအောင်မြင်၊ ကြွယ်ဝ၊ ပြည့်စုံချမ်းသာ၊ ကျန်းမာပျော်ရွှင်စွာဖြင့် ထူးချွန်ထက်မြက်သော သမီးလေးဖြစ်ပါစေ။


ချစ်သော ကြီးကြီးနိုင်
တိုတိုကြီး၊ တိုတိုငယ်

## GOLDEN STAR Travels & Tours

- ပုပ္ပါး(ရွယ်တော်လေးဆွ)–ပုပ္ပါး(အဘထွက်ပွဲ)–ပခုက္ကူ Sep-28,29
  (Popa Mountain Resort, Myanmar Treasure Hotel)
- တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)–ဝင်းတာ Oct-23,25
- ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)

Ph;01-544383, 209200, 430480, 703448, 705968

## ရန်ကုန်လမ်းညွှန် The YANGON DIRECTORY 2016




Number One Directory in Myanmar

YELLOW PAGES

2016 အတွက်

ကြော်ငြာလက်ခံမည့် နောက်ဆုံးရက်မှာ...

(၃၀.၉.၂၀၁၆)

ဘာပဲလိုလို Everything U Need

SALES : 01-250 700

www.yangondirectory.com | The Yangon Directory Office No. 614, 1st Floor (Left), Mahabandoola Road, Latha Tsp, Yangon, Myanmar.

## LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်

စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊ ခွန်အားသစ်ပြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။


Certificate TH09/3125

ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.

Certificate TH06/3966.02

## Home

think of House, think of Home




လေးထောင့်ကန် SHOWROOM ဖွင့်ပွဲကာလ အထူးအစီအစဉ်

Double Present !

BUY FLOOR → Package Promotion +

( ကြမ်းခင်း 3 ကျင်း )

GET 1 FREE! လက်ဆောင်




ပထမဦးဆုံး ဝယ်ယူသူ 30 ဦးသာ

- ပါကေး အစားထိုး ကြမ်းခင်း
- ကျွန်းအစားသုံးအခန်းကာ
- Kitchen Cabinet

★ ကျင်းအရေအတွက်အလိုက် လက်ဆောင်များ ခွဲခြားထားပါသည်
** Selected Items Only

လေးထောင့်ကန် Showroom: အမှတ်– (E 11-A)၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီ မှတ်တိုင်အနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

☎ 09 79 700 70 73
09 79 700 70 83

Hot Line No-0930500100

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မိုဟာမက် ဘင် နာဖ် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအုဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မိုဟာမက် ဘင် နာဖ် ဘင် အဗ္ဗဒူ(လ်)အဇစ် အယ်လ်ဆာအုဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## မြန်မာ-ထိုင်းနှစ်နိုင်ငံဒေသထွက်ကုန်များ အပြန်အလှန်ရောင်းဝယ်ပြီး ကုန်ပစ္စည်းများဖလှယ်

**မြဝတီ စက်တင်ဘာ ၂၂**

နယ်စပ်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးနှင့် နှစ်နိုင်ငံအကြားSocial Business ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ-ထိုင်းချစ်ကြည်ရေး စိုက်ပျိုးရေးသမဝါယမထုတ်ကုန်ဆိုင်ရာ ဈေးရောင်းပွဲတော်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံသမဝါယမအသင်းစုများနှင့် လုပ်ငန်းရှင်များ ဆိုင်ခန်း ၁၄ ခန်း၊ ထိုင်းနိုင်ငံတာ့(ခ်)ခရိုင်မှ သမဝါယမအသင်းစုနှင့် လုပ်ငန်းရှင်များ ဆိုင်ခန်း ၂၀ စုစုပေါင်း ၃၄ ခန်းဖြင့် ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်ပြီး နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ရေထွက်ကုန်များ ပါဝင်သည့် စားသောက်ကုန်များ၊ ဆေးဝါးများ၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉)ကျင်းပမည်

**သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပွဲစဉ် (၁၉) ကို ပုံမှန်ကျင်းပနေသည့် စနေ၊ တနင်္ဂနွေနေ့အစား စက်တင်ဘာ ၂၃ နှင့် ၂၄ ရက်(ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းမှာ မကွေးအသင်းနှင့် တွေ့ဆုံနေပြီး တန်းဆင်းဇုန်မှ အသင်းများမှာလည်း ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၁၉) အဖြစ် စက်တင်ဘာ ၂၃ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့်မကွေးအသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့်ကမ္ဘောဇအသင်း၊ သုဝဏ္ဏကွင်း၌ မနောမြေအသင်းနှင့်ရခိုင်အသင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၈) အပြီးတွင် ရန်ကုန်အသင်းက ၁၇ ပွဲကစား၊ ၄၆ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး

**စာမျက်နှာ ၆ ကော်လံ ၁ သို့**



ရန်ကုန်နှင့်မကွေးအသင်းတို့ ပထမအကျော့တွေ့ဆုံခဲ့စဉ်။

| | | |
|---|---|---|
| အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ ဗီယက်နမ်အသင်း နောက်တစ်ဆင့်တက် | တော်သလင်း ကန်ဆင်းမိုးလ ဂရုစမ္မ | စီရိုနယ်လ်ဒိုကို ပေါင် သန်း ၉၀ ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် မန်ယူဆန္ဒရှိနေ |
| စာမျက်နှာ - ၇ | စာမျက်နှာ - ၁၀ | စာမျက်နှာ - ၁၃ |


ရွှေနဂါး

လူကြီးမင်းတို့၏ အဆောက်အဦးများ၊ စက်ရုံများတွင် အပူရှိန်မြင့်မားမှုကြောင့် စိတ်ညစ်နေပါသလား ?

မိုးသံ၊ လေသံကြောင့် အဆောက်အဦးအတွင်း ဆူညံမှုများဖြစ်ပေါ်နေပါသလား ?

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စက်ရုံများ၊ စားသောက်ဆိုင်များအတွက်

အပူခံ၊ အသံထိန်း (Insulation) အမိုးသွပ်ပြားနှင့် အကာပြား

ဝန်ထမ်းများ နေထိုင်ရန် အဆောင်များ နှင့် ဂိုဒေါင်များ၊ ယာယီရုံးခန်းများ၊ လုံခြုံရေးဂိတ်များ ဆောက်လုပ်ရန် Mobile House များကို လည်း ရွှေနဂါး အပူခံ အသံထိန်း ( Insulation) အမိုးသွပ်ပြားနှင့် အကာပြားများကို အသုံးပြု၍လျှင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

-အပူခံသွပ်ပြား အတွင်းရှိ ဖော့ချပ်မှာ Expandable Poly Styrene (EPS) ဖော်စေ့ကို အသုံးပြုထားသောကြောင့် မီး မလောင်ကျွမ်းနိုင်ခြင်း

-မိုးရာသီ အခါ အိမ် (သို့) အဆောက်အဦး အတွင်း မိုးရွာသည့်အသံကိုမကြားရခြင်း


-နွေရာသီအခါ အိမ် (သို့) အဆောက်အဦး အတွင်း အပူဒဏ်ကို မခံစားရခြင်း




ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ Ph:01-685985, 685990


themirror.npt@gmail.com www.facebook.com/themirrordaily

# မဲဆန္ဒရှင်ပြည်သူများ လေ့လာနိုင်ရန် ပယ်မဲနမူနာများ




## ကျွန်တော်တို့ရပ်ကွက်က ရွေးကောက်ပွဲကော်မရှင်

ကျွန်တော်တို့ စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်)ရပ်ကွက် ၁၃. ၉. ၂၀၁၅ ရက်နေ့ ညနေ ၅ နာရီခန့်က ကားပေါ်တွင် အသံချဲ့စက် ရှေ့နောက်စပီကာများဖြင့် ရပ်ကွက်တွင်း ၁၄. ၉. ၂၀၁၅ ရက် (တနင်္လာနေ့) မှ ၂၇. ၉. ၂၀၁၅ ရက် (တနင်္ဂနွေနေ့)ထိ ၁၄ ရက် ပိတ်ရက်မရှိ မဲပေးပိုင်ခွင့်ရှိသူများစာရင်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိကပ်ပြီး ကြေညာထားပါသည်။ အမည်စာရင်းပါမှသာလျှင် မဲပေးခွင့်ရရှိမှာဖြစ်သည့်အတွက် မိမိတို့အမည် ပါ၊ မပါ လာရောက်ကြည့်ရှုကြပါရန်၊ မပါပါကလည်း သတ်မှတ်ချက်အထောက်အထားများနှင့် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ရက်ပေါင်း ၁၈၀ ပြည့်၊ ငြေ့စာရင်းဖြင့် နေထိုင်သူများလည်း မဲပေးခွင့်ရရှိမှာဖြစ်သဖြင့် လာရောက်စာရင်းပေးနိုင်ကြောင်း၊ “ငါးနှစ်မှာ တစ်ကြိမ်၊ တစ်ကြိမ်မှာ ၁ ရက်၊ ၁ ရက်မှာတစ်ခါသာ မဲပေးခွင့်ရရှိတဲ့ မိမိတို့အခွင့်အရေးကို မနစ်နာမဆုံးရှုံးကြစေရန် အသည်းကြားမှ မဲတစ်ပြားကို ငါတို့ပေးဖြစ်အောင်ပေးကြမယ်ပေ့ါဟု ဆုံးဖြတ်ချက်ချကာ လိုအပ်သည်များ လာရောက်ကြည့်ရှုဆောင်ရွက်ကြပါရန်”ဟု တစ်ရပ်ကွက်လုံး လိုက်လံကြေညာအသိပေးအကြောင်းကြားရပါသည်။

ကြေညာပြီးနောက်တစ်နေ့ ၉ နာရီတွင် မိမိနှင့် မိသားစု ပါ၊ မပါ သွားကြည့်ရာ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များ မဲစာရင်းကပ်ထားသည့် မိုးလုံလေလုံအခန်းဝမှ ကြိုဆိုပြီး အိမ်အမှတ်များကိုမေးကာ မဲစာရင်းလမ်းညွှန်ပြချက်ကို လိုက်လံရှာပေးရာ စာရင်းပေးသူများမှာ တစ်ခါတည်းနှင့်ပင် တွေ့ရှိပါသည်။ စာရင်းမပေးသေးသူများမှာ လိုအပ်သောပုံစံများဖြင့် တစ်ခါတည်း ရုံးခန်းတွင် စာရင်းဖြည့်ရေးသွင်းပေးပါသည်။ မဲစာရင်းများ ကပ်ထားပုံမှာလည်း မြို့နယ်ကော်မရှင်ကပေးထားသည့် အမှတ်စဉ်အတိုင်းကပ်ကာ ၎င်းတို့၏ လေ့လာတွေ့ရှိချက်ဖြင့် အိမ်အမှတ် (၁)ဆိုသည်နှင့် (၁)ပြီးတော့ ၁၀ မှ ၁၉ ထိ ကပ်ထားကြောင်း၊ (၂)ဆိုသည်နှင့် (၂)ပြီးတော့ ၂၀ မှ ၂၉ ထိ ကပ်ထားသည်။

နံပါတ်များအား အစဉ်လိုက်ကပ်ထားပြီး လိုက်လံရှာပေးသည့်အတွက် စာရင်းပေးထားသည့် မဲဆန္ဒရှင်များ သုံးမိနစ်အတွင်းမှာ တွေ့အောင် စီစဉ်ဆောင်ရွက်ပေးထားသည်။ ဝင်လာသူများ မိမိတို့မှတ်သားလိုသည်များကို မှတ်သားနိုင်ရန် ဝင်လာသည်နှင့် စာရွက်အလွတ်လေးနှင့် ဘောပင်များကို တစ်ခါတည်းမှတ်သားရေးသားရန် ပေးပါသည်။ ပြီးလျှင် ပြန်ထွက်သောအခါ အခန်းအဝတွင်ကပ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များစာရင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစာရင်း၊ ကရင်နှင့် ရခိုင်တိုင်းရင်းသားလူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များစာရင်းကို လိုက်လံရှင်းလင်းပြသည်ကို တွေ့မြင်ခဲ့ရသဖြင့် ကျွန်တော်တို့ရပ်ကွက်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များကို လေးစားဂုဏ်ယူစွာဖြင့် ရေးသားလိုက်ရပါသည်။ သင်ရော မဲစာရင်းမှာ အမည်ပါ၊ မပါသွားကြည့်လျှင် သိမြင်ပါလိမ့်မည်။

**မောင်ညွှန့်သန်း(စမ်းချောင်း)**

**ရွေးကောက်ပွဲကျင်းပရန် ၄၆ ရက်သာ လိုတော့သည်။**

# မြို၊တိုင်းရင်းသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မြိုတိုင်းရင်းသားပါတီဥက္ကဋ္ဌ ဦးအေးထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်များ ခင်ဗျား-**

အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မြိုတိုင်းရင်းသားပါတီဥက္ကဋ္ဌ ဦးအေးထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ စည်းရုံးဆောင်ရွယ်မယ့်ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ရခိုင်၊ မြို၊ ဒိုင်းနက်၊ ခမီ၊ သက်၊ မာရမာ၊ ကမန် တိုင်းရင်းသားများဟာ ကိုယ့်ဘာသာစကား၊ ကိုယ့်ယဉ်ကျေးမှု ကိုယ်စီနဲ့ သီးခြားစီရပ်တည်လာခဲ့ကြပါတယ်။ သီးခြားစီဆိုသော်လည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ မှီတင်းနေထိုင်လာခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။

မြိုတိုင်းရင်းသားပါတီကို ဘာကြောင့် တည်ထောင်လာရသလဲ။ ဘယ်လိုရည်ရွယ်ချက်မျိုးရှိပါလဲဆိုတာကို ယခုဒီအချိန်မှာ မြန်မာ့အသံရေဒီယိုနှင့် ရုပ်မြင်သံကြားကနေ အစီရင်ခံတင်ပြသွားပါမည်။ ကျွန်တော်တို့ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးဟာ နိုင်ငံတော်ရဲ့ အရိပ်အာဝါသအောက်မှာ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာနဲ့ လက်တွဲနေထိုင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရေးအရ လက်တွဲဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ၏ နိုင်ငံရေးစနစ်ကိုယ်ထည်ကလည်း ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပါတယ်။ နိုင်ငံ့အရေးကို ဆောင်ရွက်ရန် နိုင်ငံသားတိုင်း ပါတီတိုင်းမှာ တာဝန်ရှိပါတယ်။ ထို့ကြောင့် ကျွန်တော်များ မြိုတိုင်းရင်းသားပါတီအနေဖြင့် မိမိတို့မြိုလူမျိုးများကို စုစည်းပြီး ရရှိသလောက်သော အင်အားနဲ့ နိုင်ငံ့အရေးအရာများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းနဲ့သော်လည်းကောင်း၊ အခြားနိုင်ငံရေးပါတီများနဲ့သော်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားညီနောင်များနဲ့အတူ မြန်မာနိုင်ငံတည်ရှိနေသရွေ့ တစ်ထောင့်တစ်နေရာကနေ အုတ်တစ်ချပ် သဲတစ်ပွင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန်အတွက် မြိုတိုင်းရင်းသားပါတီကို ဖွဲ့စည်းတည်ထောင်ရခြင်းဖြစ်ပါတယ်။

**မြိုတိုင်းရင်းသားများနဲ့ ဒေသခံတိုင်းရင်းသားများခင်ဗျား-**

ယခုလို ပါတီစုံဒီမိုကရေစီစနစ်မှာ ကျွန်တော်တို့လို မျိုးနွယ်စုငယ်လူနည်းစုများအနေနဲ့ အထူးသတိထားရမယ့် အချက်တွေရှိနေပါတယ်။ လူနည်းစုကို အခြေခံပြီးတော့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပါတီငယ်တွေအနေနဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးရာထူးရရှိရေး၊ လွှတ်တော်မှာ အမတ်နေရာရရှိရေးအတွက် လူမျိုးစုနှစ်စု(သို့မဟုတ်)သုံးစုကို ရောနှောပေါင်းစည်းပြီးတော့ လူမျိုးတစ်မျိုးတည်းအဖြစ် ခံယူရန် ကြိုးစားခြင်းများရှိတတ်ပါတယ်။ ရှိနေကြပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် လိုအပ်တဲ့နေရာရတယ် ဆိုပါစို့၊ လွှတ်တော်သက်တမ်း (၅)နှစ်တာအတွင်းမှာ အဲဒီလူမျိုးများရေးရာကို ဆောင်ရွက်ရမယ်ဖြစ်ပြီး သက်တမ်းငါးနှစ်တာအတွင်းမှာသော်လည်းကောင်း၊ ငါးနှစ်တာ သက်တမ်းကျော်လွန်တဲ့အခါမှာသော်လည်းကောင်း အဲဒီလူမျိုးများရဲ့ကြားမှာ ဖြစ်ပျက်သဘောအရ ဆန္ဒကွဲလွဲကောင်း ကွဲလွဲနိုင်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း **"မြို"**နဲ့ **"ခမီ"**လူမျိုးကြားမှာ အဲဒီလို အရှုပ်အထွေးတွေကြောင့် ယခုလက်ရှိအခြေအနေမှာ တစ်မျိုးနဲ့တစ်မျိုး ယုံကြည်မှုအရ အားနည်းချက်များရှိနေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုကို ရှေးရှုပြီး ရိုးသားပွင့်လင်းစွာနဲ့ ဆောင်ရွက်ကြစေလိုပါတယ်။

**မြိုတိုင်းရင်းသားများနဲ့ ဒေသခံတိုင်းရင်းသားများ ခင်ဗျား -**

မြိုတိုင်းရင်းသားများဟာ ခေတ်နောက်ကျပြီး အဘယ်ကြောင့် ပျောက်ကွယ်လုမတတ် ဖြစ်နေရသလဲဆိုတာကို ဆန်းစစ်လေ့လာအဖြေရှာသင့်တဲ့အချိန်အခါရောက်လာပါပြီ။ **"မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မယ်"** ဆိုတဲ့ ဆောင်ပုဒ်ကို အလေးထားရမှာဖြစ်ပါတယ်။ မြန်မာ့သမိုင်းမှာ ပျူခေတ်ဟု ထွန်းကားခဲ့ဖူးသော ပျူလူမျိုးများဟာ ယခုအခါ လက်ညှိုးထိုးပြစရာမရှိတော့ပါ။ **"လူမျိုးရှိမှ ယဉ်ကျေးမှုရှိမယ်။ ယဉ်ကျေးမှုရှိမှ လူမျိုးတင့်မယ်"**ဆိုတဲ့ အပြန်အလှန် အမှီပြုနေတဲ့အထဲမှာ လူမျိုးပျောက်ကွယ်သော်လည်းကောင်း၊ အရောအနှောခံရသော်လည်းကောင်း၊ ဒေါင်းယောင်ဆောင်တဲ့ကျီးလို ဟိုယောင်ဒီယောင် ယောင်နေသော်လည်းကောင်း လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေဟာ ဘယ်လိုနည်းနဲ့မျှ ခမ်းနားထည်ဝါစွာ ရပ်တည်နေနိုင်မှာမဟုတ်ပါဘူး။ အဲဒါကြောင့် လူမျိုးနဲ့ ယဉ်ကျေးမှုဟာ ဘယ်အခွင့်အရေးနဲ့မျှ လဲလို့မရတဲ့ တန်ဖိုးအရှိဆုံးသော အနဂ္ဃရတနာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်များ မြိုတိုင်းရင်းသားပါတီအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်များ ခင်ဗျား-**

**ကျွန်တော်တို့ မြိုတိုင်းရင်းသားပါတီအလံတော်နဲ့ အထိမ်းအမှတ်တံဆိပ်ကို ဆက်လက်တင်ပြပါမည် -**

**မြိုတိုင်းရင်းသားပါတီအလံတော်**

မြိုတိုင်းရင်းသားပါတီရဲ့ အလံတော်ကို အရောင်(၄)မျိုးဖြင့် ဖော်ပြထားပြီး ကောင်းကင်ပြာရောင်မှာ တည်ကြည်ခြင်း၊ အစိမ်းရောင်မှာ စိမ်းလန်းစိုပြည်ခြင်း၊ အဖြူရောင်မှာ ဖြူစင်သန့်ရှင်းခြင်း ဆောင်ပါတယ်။ အလံတော်ရဲ့ လက်ဝဲဘက်ထိပ် အနီရောင်ထောင့်ကွက်ထဲမှာ မြိုဘာသာစကားဖြင့် Rang Pang Ma လို့ခေါ်တဲ့ ရောင်းရင်းငှက်ထည့်ထားပြီး အဲဒီငှက်ဟာ သစ္စာရှိတဲ့ငှက်ဖြစ်ပါတယ်။ အားလုံး ရိုးသားစွာ သစ္စာရှိကြရမယ်လို့ ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ အနီရောင်ဘောင်ကွက်ကတော့ ရဲရင့်တက်ကြွခြင်းသဘော ဖြစ်ပါတယ်။ အလံတော်ရဲ့ အောက်ခြေမှာရှိတဲ့ ရေပြင်ညီကတော့ တန်းတူညီတူရေးကို ပြသခြင်းဖြစ်ပါတယ်။ အလံမှာ ရေပြင်ညီထည့်ရတာက ကျွန်တော်တို့ မြိုတိုင်းရင်းသားတွေမှာ အမှုအခင်းပြဿနာတစ်ခုကို နောက်ဆုံး ဆုံးဖြတ်ရမယ့်အခါ သစ္စာဆို/ကျိန်စာဆိုပြီး ရေငုပ်ဖြေရှင်းတဲ့ဓလေ့ကို ဖော်ညွှန်းတဲ့အနေနဲ့ ရေပြင်ညီကို ထည့်ရခြင်းဖြစ်ပါတယ်။

**မြိုတိုင်းရင်းသားပါတီ အထိမ်းအမှတ်တံဆိပ်**

မြိုတိုင်းရင်းသားပါတီရဲ့ အထိမ်းအမှတ်တံဆိပ်ကတော့ ကျွန်တော်တို့ မြိုတိုင်းရင်းသားများ နေထိုင်တဲ့ တောင်စဉ်တောင်တန်းကို အသိအမှတ်ပြု ဖော်ပြထားခြင်းဖြစ်ပါတယ်။

မြိုတိုင်းရင်းသားပါတီ ဆောင်ပုဒ်ကတော့ "နိုင်ငံတော်ကို ချစ်ပါ။ တိုင်းရင်းသားပြည်သူကို လေးစားပါ။ ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။"

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်များနဲ့ ရခိုင်ပြည်နယ်ရှိ ဒေသခံမဲဆန္ဒရှင် ပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့ မြိုတိုင်းရင်းသားများဟာ ရခိုင်ပြည်မြောက်ပိုင်း၊ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ရသေ့တောင် (၅) မြို့နယ်မှာ နေထိုင်ကြပါတယ်။ မြိုတိုင်းရင်းသားပါတီအနေဖြင့် ဝင်ယှဉ်ပြိုင်မယ့် နေရာတွေကတော့ မောင်တောမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)မှာ တစ်ဦး၊ မောင်တောမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၇)မှာ တစ်ဦး၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)မှာ တစ်ဦး စုစုပေါင်း (၃)ဦးဝင်ပြိုင်မှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်မှာ မဲဆန္ဒရှင် မြိုတိုင်းရင်းသားဦးရေ (၁၀၀၀)ခန့်သာရှိပြီး ကျောက်တော်မြို့နယ်မှာဆိုရင် မြိုတိုင်းရင်းသားလူမျိုးအစစ်အမှန် ကျေးရွာ ယိုးချောင်းဖျားပိုင်း၊ သလူချောင်း ကျေးရွာအုပ်စုမှာ ကျေးရွာငယ် (၉)ရွာပဲ ရှိပါတယ်။ ကျွန်တော်တို့ မြိုတိုင်းရင်းသား မဲဆန္ဒရှင်များ အလွန်နည်းပါးတဲ့အတွက်ကြောင့်မို့ ဝင်မပြိုင်ရခြင်းဖြစ်ပါတယ်။ အဆိုပါမြို့နယ်ထဲက မြိုတိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါတယ်။

**လေးစားအပ်ပါသော မြိုတိုင်းရင်းသားများနဲ့ ဒေသခံတိုင်းရင်းသားမဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

မိမိတို့ဒေသမှာ ဘာတွေဖြစ်နေသလဲ။ ဘာတွေလိုအပ်သလဲ။ ဘာတွေဆောင်ရွက်သင့်သလဲဆိုတာကို မိမိတို့ဒေသခံပြည်သူတွေက ပိုသိပါတယ်။ ထို့ကြောင့် မိမိတို့ဒေသက အရွေးခံမယ့် မြိုတိုင်းရင်းသားပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အားပေးထောက်ခံကူညီကြပါ။ တောင်တံဆိပ်ပါသော မြိုတိုင်းရင်းသားပါတီမဲပုံးထဲကို မှန်ကန်သော မေတ္တာ၊ စေတနာ၊ ကရုဏာမဲများ ထည့်ပေးကြပါလို့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးခြင်း အကျိုးကို မျှော်ကိုးလျက် ယုံကြည်အားကိုးစွာဖြင့် ပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**မြိုတိုင်းရင်းသားပါတီ၏ သီချင်း**

ညီညွတ်ကြပါ ဒို့ညီအစ်ကိုမောင်နှမတွေ၊ ဒို့ပါတီအထိမ်းအမှတ်မှာ တောင်တန်းပြာပါ။ စိမ်းလန်းတယ်၊ စိုပြည်တယ်၊ သဘာဝပန်းတွေ ရာသီအလိုက် ဖူးပွင့်တယ်။ Rang Pang Ma ငှက်ဟာ ရိုးသားတယ်၊ ရှိတယ်။ ဒို့များလည်း ရိုးသားကြတယ်။ နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး တစ်ထောင့်တစ်နေရာကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ဆောင်ရွက်မယ်။ စည်းလုံးကြပါ၊ မဲပေးကြပါ။ ဒို့ပါတီ၊ ဒို့များ ညီအစ်ကိုမောင်နှမတွေရယ်။

**မြိုတိုင်းရင်းသားပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်**

မြိုတိုင်းရင်းသား၊ ဘိုးဘွား၊ မိဘ၊ ညီအစ်ကိုမောင်နှမများခင်ဗျား။ ရောဂါခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း မှန်သမျှ ပိန်းကြာထက်မှာ ရေမတင်သကဲ့သို့ ကင်းစင်ပါစေကြောင်း၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မြိုတိုင်းရင်းသားပါတီ ဥက္ကဋ္ဌ ဦးအေးထွန်း ဖြစ်ပါတယ်။ မြိုဘာသာစကားနဲ့ သတင်းကောင်းပါးလိုက်ပါရစေ။ နားထောင်ပေးကြပါဦး။ ကျွန်တော်တို့ မြိုလူမျိုးများဟာ ရခိုင်ပြည်နယ်မှာ ရှေးပဝေသဏီကာလကပင် နေထိုင်လာခဲ့ကြပါသော်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ပါ။ တို့ရဲ့ အခက်အခဲ၊ တို့ရဲ့ လိုအပ်ချက်တွေကို အထက်ဌာနဆိုင်ရာအဆင့်ဆင့်၊ နိုင်ငံတော်အကြီးအကဲတို့သိအောင် စကားပြောပေးဖို့ လူမရှိလို့ဘဲလို့ ကျွန်တော်ထင်မြင်မိပါတယ်။ ယခုအခါ တို့ရဲ့လိုအပ်ချက်များကို မိမိတို့လူမျိုးကိုယ်တိုင်က တိုက်ရိုက်တင်ပြနိုင်သော လမ်းကြောင်းရဲ့အစမှာ ရောက်ရှိနေပြီဖြစ်ပါတယ်။ ထို့ကြောင့် တောင်တံဆိပ်ပါသော မိမိတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ထောက်ခံမဲပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

---

# မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ ရှင်းလင်းပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၂**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်အတွင်းရှိ မဲရုံအသီးသီးမှ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့်တွေ့ဆုံကာ ၎င်းတို့၏ လုပ်ငန်းတာဝန် ဝတ္တရားများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဦးက အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးသိန်းက မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်ဝတ္တရားများအကြောင်း၊ ရွေးကောက်ပွဲကျင်းပခြင်းနည်းစနစ်၊ ဆန္ဒမဲရေတွက်ခြင်းနှင့် အမည်စာရင်းကြေညာခြင်းနည်းစနစ်၊ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ရပ်ဆိုင်းခြင်းနည်းစနစ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ပဲခူးမြို့နယ်တွင် ကော်မရှင်အဖွဲ့ခွဲ ၁၀၅ ခု၊ မဲရုံ ၂၀၂ ရုံ၊ မဲဆန္ဒရှင်ဦးရေ ၃၂၄၆၉၂ ဦး၊ မဲရုံဝန်ထမ်း ၃၂၃၂ ဦးခန့်ရှိသည်။

ယင်းအခမ်းအနားသို့ ပဲခူးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများရှိ မဲရုံများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ အင်အား ၅၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါ**

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းငွေအောင်ဖြစ်ပါတယ်။

အခုလို ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ ရှေ့လုပ်ငန်းစဉ်များကို TV ဖန်သားပြင်ပေါ်မှတစ်ဆင့် ပြောကြားခွင့်ရရှိတာကလည်း ဒီမိုကရေစီရဲ့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ ပါတီမူဝါဒ သဘောထားရှေ့လုပ်ငန်းစဉ်တွေ မပြောခင်မှာ မိမိတို့လူမျိုးသမိုင်းစဉ်နှင့် ပါတီတည်ထောင်ခဲ့ရခြင်းကို အနည်းငယ် ပြောကြားလိုပါတယ်။

မိမိတို့ရှမ်းနီလူမျိုးတွေဟာ လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်ကတည်းက ယခုပြည်ထောင်စုမြန်မာနိုင်ငံတော် နယ်နိမိတ်အတွင်းမှာ ဝင်ရောက်နေထိုင်ခဲ့ကြပါတယ်။ ရှမ်းနီလူမျိုးတွေဟာ မြန်မာပြည်မြောက်ပိုင်းဖြစ်တဲ့ ယခု စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှာ ပျံ့နှံ့နေထိုင်ခဲ့ကြပါတယ်။ ထိုသို့နေထိုင်ရာမှာ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်မင်း ကိုယ့်ချင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး နေထိုင်ခဲ့ကြတယ်ဆိုတာ ရှမ်းနီလူမျိုးဘာသာစကားနဲ့မှည့်ခေါ်ထားတဲ့ မြို့ဟောင်း၊ စေတီပုထိုးဟောင်းတွေ၊ မြို့အမည်၊ ရွာအမည်၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် အမည်များက ယနေ့ထိ သမိုင်းသက်သေထူလျက်ရှိပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲများတွင်လည်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ ရှမ်းနီလူမျိုးထဲမှ လွတ်လပ်ရေးမော်ကွန်းဝင် ၆၈ ဦးရရှိခဲ့တာကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရမှာဖြစ်ပါတယ်။ ပင်လုံစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေစဉ် ကချင်ပြည်နယ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ညှိနှိုင်းမှုများ အဆင်မပြေသဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ပြန်ရန် လေယာဉ်စီစဉ်ခိုင်းသည်အထိ ဖြစ်ခဲ့ရတာဟာလည်း ကျွန်တော်တို့ရှမ်းနီလူမျိုးများ နေထိုင်ရာဒေသအရေးကြောင့်ဖြစ်တယ်ဆိုတာကို ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။ မြန်မာပြည်လွတ်လပ်ရေးအတွက် ရှမ်းနီလူမျိုးတို့ရဲ့ နေထိုင်ရာဒေသကြီးကို ရင်းနှီးပေးလိုက်ရတယ်လို့ ပြောရင်လည်း မှားနိုင်မယ်မထင်ပါဘူးလို့ ပြောကြားလိုပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက် ရှမ်းနီလူမျိုးတွေရဲ့ အခွင့်အရေး အားလုံးလောက်နီးပါး ဆုံးရှုံးခဲ့ရပြီး မြေပျောက်၊ ရေပျောက်၊ စာပေပျောက်၊ ယဉ်ကျေးမှုတွေဖျောက်ဖျက်ခံရပြီး လူမျိုးပါ ပျောက်လုနီးပါးဖြစ်ခဲ့ရပါတယ်။ ဒါဟာလည်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် ဖြစ်ခဲ့ရတယ်လို့ ပြောချင်ပါတယ်။

ဒါကြောင့်မို့ အတိတ်ကဖြစ်ခဲ့တာတွေကို သင်ခန်းစာယူသုံးသပ်ပြီး ရှမ်းနီလူမျိုးများနဲ့ အတူနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကိုပြောဆိုပေးမယ့် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် လိုအပ်တယ်ဆိုတာ မိမိတို့ ယုံကြည်ခဲ့ကြတယ်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအခွင့်အလမ်းများ ရရှိလာတဲ့အချိန်မှာပဲ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီကို တည်ထောင်ခဲ့ကြပါတယ်။ ပြည်သူလူထုကြီးကတော့ မိမိတို့ပါတီကို ရှမ်းနီပါတီဟုလည်းကောင်း၊ ကျားနီပါတီဟုလည်းကောင်း အတိုကောက်ခေါ်ဆိုခဲ့ကြပါတယ်။ မိမိတို့ပါတီဟာ ရှမ်းနီလူမျိုးများနဲ့ အတူနေ တိုင်းရင်းသားများကိုအခြေပြုပြီး မိမိတို့ဒေသအတွင်းမှာ ပထမဦးဆုံးပေါ်ပေါက်လာခဲ့သော ပါတီတစ်ခုဖြစ်ပါတယ်။

ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်မယ့် တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် လုပ်ငန်းစဉ်(၃)ရပ်ကိုချမှတ်ခဲ့ပြီး ပြည်သူလူထုအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။ လုပ်ငန်းစဉ် (၃)ရပ်ကတော့ (၁)ငြိမ်းချမ်းရေး၊ (၂)တန်းတူရေး၊ (၃)ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ဖြစ်ပါတယ်။ မိမိတို့ ကျားနီပါတီ အနေနဲ့ လွှတ်တော်အသီးသီးမှာ ကိုယ်စားလှယ်လောင်း ၅၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို ဘယ်လိုဖော်ဆောင်ကြမှာလဲ။ နှစ်ဖက်စစ်ပွဲတွေကြားထဲမှာ ဒုက္ခရောက်ကြရတာက လက်နက်မဲ့ ပြည်သူတွေပါ။ ဒုက္ခဆိုတာကို ဘယ်လူမျိုးမှ လိုချင်ကြမှာမဟုတ်ပါဘူး။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့ ဆန္ဒကို အလေးထားရပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ ပြည်သူ့ထံမှ ဆင်းသက်ရပါမယ်။ ယခုဖြစ်ပွားနေတဲ့ စစ်ပွဲတွေကို သုံးသပ်ကြည့်ရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ပြည်သူလူထု လွတ်မြောက်ရေးအတွက် တော်လှန်ရပါတယ်လို့ ပြောပါတယ်။ အစိုးရတပ်မတော်ကလည်း ပြည်သူလူထုကို ကာကွယ်ရပါတယ်လို့ ဆိုပါတယ်။ နှစ်ဖက်ကြားထဲမှာ ဒုက္ခရောက်ကြရတဲ့ ပြည်သူတွေရဲ့ဆန္ဒကို အသိအမှတ်ပြုလေးစားသောအားဖြင့် စစ်ပွဲတွေရပ်ပြီး အောင်မြင်သော ငြိမ်းချမ်းရေးကြီးရရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါတယ်။ မိမိတို့ပါတီရဲ့ မူဝါဒတစ်ရပ်ဖြစ်တဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လက်ကိုင်ထားပြီး ငြိမ်းချမ်းရေးကြီးရရှိအောင် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စစ်ပွဲတွေရပ်ပြီး ငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အစိုးရတစ်ရပ်၊ သမ္မတတစ်ဦး၊ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့သာ သက်ဆိုင်တာမဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးနဲ့လည်း ဆက်နွယ်ပတ်သက်နေပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုကြီးတစ်ရပ်လုံးကလည်း မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရအောင်လို့ မေတ္တာရပ်ခံလိုပါတယ်။

တန်းတူညီမျှရေးကိစ္စဟာလည်း အင်မတန်မှ အရေးကြီးတယ်လို့ ကျွန်တော်တို့ ခံယူထားပါတယ်။ အနာဂတ် မြန်မာနိုင်ငံတော်ကြီးကို ဖက်ဒရယ်ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်မယ်ဆိုရင် တန်းတူညီမျှမှုကိုအခြေခံရမယ်လို့ မိမိတို့ ကျားနီပါတီအနေနဲ့ ခံယူထားပါတယ်။ တိုင်းရင်းသားလူမျိုးစုတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တန်းတူညီမျှရရှိကြမယ်ဆိုရင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးကြပြီး စည်းလုံးညီညွတ်၍ အင်မတန်မှ ပျော်ရွှင်ချမ်းမြေ့စရာကောင်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်လာမယ်လို့ ကျွန်တော်တို့ပါတီမှ ယုံကြည်ထားပါတယ်။

ဒါဆို တန်းတူညီမျှရရှိအောင် ဘယ်လိုလုပ်ကြမလဲ။ လူမျိုးစုတိုင်းဟာ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး သဘောထားကြီးကြဖို့ လိုအပ်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် လွတ်လပ်ရေးမရခင်ကလည်း တော်လှန်ရေး၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ယနေ့ထိလည်း တော်လှန်ရေး၊ တော်လှန်ရေးတွေကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ အင်မတန်မှ နောက်ကျနေပါတယ်။ တော်လှန်ရေးတွေ ဘာကြောင့်ပေါ်ပေါက်လာရသလဲ လို့မေးရင် တန်းတူညီမျှမှုမရှိလို့ဆိုတဲ့အပေါ်မှာ အဆုံးသတ်နေပါတယ်။ ဥပမာအနေနဲ့ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုကို လုပအောင်လုပ်ဖို့က တိုင်းရင်းသားလူမျိုးစုတိုင်းရဲ့ ဆန္ဒအမှန်ဖြစ်ပါတယ်။ ကိုယ်မပိုင်တဲ့ပစ္စည်းတစ်ခုကို အတင်းလုယူထားပြီး ကိုယ့်ပစ္စည်းဖြစ်အောင် ပြုလုပ်နေမယ်ဆိုရင် တော်လှန်ရေးဆိုတာ ဆက်လက်ဖြစ်ပေါ်နေဦးမှာပါ။ အဲဒီလိုတွေ မဖြစ်ရလေအောင် ပြည်ထောင်စုကြီးနဲ့ဆိုင်တဲ့ တိုင်းရင်းသားများအားလုံးကို ညီတူမျှတူလုပ်ပိုင်ခွင့်တွေ ပေးအပ်ခဲ့မယ်ဆိုရင် စစ်ပွဲတွေဖြစ်လာစရာအကြောင်းမရှိသလို ငြိမ်းချမ်းစွာနဲ့ နိုင်ငံတော်တည်ဆောက်ရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မိမိတို့ပါတီအနေနဲ့ တန်းတူညီမျှရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ပြည်သူလူထုကြီးအား ပြောကြားလိုပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုတာဟာလည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဆန္ဒဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိအောင် ဘာကြောင့် ဆောင်ရွက်ချင်ရသလဲဆိုတဲ့ကိစ္စအပေါ် ပြည်သူလူထုကြီးအား ရှင်းပြလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံကြီး မပေါ်ပေါက်မီ မြန်မာရှင်ဘုရင်တွေရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြန်သုံးသပ်ကြည့်ရင် နယ်စားပယ်စားများခန့်အပ်ထားခဲ့ပြီး ဘဏ္ဍာဆက်အဖြစ်နဲ့သာ အုပ်ချုပ်ခဲ့တဲ့စနစ်ကို တွေ့ရမှာဖြစ်ပါတယ်။ ကိုယ့်ဒေသမှာ ထွက်ရှိတဲ့ ရေမြေသယံဇာတ၊ သစ်တောသယံဇာတများနဲ့ တွင်းထွက်သယံဇာတများ အစရှိသဖြင့် ကိုယ့်ဒေသတွင်းရှိ အရာအားလုံးလောက်နီးပါးကို စီမံခန့်ခွဲပိုင်ခွင့်ရရှိခဲ့ကြပါတယ်။ Power Sharing, Resource Sharing မျှမျှတတ ခွဲဝေကျင့်သုံးခဲ့ကြတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ပြီး နောက်ပိုင်း တိုင်းရင်းသားတွေရဲ့ လုပ်ပိုင်ခွင့်တွေကို လက်ဝါးကြီးအုပ်စိုးမိုးခဲ့တဲ့အတွက်ကြောင့် တော်လှန်မှုတွေဖြစ်ပွားခဲ့ပြီး ပြည်သူအများ အသက်အိုးအိမ်မြောက်မြားစွာ ဆုံးရှုံးခဲ့ရပါတယ်။

လွတ်လပ်ပြီး မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးစုများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို အစဉ်အဆက် ကြိုးပမ်းလာခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားများ လိုလားလျက်ရှိတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို မိမိတို့ပါတီအနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ တည်ထောင်ပြီးနောက် သုံးနှစ်ကျော်ကာလအတွင်း ပြည်သူလူထုအကျိုး၊ မိမိတို့ရှမ်းနီလူမျိုးတို့အကျိုးကို ဆောင်ရွက်ခဲ့ရခြင်းနှင့် ပါတီ၏ ရှေ့လုပ်ငန်းစဉ်ကိစ္စရပ်များကိုလည်း ပြည်သူလူထုတစ်ရပ်လုံးအား ပြောကြားလိုပါတယ်။ မိမိတို့ကျားနီပါတီကို တည်ထောင်ပြီးနောက် ကချင်ပြည်နယ်အတွင်းဖြစ်ပွားတဲ့ စစ်ပွဲများအတွင်း ဒုက္ခရောက်ခဲ့ကြတဲ့ ရှမ်းနီလူမျိုးများနဲ့ အတူနေတိုင်းရင်းသားတို့အရေးကို တစိုက်မတ်မတ် ပြောဆိုဆောင်ရွက်လာခဲ့ပါတယ်။ ထိုသို့ ပြောဆိုလာခဲ့သည့်အတိုင်း သက်ရောက်မှုများရှိလာခဲ့ပြီး ဖြေလျှော့မှုများ ရှိလာတာကိုလည်း ကချင်ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူလူထုများ အသိဖြစ်ပါတယ်။

မိမိတို့ရှမ်းနီလူမျိုးအမည်နှင့်ပတ်သက်ပြီး နိုင်ငံရေးစနစ်တစ်ခု၏ အခြေအနေအရ အမည်နာမ ကိုးမျိုးဖြင့် ခေါ်တွင်လျက်ရှိသည်ကို မြန်မာနိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနေကြသော ရှမ်းနီလူမျိုးများက အစည်းအဝေး (၃)ကြိမ်ပြုလုပ်ပြီး လူမျိုးအမည်တစ်မျိုးတည်းဖြစ်နိုင်ရေး ဆွေးနွေးခဲ့ကြပါတယ်။ (၃)ကြိမ်စလုံးမှာ ရှမ်းနီလို့ခေါ်တွင်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ရှမ်းနီအမျိုးသားထုတစ်ရပ်လုံးရဲ့ဆုံးဖြတ်ချက်ကို မိမိတို့ကျားနီပါတီအနေနဲ့ လိုက်နာခဲ့ပြီး ၂၀၁၄ သန်းခေါင်စာရင်း ကောက်ချိန်မှာ ရှမ်းနီ အမည်ထည့်သွင်းနိုင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ ရှမ်းနီလူမျိုးများ နေထိုင်လျက်ရှိတာကို မြန်မာရော၊ ကမ္ဘာကပါ သိရှိသွားနိုင်ခဲ့ပြီးဖြစ်ပါတယ်။



ကျားနီပါတီ တည်ထောင်ပြီးနောက်ပိုင်း တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါတယ်။ ထိုဆွေးနွေးပွဲများမှာ စစ်ပွဲများတွင် အတိဒုက္ခရောက်ခဲ့ကြတဲ့ ရှမ်းနီလူမျိုးများနဲ့ အတူနေတိုင်းရင်းသားများအရေးကို ပြောဆိုခဲ့ပြီး နိုင်ငံရေးအရ လူမျိုးစုတိုင်းရင်းသားအခွင့်အရေး ကိုယ်စီရရှိအောင်လည်း တင်ပြဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲများမှာလည်း တိုင်းရင်းသားများလိုလားလျက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် ပြည်နယ်သစ်များအတွက် မူဘောင်တစ်ခုထည့်သွင်းရေးကို တင်ပြခဲ့ပါတယ်။ လက်ရှိအစိုးရအဖွဲ့မှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး ရက်(၆၀)အတွင်း Political Frame Work (နိုင်ငံရေးမူဘောင်) ရေးဆွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီလိုရေးဆွဲတဲ့အချိန်မှာ ပြည်နယ်ရသင့်ရထိုက်သော တိုင်းရင်းသားလူမျိုးများအတွက် မူဘောင်သစ်တစ်ခု သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့ ပြည်နယ်သစ်များအတွက် မူဘောင်တစ်ခု သတ်မှတ်ထားမှသာ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ဖြစ်နိုင်တယ်လို့ မိမိတို့ ပါတီမှခံယူထားပါတယ်။ မိမိတို့ပါတီဟာ တိုင်းရင်းသားလူမျိုးများအားလုံး လိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရေး၊ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ အခွင့်အရေး တန်းတူရရှိရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်သွားမယ့် ပါတီတစ်ရပ်ဖြစ်ပါတယ်။ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ မိမိတို့ ရှမ်းနီလူမျိုးများကို ချင်ခင်လေးစားပြီး အခြားသော တိုင်းရင်းသားလူမျိုးများအားလည်း ညီရင်းအစ်ကိုတမျှ ခင်မင်ရင်းနှီးစွာ ဆက်ဆံသွားပါမယ်။ ဒါကြောင့် မှေးမှိန်နေတဲ့ ရှမ်းနီလူမျိုးများရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့် သမိုင်းကြောင်းတို့ကို ဖော်ထုတ်မြှင့်တင်ထိန်းသိမ်းသွားမှာဖြစ်ပြီး အခြားသောတိုင်းရင်းသားလူမျိုးများရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာထုံးတမ်းအစဉ်အလာများကိုလည်း လေးစားသမှုပြုပြီး အပြန်အလှန်လိုက်နာသွားကြရန် လိုလားကြောင်း ပြောကြားလိုပါတယ်။

ဒို့အပြင် ကျွန်တော်တို့တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားနိုင်အောင် ဆောင်ရွက်ထားပါတယ်။ မြန်မာအမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများသာ ဆောင်ရွက်နေရခြင်းထက် နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေချင်ပါတယ်။ ယခု ကျားနီပါတီမှ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၄ ဦးယှဉ်ပြိုင်ရာမှာ အမျိုးသမီးကိုးဦးပါဝင်လာနိုင်ခဲ့ပါတယ်။ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွင်လည်း နိုင်ငံရေးအသိပညာ ကြွယ်ဝသော အမျိုးသမီးနိုင်ငံရေးသမားများ ပိုမိုပါဝင်လာအောင် မိမိတို့ပါတီအနေနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။

မြန်မာ့နိုင်ငံရေးကို မြော်တွေးကြည့်လျှင် လူငယ်များရဲ့ အခန်းကဏ္ဍဟာလည်း အင်မတန်အရေးကြီးပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသကဲ့သို့ ရိုးသားဖြောင့်မတ်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံရေးသမားများ ပေါ်ထွန်းလာရန်လည်း လိုအပ်ပါတယ်။ ယင်းကဲ့သို့ ပေါ်ထွန်းလာနိုင်ရန် မိမိတို့ပါတီအနေနဲ့ လူငယ်များ၏နိုင်ငံရေးအမြင် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဒေသအသီးသီးမှ လူငယ်အချင်းချင်းတွေ့ဆုံပြီး နိုင်ငံရေးစကားဝိုင်းများ ပြုလုပ်ဖလှယ်ခြင်း၊ သင်တန်းများသို့ တက်ရောက်စေခြင်းတို့ကိုဆောင်ရွက်နေပါတယ်။ ယနေ့လူငယ်အကြောင်းပြောရလျှင် မူးယစ်ဆေးဝါးဆိုတဲ့ အရာကလည်း ဒွန်တွဲပါလာပါတယ်။ မူးယစ်ဆေးဝါးဟာ လူငယ်များကို ခြိမ်းခြောက်နေတဲ့အန္တရာယ်ဖြစ်သလို မိမိတို့ တစ်မျိုးသားလုံးရဲ့အန္တရာယ်လည်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးများကို လူငယ်များအနေနဲ့လည်း မသုံးစွဲမိစေရန်နှင့် သုံးစွဲနေသောလူငယ်များအား မူးယစ်ဆေးဝါး၏ ကြီးမားလှသော အန္တရာယ်အကြောင်းကို နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် မိမိတို့ပါတီအနေနဲ့ စီစဉ်ဆောင်ရွက်နေပါတယ်။

နိဂုံးချုပ်အနေဖြင့် မိမိတို့ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ မိမိတို့ လူမျိုးသမိုင်းမှာ ရှမ်းနီလူမျိုးများကို အခြေခံပြီး ပထမဆုံးပေါ်ပေါက်လာသော ပါတီဖြစ်ပါတယ်။ လူမျိုးတစ်မျိုးကို ကိုယ်စားပြုတဲ့ နိုင်ငံရေးအဖွဲ့အစည်းအားကောင်းခိုင်မာလာတာနဲ့အမျှ မိမိတို့အတူနေတိုင်းရင်းသားများပါ ယုံကြည်အားကိုး ချစ်ခင်လေးစားလာကြမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ ရှမ်းနီလူမျိုးများနှင့်တကွ အတူနေတိုင်းရင်းသားများအားလုံး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမယ့် ရွေးကောက်ပွဲမှာ ကျားနီအမှတ်တံဆိပ်ပါတဲ့ မိမိတို့တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီကို မဲပေးရင်း ညီညွတ်ခြင်းကိုပြကြပါစို့လို့ ပြောကြားလိုပါတယ်။ ပြည်သူအားလုံးကို ကျေးဇူးတင်ပါတယ်။


# ၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို

ကြေးမုံ Mirror


## ကရင်ဒီမိုကရက်တစ်ပါတီ


**လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်း မရှိပါ။**

K.D.P








## စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲပေးနိုင်သူ ၉၀၀၀၀ ကျော်ရှိ

**စဉ့်ကိုင် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ ၂၀၁၅ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ မဲပေးနိုင်သူဦးရေ ၉၀၀၀၀ ကျော်ရှိကြောင်းသိရသည်။ စဉ့်ကိုင်မြို့နယ်တွင် မဲရုံပေါင်း ၁၄၆ ရုံရှိရာ (၁၈)နှစ်ပြည့်ပြီး မဲပေးနိုင်သူ ၉၈၄၄၁ ဦးရှိသည်။

၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးတွင် စဉ့်ကိုင်မြို့နယ်မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များတွင် ပါတီလေးပါတီမှကိုယ်စားလှယ်လောင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

**ရွေးကောက်ပွဲတွင် ပါဝင်ဖို့ မဲစာရင်း ကြည့်ကြစို့**

## မြိတ်မြို့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်စာရင်း ကြေညာထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

**မြိတ် စက်တင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အမည်စာရင်း ဒုတိယအကြိမ် ကြေညာထားရှိမှုအခြေအနေများကို တနင်္သာရီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ခွဲ အဖွဲ့ဝင်များ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းကာ အမည်စာရင်း ကြေညာထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲမှစ၍ မြိတ်မြို့၊ ကန်ဖျားနယ်မြေ၊ မြိတ်တောင်ကျေးရွာ၊ မြိတ်တောင်နယ်မြေ၊ နောက်လယ်ရပ်ကွက်၊ ကြောင်ငယ်ရပ်ကွက်၊ ကန်ခေါင်းရပ်ကွက်၊ တလိုင်းစုရပ်ကွက်၊ ဆိပ်ငယ်ရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ထားဝယ်စုရပ်ကွက်၊ ကန်ကြီးရပ်ကွက်နှင့် မြစ်ငယ်ရပ်ကွက်တို့သို့လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ရေပုန်းရပ်ကွက်၊ ကလွင်ကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာအုပ်စုနှင့် ကျောက်ဖျာကျေးရွာအုပ်စုတို့သို့လည်းကောင်း ကွင်းဆင်းကာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မဲဆန္ဒရှင် အမည်စာရင်းပြုစုရာတွင် တိကျမှန်ကန်ရေးကိစ္စရပ်များ၊ မဲစာရင်းကြေညာထားစဉ်ကာလတွင် ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)၊ ပုံစံ(၄-ခ)၊ ပုံစံ(၄-ဂ)၊ ပုံစံ(၃-က)၊ ပုံစံ(၃-ခ)တို့ဖြင့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို အပြီးအပြတ်ဆောင်ရွက်နိုင်ရေးနှင့် မဲဆန္ဒရှင်အမည်စာရင်း လာရောက်ကြည့်ရှုကြရန် နှိုးဆော်ရေး ဆွေးနွေးခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ ၃၄ ခုရှိကာ မဲရုံပေါင်း ၂၂၀ ရှိသည်။ လက်ရှိကြေညာထားသော မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေမှာ အမျိုးသား ၇၃၇၆၀နှင့် အမျိုးသမီး ၇၇၉၃၀ ဖြစ်ကာ စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ ၁၅၁၆၉၀ ဖြစ်ကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ခရိုင်ပြန်/ဆက်)**






## POSSIBLE Travels & Tours

- ကရင်ပြည်နယ်-ဘားအံ-မဲလံတောင်(ကျောက်ပိရဟန္တာ) Sep 26, Oct 3,10 (35000Ks)
- ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ Oct 24 (USD 630)
- မော်လမြိုင်-ကျိုက္ကမီ-ဇင်းကျိုက်ရေတံခွန် Sep 26, Oct 3,10 (35000/Ks)
- ကျောက်စိမ်းဘုရား-မန္တလေး Sep 26 (65000/Ks)
- ဖိုးကျားဆင်စခန်း-သံတောင်ကြီးအပန်းဖြေစခန်း Sep 26, Oct 3,10 (35000/Ks)

ဆွီဒင်နိုင်ငံထုတ် အဆင့်မြင့် Scaniaကားဖြင့် သာ စီစဉ်ပေးပါသည်။

Ph:01-706716,9010327,09-259257821~3,09-250790919

## ဘ၀အလှ ထီးဒါန စာအုပ်

"ထီးအလှူ ကြီးသူပဖြစ်မြဲ"ဟူသော ရှေးစကားနှင့်အညီ ဆိုင်ရာဆိုင်ရာ ရွေးချယ်ခံရာဒေသ၌ ရွေးချယ်ခံရလျက် အကြီးအကဲဖြစ်နည်း၊ ဘ၀မှာ လှပစွာရပ်တည်နိုင်အောင် ကုသိုလ်ပြုနည်း၊ သောဠသစေတီ (၆) ဆူ တည်နည်းနှင့် ဘုရားမှာထီးလှူဒါန်းရကျိုး အမျိုးမျိုးတို့ကို ပိဋကစာပေလာသည့်အတိုင်း ဖော်ပြထားသည်။

လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ရေးသားပူဇော်သည်။

ရန်ကုန်သစ္စာမဏ္ဍိုင်စာပေ (၀၉ ၅၁၂၅၂၈၅) မန္တလေးနဂါးစာပေ

## တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးကြာရင်၏ သမီး [၇/ပခန(နိုင်)၁၉၈၆၄]ကိုင်ဆောင်သူ ဒေါ်ဇော်ဇော်(ခ)ဒေါ်သက်မာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

မိုင်းပျဉ်းမြို့၊ အထကတက္ကသိုလ်ဝင်တန်းမှ နန်းဆွေအင်၏ အမည်မှန်မှာ မနန်းရွှေအင်ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ (၉-၁၁-၂၀၀၀) ဖြစ်ပါကြောင်းနှင့် ၎င်း၏မိဘအမည်မှန်မှာ ဦးစိုင်းဖုန်း(ခ) ဦးအိုက်ခမ်းဖုန်းနှင့် နန်းပွဲဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁-၂၀၁၅ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၆) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံမြောက်မြို့နယ် GP ဒေါ်တင်တင်စိုး၏ ဂရန်မိတ္တူတွင် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ နန်းဝိုဟွမ်ဆေး၏ ဖခင်အမည်မှန်မှာ ဦးသြနန္ဒ[၁၃/မပတ(နိုင်)၀၂၄၁၀၆] ဖြစ်ပါကြောင်း။

**ဦးသြနန္ဒ**

***လူငယ်- ရိုးသား ကြိုးစားလိုသူများအတွက်***

**တစ်လ အသားတင် ၉၀၀၀၀ိ/- စုနိုင်မယ်။**

**(စားစရိတ်ငြိမ်း၊နေစရိတ်ငြိမ်း)လုပ်ငန်းကျွမ်းကျင်ရန်မလိုပါ။**

**အသက်(၂၅)နှစ်နှင့်အောက်များသာ။**

**အိမ်ထောင်မရှိသူဖြစ်ရမည်။ ရန်ကုန်တွင်နေရမည်။**

**သန့်ရှင်းရေး၊ အချက်အပြုတ်ကူလုပ်ရမည်။**

**PH: 09-960061811**

## High Development Construction (HDC Co.,Ltd)

**ဝန်ထမ်းအလိုရှိသည် (ရန်ကုန်မြို့တွင်းသာခန့်ထားရန်)**

(1) Project Engineer ကျား (၂) ဦး
B.E (Civil)
လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်

(2) Site Engineer ကျား (၄) ဦး
B.E (Civil), B.Tech(Civil),A.G.T.I(Civil)
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်

(3) Q.S Engineer မ (၂) ဦး
B.E(Civil), B.Tech(Civil),A.G.T.I(Civil)
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်

No(1,2,3)အတွက် Englishစကား ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ရမည်။ အရည်အချင်းပေါ်မူတည်ပြီး လစာညှိနှိုင်းပေးမည်။ လျှောက်ထားလိုသူများသည် စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အမှတ်(၁၂၂၇/B)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖုန်း: ၀၁-၅၆၉၃၁၆၊ ၀၉-၂၅၀၃၅၆၉၀၊ ၀၉-၄၂၈၁၃၇၀၉၀**

## ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့၊ မိုင်းပုအွန်၊ အထက(ခွဲ)၊ တက္ကဝင်တန်းမှ မမိုးမိုးဦး၏ ဖခင်အမည်မှန်မှာ ဦးစန်းအောင်[၁၄/ဝခမ(နိုင်)၃၀၇၁၁၀] ဖြစ်ပါကြောင်း။

**ဦးစန်းအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းပျဉ်းမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ စိုင်းအောင်ရွှေ၏ ဖခင်အမည်မှာ ဦးအိုက်ကံ(ခ) ဦးပညာ [၁၃/မပတ(နိုင်)၀၂၁၀၅၉] ဖြစ်ပါကြောင်း။

**ဦးအိုက်ကံ(ခ)ဦးပညာ**



## မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် "AMERICAN COLLEGE PROGRAM" အကြောင်းဆွေးနွေးပွဲ

အမေရိကန်ပြည်ထောင်စု IOWA ပြည်နယ် အခြေစိုက် ACT Education Solution Limited နှင့် မြန်မာနိုင်ငံမှ CROWN Education တို့ ပူးပေါင်းဖွင့်လှစ်မည့် အမေရိကန် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားမည့် ပရိုဂရမ်ဖြစ်ပါသည်။

- မြန်မာနိုင်ငံတွင် (၁၀)လသင်ယူကာ ကမ္ဘာတစ်ဝှမ်းရှိ အမေရိကန်၊ဩစတြေးလျ၊ကနေဒါ၊စင်ကာပူ၊အင်္ဂလန်တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် ဝင်ခွင့်လျှောက်ထားနိုင်ခြင်း -----
- စင်ကာပူနှင့်ယိုးဒယားတက္ကသိုလ်များ၏ ဒုတိယနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည့် မြန်မာနိုင်ငံမှ တစ်ခုတည်းသော Foundation Program ဖြစ်ခြင်း -----
- ထူးချွန်သော ကျောင်းသားကျောင်းသူများအတွက် အမေရိကန်နှင့် အင်္ဂလန်တက္ကသိုလ်များတွင် ပညာသင်ဆုရရှိနိုင်ခြင်း -----
- GCE 'A' အဆင့်နှင့် ညီမျှပြီး အင်္ဂလန်တက္ကသိုလ်များ၏ ပထမနှစ်သို့ တိုက်ရိုက် လျှောက်ထားနိုင်ခြင်း -----
- SAT နှင့် IELTS ကို သီးခြား တက်ရောက်သင်ယူရန် မလိုအပ်တော့ခြင်း -----
- အမေရိကန်သင်ရိုးညွှန်းတမ်းဖြင့် ပြည်တွင်းပြည်ပမှ ဝါရင့်ဆရာ၊ဆရာမများ ပူးပေါင်းသင်ကြားပေးခြင်း -----

GLOBAL ASSESSMENT CERTIFICATE

CROWN EDUCATION Yangon . Myanmar

**ADMISSION TALK**

Date : 26 Sep (Sat) - 2015
Time : 10:00 am to 12:00 noon
Venue : CROWN Edu: Office

အမေရိကန်မှ Credit စနစ်ဖြင့် ပေးအပ်မည့် GLOBAL ASSESSMENT CERTIFICATE

Call us: 01 527 838, 09 730 40 688, 09 732 56 965, 09 732 732 77

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၃၂၂)၊ မြေကွက်တည်နေရာအမှတ်(၃၂၂)၊ (၂၆)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သန်းစိန်၊ ဒေါ်နွဲ့နွဲ့ဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းစိန်(မိခင်)၊ ဦးခင်မောင်(ဖခင်) အသီးသီးကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်ခင်သန်းဦး[၁၂/ဥကတ(နိုင်)၁၆၆၃၆၆]၊ ဒေါ်ခင်သန်းလတ် [၁၂/ဥကတ(နိုင်)၁၇၀၅၉၆]တို့က ကတိသစ္စာပြုလွှာ ၃-၃၅၈၈/၁၃(၂၁-၁၁-၂၀၁၃)တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းနှင့်ပူးတွဲ၍ ၎င်းတို့၏ကိုယ်စား ကိုယ်စားလှယ်လွှဲစာ(၂၀၄၆၄/၁၃)ဖြင့် GPရသူ ဦးဇော်ဝင်း[၁၂/ဗတထ(နိုင်)၀၀၁၉၉၆]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ယနေ့ထက်တိုင် ပါဝါရုတ်သိမ်းသေးခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာ ၃-၄၉၄၄/၁၃(၉-၁၂-၁၃)တင်ပြပြီး မြေစာရင်းမှတ်ချက်ရှိ (၉၈)အရောင်းမြေပုံအား လျှောက်ထားခဲ့ပြီး ထုတ်ယူခဲ့ခြင်းမရှိကြောင်း ၎င်းတို့(၃)ဦးမှ ကတိသစ္စာပြုလွှာ ၆၇၅၂/၁၁-၁၁-၁၄ဖြင့် ရှင်းလင်းတင်ပြပြီး GP ဦးဇော်ဝင်းမှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "LOTUS"အမည်နှင့်ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်၂၁၃/၂၁၇နေ ဒေါ်မြမြသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်။

LOTUS

Bed & Breakfast

အထက်ဖော်ပြပါ အမည်ဖြင့် ကုန်အမှတ်တံဆိပ်လုပ်ငန်းတို့ကို ဒေါ်မြမြသန်း တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၉၄၅၈/၂၀၁၅ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "LOTUS" "Bed & Breakfast"ဟူသော စာသားကို လွန်ခဲ့သော (၁)နှစ်ကျော်မှစတင်၍ သုံးစွဲလုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်ပါသည်။ အဆိုပါအမည်နှင့် ကုန်အမှတ်တံဆိပ်၏ အဓိကလုပ်ငန်းမှာ ပြည်ပနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ ညအိပ်ညနေတည်းခိုရန်အတွက် တည်ထောင်ထားသော လုပ်ငန်းဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို ဒေါ်မြမြသန်းမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ လူအများအဖွဲ့အစည်းအသိုင်းအဝိုင်းနှင့်ဖြစ်စေ၊ အဆိုပါလုပ်ငန်းနှင့် ကုန်အမှတ်တံဆိပ်တို့ကို အများထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူးယိုးမှား တုပလုပ်ကိုင်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တိုက်ရိုက်သုံးစွဲလုပ်ကိုင်ခြင်းစသည်တို့ကို လုံးဝမပြုလုပ်ကြရန် သတိပေးကြေညာလိုက်သည်။ အထက်ပါ ကြေညာချက်ကို မလိုက်နာဘဲ ဒေါ်မြမြသန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မည်သည့်ပြုလုပ်မှုကိုမဆို ပြုလုပ်ခဲ့ပါက ပြုလုပ်သူမည်သူကိုမဆို ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးဌေးလှိုင်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၉)**
**ဦးအောင်မျိုးထက်** — **အထက်တန်းရှေ့နေ(စဉ်-၃၄၀၀၅)**

**အမှတ်(၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၇၈၆၀၁**

## ဦးမျိုးသက်ထွန်း(မြတ်ခေမာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဒါရိုက်တာ)နှင့် ဦးသောင်းညွန့် B.A(Eco),H.G.P.,RL တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၂၇)တို့၏ (၈-၉-၂၀၁၅)ရက်စွဲပါ ကြေးမုံသတင်းစာ ကြေညာချက်နှင့်ပတ်သက်၍ ရှင်းလင်းပြန်ကြားခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၃၄၀)နေ၊ ဒေါ်ခင်အေး[၁၂/လမန(နိုင်)၀၉၀၂၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းပြန်ကြားပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် မြတ်ခေမာကုမ္ပဏီတို့ ၁၉-၉-၂၀၁၃ရက်က ချုပ်ဆိုခဲ့သော "လုပ်ငန်းအပ်နှံ၊ လက်ခံကတိစာချုပ်"သည် နှစ်ဖက်သဘောတူဖျက်သိမ်းခြင်း မပြုရသေးသော်လည်း ထိုစဉ်က လုပ်ငန်းလက်ခံသူမန်နေဂျင်း ဒါရိုက်တာ"ဦးအောင်ဝင်း"က ယင်းစာချုပ်မှာ ပျက်ပြယ်ကြောင်း သဘောတူခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် မြတ်ခေမာကုမ္ပဏီသည် စာချုပ်အမှတ်စဉ်(၁)အပိုဒ်ခွဲ(၂)တွင် ဖော်ပြထားသော အဆောက်အအုံဆောက်လုပ်ရန် မြေတိုင်းတာ လျှောက်ထားခြင်းမှစ၍ မြေပိုင်ဆိုင်မှုကိစ္စ C.map,D mapလျှောက်ထားခြင်း၊ မြေစမ်းသပ်ခြင်း၊ (SoilTest)အဆောက်အအုံရေးဆွဲခြင်း၊ ဆောက်လုပ်ခွင့် တင်ခြင်းတို့ကိုလည်းကောင်း၊ အပိုဒ်ခွဲ(၄)ပါ လုပ်ငန်းလက်ခံသူက လုပ်ငန်းအပ်နှံသူ(မြေရှင်)မိသားစု ပြောင်းရွှေ့နေထိုင် စရိတ်အဖြစ် ငွေ ၃၀၀၀၀၀ိ/-(ကျပ်သိန်းသုံးဆယ်တိတိ)ကို မထောက်ပံ့ခဲ့သည့်အပြင် အလျှော်ငွေ ၃၀၀၀၀၀ိ/-(ကျပ်သိန်းသုံးဆယ်တိတိ)ကိုလည်း ပေးအပ်ခဲ့ခြင်းမရှိပါ။ စာချုပ်အမှတ်စဉ်(၃)ပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အိမ်ဆောက်လုပ်ခွင့်ပြုချက်ရအောင်လည်း လုံးဝဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။

လူကြီးမင်း၏ ကြေးမုံသတင်းစာ စာပိုဒ်(၂)ကြေညာချက်တွင် ဖော်ပြထားသော "မြေရှင်မှ မြေပိုင်ဆိုင်မှုကို ပိုမိုခိုင်မာစေရန် ဆောင်ရွက်ရန်ရှိသဖြင့် ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်နေသည့်ကိစ္စများကို ခေတ္တစောင့်ပေးပါရန် ပြောကြားသဖြင့် ကုမ္ပဏီဘက်မှ စောင့်ပေးခဲ့ရပါသည်" ဆိုသော အချက်သည်လည်း လုံးဝမှန်ကန်မှုမရှိပါ။ ကုမ္ပဏီဘက်မှ ပျက်ကွက်မှုကို ဖုံးကွယ်လို၍ ကျွန်ုပ်၏မိတ်ဆွေအပေါ် မမှန်မကန်ဖော်ပြခြင်းသာ ဖြစ်ပါသည်။

လူကြီးမင်းကုမ္ပဏီသည် ကျွန်ုပ်၏မိတ်ဆွေနှင့် ၁၉-၉-၂၀၁၃ရက်စွဲပါ စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် လုံးဝဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် စာချုပ်ပါအတိုင်း ကုမ္ပဏီဘက်မှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ခြင်းမရှိသဖြင့် စာချုပ် ဖောက်ဖျက်သူမှာ လူကြီးမင်း၏ ကုမ္ပဏီဖြစ်ပါသည်။ ထို့အပြင်လူကြီးမင်းကုမ္ပဏီနှင့် ကျွန်ုပ်မိတ်ဆွေတို့ စာချုပ်ချုပ်ဆိုစဉ်က လုပ်ငန်း လက်ခံသူမှာ မန်နေဂျင်းဒါရိုက်တာ"ဦးအောင်ဝင်း"ဖြစ်ပါသည်။ လူကြီးမင်းမှာ သက်သေတစ်ဦးသာဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်း၏ ကြေညာချက်သည် အလိုအလျောက် ပျက်ပြယ်နေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသည် လူကြီးမင်းကုမ္ပဏီ၏ တောင်းဆိုချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်မရှိကြောင်း အကြောင်းပြန်ကြား သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်အောင် (ခေတ္တရာ) LL.B,DML တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၀၈/၈၉)**
**(လွှတ်တော်ရှေ့နေ မောင်ကောင်းဖေ Property Law Firm)**
**ဖုန်း-၀၉-၇၃၀၁၉၅၀၆၊ ၀၉-၂၅၁၀၀၅၀၈၉**
**အမှတ်(၈၃/၁၅)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ၃၀-၈-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၆)ပါ တရားလွှတ်တော်ရှေ့နေဦးမောင်မောင်စိုး(စဉ်-၂၂၈၉)၊ ဦးမောင်မောင်စော (စဉ်-၇၀၇၂)၊ ဒေါ်ဝါဝါဝင်းသစ် (စဉ်- ၇၁၇၈) နှင့် ဦးမျိုးမြင့်ဝေ (BHO-005003)တို့မှ ဦးစိုးညွန့်[၁၂/ဗတထ(နိုင်)၀၂၉၃၀၄]၊ ဒေါ်မြင့်မြင့်ဝေ[၁၂/ဗတထ(နိုင်)၀၂၉၂၈၄]နှင့်အများသိစေရန် ကြော်ငြာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၆၃)လမ်း၊ အမှတ်(၁၈)၊ တတိယထပ်၊ ခြေရင်းခြမ်းနေ ကျွန်ုပ်မိတ်ဆွေဦးစိုးညွန့်[၁၂/ဗတထ(နိုင်)၀၂၉၃၀၄]နှင့် ဒေါ်မြင့်မြင့်ဝေ [၁၂/ဗတထ (နိုင်)၀၂၉၂၈၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူအားလုံး သိရှိနားလည်စေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၆၃)လမ်း၊ အမှတ်(၁၈)၊ ပထမထပ်၊ (ဝဲယာ) တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လက်ရောက်လွှဲပြောင်းပေးအပ် ရောင်းချခဲ့ခြင်းမရှိပါ။

ဦးမျိုးမြင့်ဝေထံမှ ၂၂-၃-၂၀၁၂ ရက်တွင် အထက်ဖော်ပြပါ တိုက်ခန်းနှစ်ခန်းအား (၉%) အတိုးဖြင့် ငွေကျပ် (၁၃၀၀၀၀၀၀) (ကျပ်သိန်းတစ်ရာ့သုံးဆယ်တိတိ) ချေးငှားခဲ့ရာ (၆) လစာအတိုးနှင့်ပေါင်း၍ တိုးရင်းပေါင်း (၂၀၀၂၀၀၀၀) (ကျပ်သိန်းနှစ်ရာနှင့် နှစ်သောင်းတိတိ)အနက် ကျပ်(၂၀၀၀၀) (ကျပ်နှစ်သောင်းတိတိ)အား ဦးမျိုးမြင့်ဝေသို့ ပြန်လည်ပေးအပ်ခဲ့သည့်အတွက် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ကို ကျပ်(၂၀၀၀၀၀၀၀) (ကျပ်သိန်းနှစ်ရာတိတိ)ဟု မမှန်မကန် ချုပ်ဆိုပေးထားရခြင်းသာရှိပါသည်။

ယင်းနောက်ပိုင်း ၁၈-၂-၂၀၁၄ရက်တွင် ဦးမျိုးမြင့်ဝေ၏ဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့် [၁၂/ကတတ(နိုင်)၀၁၀၄၉၆]အမည်ဖြင့် ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၃)လမ်း၊ အမှတ်(၁၈)၊ ပထမထပ်(ဝဲ) ရှိ (လူနေခွင့်လျှောက်ထားဆဲ) တိုက်ခန်းတစ်ခုတည်းအား သီးခြားခွဲ၍ အတိုးနှုန်းများ ထပ်ဆင့်ပေါင်းထည့်ကာ ငွေကျပ် (၄၀၀၀၀၀၀၀) (ကျပ်သိန်းလေးရာတိတိ)ဖြင့် တိုက်ခန်းအား အရောင်းအဝယ် ကတိစာချုပ် ထပ်မံချုပ်ဆိုစေခိုင်းရုံမျှမက ၂၅-၂-၂၀၁၅ ရက်တွင် ကျွန်ုပ်မိတ်ဆွေ မောင်နှမအား အတင်းအကြပ်ဖိအားပေးခြိမ်းခြောက်ကာ သင့်မိတ်ဆွေ ဦးသန်းထွန်း[၁၂/ဥကတ(နိုင်)၀၂၅၇၅၂]နှင့်ဇနီး ဒေါ်ခင်အုန်းမြင့်[၁၂/ကတတ(နိုင်) ၀၁၀၄ ၉၆] တို့အား အသိသက်သေအဖြစ်ထားကာ ကတိဝန်ခံချက်စာချုပ်ကို စေခိုင်းချုပ်ဆိုခဲ့ကြသည်ကို သင်တို့ကိုယ်တိုင် သိရှိထားကြပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများသည် ဦးမျိုးမြင့်ဝေနှင့်ဇနီး ဒေါ်ခင်အုန်းမြင့်တို့အား အမှန်တကယ် တိုက်ခန်းရောင်းဝယ်ခဲ့ကြခြင်းမရှိဘဲ အတိုးပေါ်အတိုးများဆင့်၍ တိုက်ခန်းအရောင်းအဝယ်စာချုပ်များထပ်ကာ(ထပ်ကာ) ချုပ်ဆိုမမှန်မကန် ကြော်ငြာချက်များသည် ကျွန်ုပ်မိတ်ဆွေများအတွက် ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာစေပါသဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တောင်းပန်ပြီး ၃၀-၈-၂၀၁၅ရက်စွဲပါ ကြော်ငြာချက်ကို ပြန်လည်ရုပ်သိမ်းပေးရန် အတိအလင်း အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ဦးမျိုးမြင့်ဝေသည် ဦးစိုးညွန့်နှင့် ဒေါ်မြင့်မြင့်ဝေတို့အား မမှန်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဦးမျိုးမြင့်ဝေနှင့်တကွ ဆက်စပ်နေသော ဒေါ်ခင်အုန်းမြင့်၊ ဦးသန်းထွန်းတို့အပေါ် တရားဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၅)**
**(၄/၂၅၈)၊ သုနန္ဒာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၂၂၁၉၉၈၊ ၀၉-၃၁၁၂၄၂၃၅၊ ၀၉-၂၅၂၀၉၁၄၃၂**

